# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၂) ရက် ၊ တနင်္ဂနွေနေ့ ၊ (22-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၆၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H. E. Mr. Chen Hai တို့က တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**မြန်မာနိုင်ငံအနေဖြင့် မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်ဟူသည့်အတိုင်း အိမ်နီးချင်းကောင်းပီသစွာ တရုတ်တစ်နိုင်ငံတည်းမူဝါဒ(One China Policy)ကို အစဉ်ထောက်ခံရပ်တည်လျက်ရှိကြောင်းကို ပြောကြားလို…**

**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏဥ္ဈကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H. E. Mr. Chen Hai၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တရုတ်ရိုးရာနဂါးအကအဖွဲ့များနှင့် ခြင်္သေ့အကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များ၊ ပန်းဖွားအကအဖွဲ့များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# တိုင်းရေမြစ်ကြောင်းတစ်လျှောက် ပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှု

နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုကို ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တစ်ဖက်တစ်လမ်းက ကူညီဖြည့်ဆည်းပေးနိုင်ရန်အတွက် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များက ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများရှိ ဆေးရုံ၊ ဆေးခန်းများတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို သွားရောက်၍ဆေးကုသမှုဆောင်ရွက်ပေးခဲ့ကြသည်ကို တွေ့ရသည်။

ထိုသို့ ဆေးကုသမှုဆောင်ရွက်ရာတွင် တပ်မတော်အရာရှိ၊ စစ်သည်ကျွမ်းကျင်သူများအပြင် ဆေးဘက်ဆိုင်ရာဆေးဝါးများကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများပါဝင်သည့် ရွေ့လျားဆေးကုသမှုယာဉ်များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရေလမ်းကြောင်းတစ်ခုတည်းသာ အားကိုးအားထားပြုပြီး သွားလာရသည့်နေရာများသို့လည်း သွားရောက်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု)တို့သည် ဇန်နဝါရီ ၁၇ ရက်မှစ၍ နယ်လှည့်ဆေးကုသမှုဆောင်ရွက်နိုင်ရန် ထွက်ခွာလာခဲ့ကြခြင်းဖြစ်သည်။

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွား၊ မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်းလည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဇန်နဝါရီ ၁၈ ရက်ကစ၍ ဆောင်ရွက်လျက်ရှိပြီး **X-Ray** ရိုက်ခြင်း၊ **Ultrasound** ရိုက်ခြင်းနှင့် ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန်အတွက် ဆေးရုံယာဉ်ပေါ်တွင် လူနာဦးရေ ၃၀ ထိ တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များဖြင့်လည်း ကျန်းမာရေးပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ ဇန်နဝါရီ ၂၁ရက်တွင်လည်း ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ဆက်လက်၍ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။

ထိုသို့တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ၏ ပြည်သူ့အကျိုးကိုရှေးရှု၍ ကျန်းမာရေးစောင့်ရှောက်မှုကို အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် ပြည်သူများ၏ကျန်းမာရေးကို အထောက်အကူပြုနိုင်ပေမည်။ အချိန်မီကုသနိုင်မှုတို့ကြောင့်လည်း ပြည်သူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ပေမည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် ပြည်သူတို့၏ကျန်းမာရေးနှင့်သဘာဝဘေးများမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိသည်။ ယခု ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးကိုလည်း စေတနာတရား၊ အကြင်နာတရားအပြည့်ဖြင့် ဆက်လက်ကြိုးပမ်းစောင့်ရှောက်သွားမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၁၃၅၀၇ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့မှာ မန္တလေးတောင်တော်ကို နယ်စုံဒေသက ဘုရားဖူးတွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့က ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် ဘုရားဖူးတွေဟာ စောင်းတန်းကကော၊ ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးဦးရေ တိုးလာပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကြည့်ရှုခံစားကြပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၇၂၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၁၀၁၁၉ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၆၆၈ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးဈေးကွက်တွင် ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပြည်တွင်းဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ် ကောင်းမွန်သည့်အပြင် ဈေးကောင်းလည်း ရရှိနေကြောင်း၊ ထိုသို့ ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းများပါ မြင့်တက်လာခဲ့ကြောင်း သိရသည်။

"အခုမန္တလေးဈေးကွက်ထဲမှာ ကြက်သွန်ဖြူတွေကို ကုန်သည်တွေ အနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ချက်ချင်းဆိုသလိုဈေးကောင်း ပြန်ရလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ပြည်တွင်း၌ ဇန်နဝါရီလပထမပတ်က ကြက်သွန်ဖြူ အဝယ်မလိုက်ခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်သာရှိခဲ့သော်လည်း ယခုအခါ အဝယ်ပြန်လိုက်လာခြင်းကြောင့် ဇန်နဝါရီ ၂၀ ရက်ပေါက်ဈေးအရ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိရှိလာပြီး ဈေးကောင်းပြန်ရလာကြောင်း သိရသည်။

"အခုလတ်တလော မိုးရွာကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူ အသစ်တွေလဲ လက်ကျန်ရှားနေတော့ ဈေးကောင်းပြန်ရလာတယ်"ဟု အောင် ကြက်သွန်နှင့်အာလူး ပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ယခုနှစ် ကြံရာသီ၌ ပြည်တွင်းဝယ်ယူသုံးစွဲမှု များလာခြင်းကြောင့် သကြားဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၂၁**

ယခုနှစ် ကြံရာသီ၌ ပြည်တွင်းဝယ်ယူသုံးစွဲမှု များလာခြင်းကြောင့် သကြားဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

လက်ရှိကြံရာသီတွင် သကြားစက်ရုံများသည် ဒီဇင်ဘာလအတွင်းမှစ၍ စတင်ကြိတ်ခွဲမှုများ ပြုလုပ်ပြီး လည်ပတ်နေကြသည့်အတွက် ဈေးကွက်အတွင်းသို့ သကြားအသစ်များ ဝင်ရောက်လာကြောင်း၊ သကြားအသစ်များကို ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံများက ဝယ်ယူမှုများလာခြင်းကြောင့် ဈေးကောင်းရရှိနေပြီး လက်ရှိ သကြားဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ထိရရှိနေကြောင်း သိရသည်။

"လက်ရှိ ပြည်တွင်းသကြားဈေးကွက်မှာ သကြားဈေးတက်သွားပါတယ်။ သကြားဈေးတက်ပြီး ဈေးကောင်းလာတာကလဲ ပြည်တွင်းမှာရှိတဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ မုန့်လုပ်ငန်းတွေ ပြန်လည်ပတ်လာတာကြောင့် ဖြစ်ပါတယ်။ ပြည်တွင်းလိုအပ်ချက် များလာပါတယ်။ လုပ်ငန်းတွေ ပြန်လည်ပတ်လာတာကြောင့် ပြည်တွင်း ဝယ်လိုအားတွေ များလာပြီးတော့ သကြားတွေ ဈေးကောင်းရရှိနေတာပါ။ သကြားဈေးနှုန်းက အရင်နှစ်ထက် တက်လာတယ်။ မနှစ်က သကြားဈေးက တစ်ပိဿာကို ငွေကျပ် ၁၀၀၀ ကျော်ပဲရှိပါတယ်။ အခုကြံရာသီမှာတော့ သကြားတစ်ပိဿာကို ငွေကျပ် ၂၆၀၀ နဲ့ ရောင်းချနေရပြီး ဈေးကောင်းရရှိနေပါတယ်။ သကြားက ပြည်တွင်းစားသုံးမှုဖူလုံရေးကို အဓိကဦးတည် ဆောင်ရွက်နေတာပါ။ ပြည်တွင်းဖူလုံရင်တော့ ပြည်ပကို တင်ပို့ပါတယ်"ဟု မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြသည်။

မြန်မာနိုင်ငံတွင် ကြံစိုက်ဧကပေါင်း ၄၅၀၀၀၀ မှ ၅၀၀၀၀၀ ထိ ရှိကြောင်း၊ ထွက်ရှိသည့် သကြားတန်ချိန်အနေဖြင့် တစ်နှစ်လျှင် တန်ချိန် ၄၅၀၀၀၀ ထွက်ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် လည်ပတ်နေသည့် ကြံ၊ သကြားစက်ရုံပေါင်း ၁၉ ရုံရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးမိတ်ခရိုင် မိုးကုတ်-စီဦးလမ်း(ကုန်းဝက်-စီဦး)လမ်းပိုင်း ကတ္တရာခင်းခြင်းနှင့် လမ်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုးမိတ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် လမ်းဦးစီးဌာနက မိုးကုတ်-စီဦးလမ်း(ကုန်းဝက်-စီဦး) လမ်းပိုင်း ကတ္တရာခင်းခြင်းနှင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် လမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကိုဦးနှင့် တာဝန်ရှိသူများက မိုးကုတ်-စီဦးလမ်း (ကုန်းဝက်-စီဦး) လမ်းပိုင်းတွင် ကတ္တရာခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ သစ်သားတံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ ကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို လိုက်လံရှင်းလင်းပြသသည်။

မိုးကုတ်-စီဦး(ကုန်းဝက်-စီဦး) လမ်းပိုင်း မိုင်တိုင်အမှတ်(၄၇/၀)မှ (၅၀/၄)ထိ အရှည်သုံးမိုင်လေးဖာလုံ ပေ ၆၀၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် မိုင်တိုင်အမှတ်(၇၁/၇) မှ (၇၃/ ၃) ထိ အရှည်တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး၊ ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၂၂၀ ဒသမ ၂၅ သန်းဖြင့်လည်းကောင်း၊ မိုင်တိုင်အမှတ်(၁၆/၀)မှ (၂၄/၀) အတွင်း အရှည်သုံးမိုင်၊ အကျယ် ၁၂ ပေနှင့် မိုင်တိုင်အမှတ်(၆၁/၀) မှ (၆၃/၀)အတွင်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ မိုင်တိုင်အမှတ် (၂၉/၀)မှ (၂၉/၂) အတွင်းအရှည်ပေ ၈၀၀ ရှိ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း၊ သာမန်ပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် သစ်သားတံတား ကိုးစင်းပြုပြင်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၈၇၉ ဒသမ ၅၇ သန်းဖြင့်လည်းကောင်း မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ် လမ်းဦးစီးဌာနတို့က ၂၀၂၂ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကိုဦးထံမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေး ချမ်းအေးသာစံမြို့နယ် ရွှေလုံရပ်ကွက်နေ ဦးသက်တင်-ဒေါ်တင်ရီမိသားစုက ဆေး ပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀၊ လူနာတင်ခုတင် တစ်လုံး၊ ချွဲစုပ်စက်တစ်လုံး၊ အပူပေးစက်တစ်လုံးတို့ကို လှူဒါန်းရာ တာဝန်ကျဆရာမ ဒေါ်ဝါဝါမင်းက လက်ခံရယူစဉ်။

# ကျွန်းလှမြို့နယ်တွင် မိုးစပါး ၃၄၀၉၃ ဧက ရိတ်သိမ်းပြီးစီး



**ကျွန်းလှ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၃၄၀၉၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါး ၂၉၄၉၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၃၄၀၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မိုးစပါး ၃၄၀၉၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ရာ တစ်ဧကလျှင် ပျမ်းမျှ ၇၃ ဒသမ ၄၇ တင်းထွက်ရှိကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ မိုးစပါး စိုက်ပျိုးရာသီ မိုးစပါးဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဒါပေမဲ့ ၃၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့တယ်။ မိုးစပါးလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ အခုလက်ရှိမှာ စိုက်ပျိုးထားတဲ့ မိုးစပါးတွေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် ဒေသနှင့်ရာသီဥတုကိုက်ညီသည့် ရောမင်း၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ စပါးမျိုးများကို စိုက်ပျိုးကြကြောင်း၊ ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါး စိုက်ပျိုးမှုအနေဖြင့် ရောမင်း ၁၄၄၁၇ ဧက၊ မနောသုခ ၉၃၃၈ ဧက၊ ဆင်းသုခ ၇၃၈၇ ဧက၊ ရွှေသွယ်ရင် ၂၉၅၁ ဧက စုစုပေါင်း ၃၄၀၉၃ ဧက ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# သရက်ချောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းညှိနှိုင်းစည်းဝေး

**သရက်ချောင်း ဇန်နဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန်ရည်ရွယ်၍ မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ အရင်း၊ အတိုး၊ နေ့ချင်းပြီး ထုတ်ချေးနိုင်ရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာထားရှိရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါ မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ညှိနှိုင်းစည်းဝေးပွဲသို့ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့်ဝန်ထမ်းများ၊ မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များတက်ရောက်ကြကြောင်း သိရသည်။

**ကိုမြည့်**

# သရက်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စတီးဂဟေဆက်သင်တန်းဆင်းပွဲ ကျင်းပ

**သရက် ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စတီးဂဟေဆက် သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စတီးဂဟေဆက်သင်တန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ သင်တန်းကရရှိလာသည့် ပညာရပ်များဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိစွာ အသုံးပြုနိုင်သည်ထိ သင်ကြားပေးခဲ့သည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများကို အမှတ်တရပစ္စည်းများပေးအပ်ပြီး သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါ စတီးဂဟေဆက်သင်တန်းကို သရက်မြို့နယ်အတွင်းရှိ ဒေသအသီးသီးမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး ကျွမ်းကျင်သင်တန်းနည်းပြများကို ငှားရမ်းကာ စတီးပန်းတံခါးပြုလုပ်တပ်ဆင်ခြင်း၊ စတီးဗီရိုပြုလုပ်ခြင်း၊ စတီးဗိုင်တင်စင်ပြုလုပ်ခြင်း၊ စတီးစားပွဲ၊ စတီးကုလားထိုင်ပြုလုပ်ခြင်း ဒီဇိုင်းပညာဘာသာရပ်ငါးမျိုးကို စာတွေ့၊ လက်တွေ့ဖြင့် ဇန်နဝါရီ ၆ ရက်မှ ဇန်နဝါရီ ၂၀ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပေးခဲ့ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**ကိုညီ**



# ချစ်ကြည်ရင်းနှီးမှုပိုစေသော တရုတ်နှစ်သစ်ကူး

စိုးဝင်းလ




ယခုနှစ်တွင် ဇန်နဝါရီ ၂၂ ရက်သည် တရုတ်နှစ်သစ်ကူးနေ့ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် တုန်းကတော့ တရုတ်နှစ်သစ်ကူးသည် ဖေဖော်ဝါရီ ၁ ရက်တွင် ကျရောက်ခဲ့သည်။ တရုတ်နှစ်သစ်ကူးပွဲသည် တစ်နှစ်နှင့်တစ်နှစ် ကျင်းပသည့်ရက် တူညီမှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် တရုတ်ရိုးရာပြက္ခဒိန်အရ ကျင်းပသောကြောင့်ဖြစ်သည်။ တရုတ်နှစ်သစ်ကူးသည် တရုတ်လူမျိုးများအဖို့ တစ်နှစ်အတွင်း အရေးပါသည့် ရိုးရာပွဲတော်တစ်ရပ်ဖြစ်သည်။ တရုတ်ပြက္ခဒိန်မှာ နွေဦးရာသီဖြင့် စတင်သောကြောင့် နှစ်ကူးပွဲကို တရုတ်ဘာသာဖြင့် ချွန်းဂျယ်(Chun Jie) ဟုခေါ်ပြီး မြန်မာလိုဘာသာပြန်လျှင် "နွေဦးရာသီပွဲတော်" ဟု အဓိပ္ပာယ်ရပါသည်။ တရုတ်ရိုးရာပွဲတော်များတွင် ကာလအရှည်ကြာဆုံးပွဲတော်ဖြစ်ပြီး ယခုနှစ်အတွက် ပွဲတော်ရက်မှာ နှစ်ကူးအကြို ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်ထိဖြစ်ကြောင်း သိရှိရသည်။

တရုတ်နှစ်သစ်ကူးပွဲသည် မြန်မာနှစ်ကူးပွဲကဲ့သို့ပင် နှစ်ဟောင်းက မကောင်းသည့်အရာများ၊ အညစ်အကြေးများကို ဆေးကြောရှင်းလင်း၍ နှစ်သစ်တွင် ကံကောင်းခြင်းများရရှိစေခြင်းအလို့ငှာ ရည်ရွယ်၍ ကျင်းပကြခြင်းပင်ဖြစ်ပါသည်။ တရုတ်ရိုးရာ ဒဏ္ဍာရီပုံပြင်များအရ ရှေးအခါက ရက်စက်ကြမ်းတမ်းပြီး လူသားတွေကို သတ်ဖြတ်စားသောက်တတ်တဲ့ နရန်(Nian) လို့ခေါ်တဲ့ သတ္တဝါကြီးဟာ နှစ်စဉ် ဆောင်းအကုန် နွေအကူးကာလတွင် အစာရှာထွက်လေ့ရှိပါသည်။ ထိုသတ္တဝါကြီးကို ကြောက်ရွံ့တဲ့အတွက် လူအများဟာ ထိုကာလတွင် အစားအစာများ ကြိုတင်စုဆောင်း၍ အိမ်တံခါးပိတ်ကာ ပုန်းအောင်းနေကြရပါသည်။ တစ်ခုသော ဆောင်းအကုန် နွေအကူးကာလမှာတော့ နရန်(Nian)ဟာ လူတွေကိုရန်ရှာဖို့ ထွက်လာတဲ့အခါ ရွာတစ်ရွာအရောက်မှာတော့ ကလေးများက ဖြောက်အိုးဖောက်ကစားနေတာနဲ့ကြုံကာ ဖြောက်အိုးကွဲသံကို ကြောက်လန့်၍ ပြန်လှည့်ပြေးပြီး အခြားရွာကို ထွက်ခွာသွားခဲ့ပါတယ်။ နောက်တစ်ရွာရောက်တော့ အိမ်တစ်အိမ်မှာ အဝတ်နီနီတွေလှန်းထားတာ တွေ့ရှိရပြီး နရန်(Nian)ဟာ နီမြန်းတဲ့အရောင်ကို ကြောက်လန့်ပြီး ထွက်ပြေးပြန်ပါတယ်။ အဲဒီလိုနဲ့ နောက်တစ်ရွာရောက်ပြန်တော့ လူတွေကမီးပုံကြီးနားမှာ စုထိုင်နေကြတာတွေ့ပါတယ်။ နရန်(Nian) ဟာ စူးရှတဲ့ မီးရောင်ကိုလည်း မခံနိုင်ဘဲ ရှောင်ပြေးခဲ့ရပြန်ပါတယ်။ နောက်ဆုံးတော့ နရန်(Nian)ဟာ ထိုနှစ်တွင် လူသားမစားရဘဲ တောထဲပြန်ဝင်သွားခဲ့ရပါတယ်။ ဒီမှာပဲ လူသားတွေက နရန်(Nian)ကို မောင်းထုတ်နိုင်တဲ့ နည်းလမ်းရသွားခဲ့ပြီး ထိုအချိန်မှစ၍ နှစ်ကုန်နောက်ဆုံးရက်တိုင်းမှာ အိမ်တိုင်းရဲ့ တံခါးမကြီးတွေမှာ အနီရောင်စက္ကူများကပ်ခြင်း၊ မီးပုံးနီနီများချိတ်ဆွဲခြင်း၊ အိုးစည်ဗုံမောင်းများတီးခတ်ခြင်းနှင့် ဖြောက်အိုးဖောက်ခြင်းများကို ပွဲတော်တစ်ရပ်အနေနဲ့ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲခဲ့ကြသည်ဟု ဆိုပါသည်။ သို့ဖြင့် ထိုပွဲတော်ကို ဆောင်းအကုန် နွေအကူးကာလဖြစ်သဖြင့် ချွန်းဂျယ် (Chun Jie)(နွေဦးရာသီပွဲတော်)ဟု ခေါ်ဆိုခဲ့ကြသည်။ နှစ်ကူးအကြိုရက်မှစ၍ အိမ်တံခါးမှာ နှစ်သစ်မင်္ဂလာ အနီရောင်စာများကပ်ခြင်း၊ မီးပုံးနီနီချိတ်ခြင်း၊ ဖြောက်ဖောက်ခြင်း စတာတွေဟာ တရုတ်နှစ်ကူးရဲ့ အလေ့အထဖြစ်သွားခဲ့ပါသည်။ နိုင်ငံအလိုက်၊ လူမျိုးအလိုက် နှစ်သစ်ကူးပွဲတော်များအတွက် တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ပစ်ပယ်၍မရသော ဒဏ္ဍာရီပုံပြင်များ ရှိနေကြသည်သာဖြစ်ပါသည်။

တရုတ်နှစ်သစ်ကူးပွဲတော်အတွင်း ချစ်စရာကောင်းသည့်ဓလေ့တစ်ခုမှာ နှစ်ကူးအကြိုညတွင် စားကောင်းသောက်ဖွယ်များချက်ပြုတ်ကာ ဘိုးဘွားများကို ရှိခိုးကန်တော့ပြီး မိသားစု စုံစုံညီညီဖြင့် တည်ခင်းစားသောက်ကြခြင်းနှင့် နှစ်ဆန်း ၁ ရက်နေ့တွင် မနက်စောစောထကာ ဘုရားကျောင်းသွားဝတ်ပြုပြီး လူကြီးများက ကလေးသူငယ်များကို နှစ်သစ်အတွင်း ကျန်းမာချမ်းသာစေဖို့ ရည်ညွှန်း၍ ငွေသားလက်ဆောင်ပါသော စာအိတ်အနီရောင် ဟုန်ပေါင်း(Hongbao) (အန်ပေါင်း)ပေးခြင်း အလေ့အထများပင်ဖြစ်ပါသည်။ ဟုန်ပေါင်း(Hongbao)(အန်ပေါင်း) ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာရကြောင်း ဖတ်မှတ်ရပါသည်-

၁။ ငွေသားလက်ဆောင်ပေးရာတွင် ၂၊ ၆၊ ၈ စသည့် စုံဂဏန်းသာပေးလေ့ရှိသည်။ (၂ သည် ကံကောင်းခြင်း၊ ရာထူးလစာ နှစ်မျိုးနှင့် ပြည့်စုံခြင်း။ ၆ သည် ၅ ထက် ၁ ပိုသောကြောင့် ၁၀ တွင် ထက်ဝက်ကျော်သည်ဟု ယူဆခြင်း။ ၈ သည် တရုတ်ဘာသာစကားတွင် ကြီးပွားသည်နှင့် အသံတူသည်။ ၄ သည် တရုတ်ဘာသာစကားတွင် သေဆုံးသည်နှင့် အသံတူသဖြင့် အသုံးမပြုရ။)

၂။ ပေးသူက လက်ခံသူကို ဘဝကံကောင်းပါစေကြောင်း ပေးတာဖြစ်လို့ ပေးသူ၏ ရှေ့တွင် ဖွင့်မကြည့်ရပါ။


၃။ မိဘဘိုးဘွားတို့ကိုကန်တော့လျှင် တစ်နှစ်ထက်တစ်နှစ် တိုး၍ပေးရပါသည်။

၄။ သား၊ သမီး၊ တူ၊ တူမများကို ပေးလျှင် အချင်းမများစေရန် ညီမျှသော ငွေပမာဏသာ ပေးရသည်။

၅။ မိမိထက် အသက်အရွယ်ကြီးသူနှင့် မိမိက အခြားငယ်ရွယ်သူတစ်ဦးကို အတူတကွပေးလျှင် ကြီးသူကပေးသည့် ငွေပမာဏထက် မိမိက ပိုမများသင့်ပါ။

၆။ ငွေသားလက်ဆောင်ပေးရာတွင် လက်ခံရသူပီတိဖြစ်စေရန် ငွေစက္ကူအသစ်များသာ ပေးရပါသည်။

၇။ အနီရောင်အန်ပေါင်းအိတ်များသည် နှစ်အလိုက် ၁၂ ရာသီ အကောင်းများဖြင့် ပြောင်းလဲပုံဖော်ရပါသည်။ ၂၀၂၃ ခုနှစ်သည် ယုန်နှစ် ဖြစ်ပါသည်။



တရုတ်နှစ်သစ်ကူးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများရှိ တရုတ်နွယ်ဖွားများအားလုံးက တပျော်တပါးဆင်နွှဲကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့် ကီလိုမီတာ ၂၂၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံဖြစ်သည့်အားလျော်စွာ ယဉ်ကျေးမှုရိုးရာအလေ့အထများလည်း အပြန်အလှန်ဆက်နွယ်လျက်ရှိပါသည်။ တရုတ်နှစ်သစ်ကူးပွဲတော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနည်းတူ မြန်မာနိုင်ငံအတွင်းရှိ တရုတ်နွယ်ဖွားများသည်လည်း ခြိမ့်ခြိမ့်သဲကျင်းပကြသည်ဖြစ်ရာ တရုတ်လူမျိုးမဟုတ်သော်လည်း နီးစပ်ရာ မြန်မာတိုင်းရင်းသားအားလုံး ပါဝင်ပျော်ရွှင်ကြသည်သာဖြစ်ပါသည်။ တရုတ်နှစ်ကူးပွဲအတွင်း ပြုလုပ်သော ခြင်္သေ့ရုပ်၊ နဂါးရုပ်တို့၏ အက၊ အလှများမှာ ရှုမငြီးဖွယ်ဖြစ်သလို ကျွေးမွေးညှော်ခံသည့် တရုတ်မုန့်ရောင်စုံများကလည်း စားလို့မဝနိုင်ဖြစ်ရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နှစ်သစ်ကူးနေ့အခမ်းအနားသို့ တက်ရောက်ပြောကြားခဲ့သော နှုတ်ခွန်းဆက်စကား၌ "**နှစ်သစ်ကူးတယ်ဆိုတာ နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးပြောင်းခြင်းဖြစ်ပါတယ်။ ဒီလိုကူးပြောင်းကြတဲ့အခါမှာ ကျွန်တော်တို့တစ်တွေဟာနှစ်ဟောင်းကကြုံတွေ့ခဲ့ရတဲ့ အကောင်းအဆိုး၊ အကြောင်းအကျိုးတွေကို သေချာလေ့လာစိစစ်ဝေဖန်ပိုင်းခြားပြီး နှစ်သစ်မှာ ပိုမိုကောင်းမွန်အောင် အချင်းချင်းစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမှာဖြစ်တယ်။ ကျွန်တော်တို့တစ်တွေဆိုတဲ့နေရာမှာလည်း တစ်ဦးချင်းတစ်ယောက်ချင်းကစလို့ မိသားစုအချင်းချင်း၊ ရပ်ကွက်အချင်းချင်း၊ မြို့အချင်းချင်းနဲ့ နိုင်ငံအချင်းချင်းထိ ပါဝင်ပါတယ်**" ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရှည်လျားသော ယဉ်ကျေးမှုသမိုင်းကြောင်းများ တည်ရှိသည့် လူအဖွဲ့အစည်းများ ဘိုးဘွားဘီဘင် အဆက်ဆက်နေထိုင်လာခဲ့သည့် နယ်မြေဒေသများဖြစ်ပြီး ခေတ်အဆက်ဆက် အပြန်အလှန် သံတမန်ဆက်ဆံရေးရှိခဲ့သော နိုင်ငံများဖြစ်ပါသည်။ ယနေ့ခေတ်ဆက်ဆံရေးအနေဖြင့် တရုတ်ပြည်သစ် ထူထောင်ပြီး မကြာမီ ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တရားဝင်စတင်ခဲ့ပြီး လာမည့် ဇွန် ၈ ရက်ဆိုလျှင် ၇၃ နှစ် ပြည့်မြောက်ပြီဖြစ်ပါသည်။ သံတမန်ဆက်ဆံရေး စတင်ထူထောင်ပြီးသည်မှ ယနေ့ထိ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့အလယ်တွင် အိမ်နီးချင်းကောင်းများပီသစွာ အပြန်အလှန်ရပ်တည်နိုင်ခဲ့ကြပါသည်။ ၁၉၅၄ ခုနှစ် ဇွန် ၂၉ ရက်တွင် မိတ်ဆွေဖြစ်မှုနှင့် အပြန်အလှန်ကျူးကျော်တိုက်ခိုက်မှုမပြုရေး နိုင်ငံချင်းသဘောတူစာချုပ်နှင့် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်နိုင်ခဲ့သည်။ ယင်းသည် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးမူ ငါးရပ်အပေါ်တွင်အခြေခံသည်။ "ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး" ဟူသော စကားလုံး၏အစပင်ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် ဩဂုတ် ၅ ရက်တွင် တရားဝင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် စစ်ရေးဆိုင်ရာ ထောက်ပံ့ရေးတို့အတွက် အရေးပါသော ကုန်သွယ်ရေးစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွက်

**စာမျက်နှာ ၅ သို့**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၇၇၃ ဧက စိုက်ပျိုးပြီးစီး

**ငပုတော ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၇၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ နေကြာ၊ မြေပဲစုစုပေါင်း ၃၇၇၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့မှာ ဆောင်းသီးနှံအဖြစ် ဆီထွက်သီးနှံ ၃၇၇၃ ဧကစိုက်ပျိုးဖို့ လျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိမှာ ဆီထွက်သီးနှံတွေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးတဲ့အခါ ဈေးကွက်ဝင်အထွက်နှုန်းကောင်းပြီး ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့ မျိုးစေ့တွေကို ရွေးချယ်စိုက်ပျိုးထားကြတာ တွေ့ရပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆောင်းသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို ကူညီပံ့ပိုးပေးထားပါတယ်။ တောင်သူတွေဟာ မျိုးကောင်းမျိုးသန့်တွေကို စနစ်တကျစိုက်ပျိုးလာကြပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် စိုက်ပျိုးပြီးဖြစ်သည့် ဆီထွက်သီးနှံ ၃၇၇၃ ဧကတွင် မြေပဲ ၃၅၉၈ ဧက၊ နှမ်း ၁၁၉ ဧကနှင့် နေကြာ ၅၆ ဧကတို့ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကျရောက်မှု မရှိစေရန်၊ စနစ်တကျပြန်လည်သိမ်းဆည်းနိုင်ရန် စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



**စာမျက်နှာ ၄ မှအဆက်**

ကျယ်ပြန့်သောထောက်ပံ့မှုများနှင့် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပေးသော နိုင်ငံဖြစ်လာခဲ့ပါသည်။ ထို့အတူ မြန်မာနိုင်ငံသည်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မူဝါဒနှင့် One China Policy ကို အစဉ်သဖြင့် မယိမ်းမယိုင် ထောက်ခံခဲ့သော ဆွေမျိုးပေါက်ဖော်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။

အိမ်နီးချင်းနိုင်ငံဟူသည် ရွေးချယ်၍ မရစကောင်း ဖြစ်ထွန်းတည်တံ့လာသော ရေထု၊ မြေထုနှင့် လေထုချင်းနီးစပ်မှုမှသည် ပေါ်ထွက်လာရသည်။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြေချင်းဆက်၊ တောင်ချင်းဆက်သည်သာမက ဥတုရာသီ၊ သဘာဝ အလှ၊ ရေမြေတောတောင်အလှနှင့် ယဉ်ကျေးမှုချင်း တူညီမှုရှိသကဲ့သို့ နှစ်နိုင်ငံသမိုင်းကြောင်းတွင်လည်း တူညီမှုများရှိခဲ့ပါသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံ၏ ချစ်ကြည်ရေးပြယုဂ်တစ်ခုဖြစ်သော သံလွင်မြစ်သည် တိဗက်ပြည်အရှေ့ဘက်က အစပြု၍ တရုတ်နိုင်ငံ၏ ပြည်နယ်နှစ်ခုအတွင်း ဖြတ်သန်းစီးဆင်းကာ မြန်မာနိုင်ငံ၏အရှေ့မြောက်ဘက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတစ်ဆင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့ကိုဖြတ်သန်း၍ မွန်ပြည်နယ် မော်လမြိုင်မြို့အနီး မုတ္တမပင်လယ်ကွေ့မှတစ်ဆင့် ဘင်္ဂလားပင်လယ်အော် (အက်ဒမန်ပင်လယ်) အတွင်း စီးဝင်လျက်ရှိသည်။ ထို့ကြောင့် မြန်မာ-တရုတ်ဟူ၍ အမည်နာမအရ ကွဲပြားသော်ငြား တစ်ရေတည်းသောက်ကြသည်ဟု ညွှန်းဆိုနိုင်သည့် ခွဲမရသောအိမ်နီးချင်းများပင် ဖြစ်ပေသည်။

ဆွေမျိုးပေါက်ဖော်ဟူသည့် စကားသည် မြန်မာစကား၌ တစ်အူထုံ့ဆင်းညီအစ်ကိုသဖွယ် ရင်းနှီးချစ်ကြည်ခြင်းကို ရည်ညွှန်းပေသည်။ ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အလျောက် နိုင်ငံနယ်နိမိတ်စည်းခြားသော်လည်း ဂျိန်းဖော၊ ကချင်၊ "ဝ"၊ ရှမ်း၊ လားဟူတို့ကဲ့သို့ လူမျိုးတူများရှိခြင်း၊ အများစုကိုးကွယ်သည့် ဘာသာတူညီခြင်း၊ ယဉ်ကျေးမှုသမိုင်းကြောင်းခိုင်မာသော နိုင်ငံများဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် သာမန်အိမ်နီးချင်းနိုင်ငံမျိုးမဟုတ်ဘဲ ဆွေမျိုးပေါက်ဖော်သဖွယ် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ပါသည်။ မိတ်ဆွေကောင်းဟူသည် တစ်ဦးကောင်းကျိုးကို တစ်ဦးက သယ်ပိုးလိုသော စိတ်ထားရှိခြင်းပင်ဖြစ်သည်။ မြန်မာနှင့်တရုတ် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ထာဝရကောင်းမွန်နေလျှင် နှစ်နိုင်ငံပြည်သူများ လူမှုစီးပွား ပိုမိုတိုးတက်ကြမည်မှာ အမှန်ပင်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်တို့၏ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကိုပို၍စေသော နှစ်သစ်ကူးပွဲတွင် ကျွန်တော်တို့ နိုင်ငံသားအားလုံး ပါဝင်ပျော်ရွှင်ကြသကဲ့သို့ အားလုံးအတူတူ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော၊ ပြည့်စုံကြွယ်ဝသော နိုင်ငံများအဖြစ်သို့ အစဉ်အလာမပျက်တွဲဖက်၍ တက်လှမ်းနိုင်ကြပါစေကြောင်း ရည်သန်၍ နှစ်သစ်ကို ကြိုဆိုဆုတောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# ပညာပန်းခင်း ရနံ့သင်း

\- ဆောင်းနှင်းဖွေးဖွေး မြင်မိသေး၏
ကလေးအရွယ် ကျောင်းသားငယ်တို့
နောင်ဝယ်လူကြီး သဏ္ဌာန်ထီးသို့
ခိုင်ဖြိုးဧကန် ဖြစ်စေရန်ဟု
မှန်မှန်ကြိုးစား ပညာများနှင့်
ကစားနည်းစုံ အဖုံဖုံတွင်
ပြေးခုန်ဘောလုံး တအုန်းအုန်းဖြင့်
ခြင်းလုံးပိုက်ကျော် ကြိုးတန်းပေါ်မှ
အတော်မြင့်သော ဘော်လီဘောကို
သောသောညံညံ အားပေးသံကြောင့်
အားမာန်တွေဆောင်း သက်လုံကောင်း၍
လူကောင်းစိတ်ထား ယှဉ်ပြိုင်ငြားသည့်
ကျောင်းသားကျောင်းသူ စံပယ်ဖြူကို
ပြည်သူမမေ့ သည်ယနေ့ဝယ်
ညံပေ့နွဲပျော် ကျောင်းပွဲတော်သည်
အတော်စည်ကား လူကြိုက်များ၏။

\- ကမ္ဘာ့အလယ် မြန်မာထည်အောင်
တကယ်မြော်တွေး ပြည့်အရေးဟု
အလေးတစ်မူ ကလေးဟူကို
တက်လူသတ်မှတ် တိုးတက်လတ်ရန်
မပြတ်ရည်မှန်း ပညာခန်းနှင့်
တက်လှမ်းမကြာ တို့ပြည်သာတွင်
ပညာပြည့်ဝ နှလုံးလှ၍
ဗလငါးတန် ပေါ်ပြည့်လျှံသည့်
ပြည်တန်အလား ပတ္တမြားမို့
ကျောင်းသားလူငယ် အသွယ်သွယ်ကို
ရင်ဝယ်မွေးဖွား ကိုယ့်သွေးသားနှယ်
မခြားမေတ္တာ ပေးဝေရာ၏။

\- မြန်မာနိုင်ငံပြီ မကြာမီက
သာကြည်သီချင်း သီဆိုရင်းဖြင့်
ရင်တွင်းပီတိ ဝှမ်းဆီထိကာ
အမိနိုင်ငံ တို့အလံကို
ဝေယံလွင့်ထူ အောင်လံယူသည့်
ဇမ္ဗူထိပ်ခေါင် အားကာမောင်သို့
အမောင်ကျောင်းသား သင်ကြိုးစားလော့
အားကစားဖြင့် မြန်မာတင့်အောင်
အဆင့်တိုးပွား သင်ကြိုးစားလော့
တအားမွန်မြတ် သင့်လုပ်ရပ်ကို
မပြတ်အားပေး တို့မနေးဘဲ
နွေးထွေးပျူငှာ ကြိုဆိုပါသည်
ပညာပန်းခင်း ရနံ့သင်းကြောင့်
ဆောင်းတွင်းဟန်ဖြင့် ပန်သင့်သည်
ပင်မြင့်သဇင် ပန်းတော်ဝင်နှင့်
နှိုင်းယှဉ်ညွှန်းဆို ဂုဏ်ပြုလိုသည်
ပင်ကိုရနံ့ သင်းပါစေ။

(၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ဂုဏ်ပြုကြိုဆိုပါသည်။)

**မောင်စိန်(ပညာရေးတက္ကသိုလ်)**

# နိုင်ငံတကာ သတင်းများ

## ဂါဘွန်နိုင်ငံခြားရေးဝန်ကြီး မူဆာအဒါမို နှလုံးရောဂါကြောင့် ကွယ်လွန်

**လိုင်ဘရီဘယ်လ် ဇန်နဝါရီ ၂၁**

ဂါဘွန် နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်မူဆာအဒါမိုသည် နှလုံးရောဂါကြောင့် ဇန်နဝါရီ ၂၀ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်မူဆာအဒါမိုကွယ်လွန်မှုကို ဂါဘွန်သမ္မတအလီဘွန်ဂိုက ကြေညာချက်ထုတ်ပြန်အတည်ပြုထားသည်။

နိုင်ငံခြားရေးဝန်ကြီးမူဆာအဒါမိုသည် ဇန်နဝါရီ ၂၀ ရက်က ကျင်းပခဲ့သော အစိုးရအဖွဲ့ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်နေစဉ် နှလုံးအမောဖောက်ခဲ့ခြင်းဖြစ်ကြောင်းဂါဘွန်အစိုးရတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

နှလုံးအမောဖောက်ပြီးနောက် မူဆာအဒါမိုကို ဆေးရုံသို့အမြန်တင်ပို့၍ ဆေးဝါးကုသမှုများပြုလုပ်ခဲ့သော်လည်းအသက်ကယ်တင်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီး မူဆာအဒါမိုသည် အလွန်တော်သည့် သံတမန်တစ်ဦး၊ နိုင်ငံပြုပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ဂါဘွန်သမ္မတဘွန်ဂိုက တွစ်တာစာမျက်နှာ၌ ရေးသားထားသည်။

အသက် ၆၂ နှစ်ရှိ မူဆာအဒါမိုသည် ၂၀၀၉ ခုနှစ်တွင် ဂါဘွန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် သမ္မတဘွန်ဂို၏ အထူးအကြံပေးတာဝန်ကိုလည်း ရယူခဲ့သူဖြစ်ကြောင်း သိရသည်။ KKO

## နယူးဇီလန်ဝန်ကြီးချုပ်ရာထူးကို ပညာရေးဝန်ကြီး ခရစ်ဟစ်ကင်းစ်ရယူမည်

**ဝယ်လင်တန် ဇန်နဝါရီ ၂၁**

ရာထူးမှ နုတ်ထွက်ပေးတော့မည့် နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်း၏နေရာကို ပညာရေးဝန်ကြီးခရစ်ဟစ်ကင်းစ်က ရယူမည်ဖြစ်ကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ဂျာစင်ဒါအာဒန်းက ကြေညာခဲ့ပြီးနောက် ယနေ့တွင် ကျင်းပခဲ့သော နယူးဇီလန်လေဘာပါတီ ခေါင်းဆောင်သစ်ရွေးချယ်ပွဲ၌ ခရစ်ဟစ်ကင်းစ်တစ်ဦးတည်းသာ ယှဉ်ပြိုင်သူအဖြစ်ပေါ်ထွက်ခဲ့သည်။

အသက် ၄၄ နှစ်ရှိ ဟစ်ကင်းစ်ကို လေဘာပါတီခေါင်းဆောင်အဖြစ် နယူးဇီလန်လေဘာပါတီလွှတ်တော်အမတ် ၆၄ ဦးတို့က ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပမည့် ပါတီ ဆွေးနွေးပွဲ၌ အတည်ပြုပေးရမည်ဖြစ်သည်။

ပညာရေးဝန်ကြီး ဟစ်ကင်းစ်သည် နယူးဇီလန်ဝန်ကြီးချုပ်တာဝန်ကို အထွေထွေရွေးကောက်ပွဲသစ် ကျင်းပချိန်ထိ ရယူရမည်ဖြစ်သည်။

ဝန်ကြီးချုပ်ရာထူးလွှဲပြောင်းပွဲကို လာမည့်ရက်အနည်းငယ်အတွင်း ကျင်းပဖွယ်ရှိကြောင်း သိရသည်။

နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်းသည် ၎င်းအနေဖြင့် ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၉ ရက်တွင် ကြေညာခဲ့ရာ နယူးဇီလန်ပြည်သူများ အံ့အားသင့်ခဲ့ကြကြောင်း သိရသည်။ KKO



STOP COVID-19

## တရုတ်ပြည်သူ ၈၀ ရာခိုင်နှုန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရ



**ပေကျင်း ဇန်နဝါရီ ၂၁**

လက်ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုလှိုင်း ကာလအတွင်း တရုတ်ပြည်သူ ၈၀ ရာခိုင်နှုန်း ရောဂါကူးစက်ခံခဲ့ရကြောင်းတရုတ်အစိုးရထိပ်တန်း သိပ္ပံပညာရှင်တစ်ဦး၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ရင်ဆိုင်နေရဆဲဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုလှိုင်းအတွင်း တရုတ်ပြည်သူ ၈၀ ရာခိုင်နှုန်း ရောဂါကူးစက်ခံခဲ့ရကြောင်း တရုတ်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးဗဟိုဌာနမှကူးစက်ရောဂါဗေဒပညာရှင် ဝူကျန်းယူက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ထို့အတူ နှစ်သစ်ကူးအားလပ်ရက်ကာလ ခရီးအသွားအလာများပြားမှုကြောင့် ကပ်ရောဂါဆက်လက်ပျံ့နှံ့နေနိုင်ပြီး အခြားဒေသများ၌ ကူးစက်မှုနှုန်းမြင့်တက်လာနိုင်ကြောင်း ဝူကျန်းယူက သတိပေးထားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်မှုလှိုင်းသစ်မှာ မကြာမီကာလအတွင်း ပေါ်ထွက်လာနိုင်ခြေမရှိကြောင်းတရုတ်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနမှ ကူးစက်ရောဂါဗေဒပညာရှင်ဝူကျန်းယူက ပြောကြားထားသည်။

တရုတ်အစိုးရက ကိုဗစ်-၁၉ ရောဂါကူးစက်မှု လုံးဝကင်းစင်ရေးမူဝါဒပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် နှစ်သစ်ကူးခရီးသွားရာသီအတွင်း တရုတ်ပြည်သူ သန်းပေါင်းများစွာတို့ နိုင်ငံတစ်ဝန်း ခရီးထွက်လျက်ရှိရာ ကျေးလက်ဒေသများ၌ ရောဂါကူးစက်မှုမြင့်တက်လာမည့်အရေး စိုးရိမ်ခဲ့ရသည်။

သို့သော် တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အမြင့်ဆုံးအဆင့်သို့ ကျော်လွန်ခဲ့ပြီဟု တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။ KKO

## တိဗက်အဝေးပြေးလမ်း ဥမင်ပြင်ပ၌ဖြစ်ပွားခဲ့သော ဆီးနှင်းပြိုကျမှုကြောင့် သေဆုံးသူအရေအတွက် ၂၈ ဦးထိရှိလာ

**ပေကျင်း ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံ တိဗက်ကုန်းမြင့်ဒေသ အဝေးပြေးလမ်းဥမင်တစ်ခုပြင်ပ၌ဖြစ်ပွားခဲ့သော ဆီးနှင်းပြိုကျမှုအတွင်း သေဆုံးခဲ့ရသူအရေအတွက်မှာ ၂၈ ဦးထိရှိလာပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဇန်နဝါရီ ၁၇ ရက်က တိဗက်ဒေသအနောက်တောင်ပိုင်း ညံချီမြို့နှင့်ချိတ်ထားသည့် အဝေးပြေးလမ်းဥမင်နှုတ်ခမ်းဝ၌ ဆီးနှင်းများစွာပြိုကျခဲ့ရာ ခရီးသွားအများအပြား မော်တော်ယာဉ်များအတွင်း ပိတ်မိခဲ့ရသည်။

ခရီးသွားအများစုမှာ တရုတ်နှစ်သစ်ကူးကာလအတွက်ဇာတိမြေသို့ ပြန်လာသူများဖြစ်ကြကြောင်း တရုတ်တာဝန်ရှိသူများ၏အဆိုအရ သိရသည်။



လက်ရှိအချိန်တွင်ဆီးနှင်းပြိုကျရာနေရာ၌ ရှာဖွေကယ်ဆယ်ရေးသမား ဦးရေ ၁၀၀၀ခန့်တို့က မြေတူးစက်များ အကူအညီဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၀၀၀၀ နီးပါးတွင် တည်ရှိသော ညံချီမြို့သည် တိဗက်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမြို့ဖြစ်သည့်လာဆာမြို့သို့ မော်တော်ယာဉ်ဖြင့် ငါးနာရီကြာမောင်းနှင်ရမည့်နေရာ၌ တည်ရှိသည်။

ဆီးနှင်းပြိုကျမှု အတွင်း လူပေါင်းမည်မျှ ပျောက်ဆုံးနေကြောင်း မသိရသော်လည်း ဂလိုဘယ်တိုင်းမ်သတင်းစာ၏အဆိုအရ လူပေါင်း ၅၅ ဦးကို ရှာဖွေကယ်ဆယ်ရေးသမားများက ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ KKO

## ရာဟူးဂန္ဒီဦးဆောင်သည့် နိုင်ငံဖြတ်ကျော်ချီတက်ပွဲစစ်ကြောင်းမဆိုက်ရောက်မီ ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသ၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား

**ဒေလီ ဇန်နဝါရီ ၂၁**

အိန္ဒိယ ထိန်းချုပ်မှုအောက်ရှိ ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသ၌ ယနေ့တွင် ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ခြောက်ဦး ဒဏ်ရာများရရှိခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

အိန္ဒိယအတိုက်အခံခေါင်းဆောင် ရာဟူးဂန္ဒီဦးဆောင်သော နိုင်ငံဖြတ်ကျော်ချီတက်ပွဲ စစ်ကြောင်း ဂျမ္မူးနှင့်ကက်ရှ်မီးယားသို့မရောက်မီ ဂျမ္မူးမြို့၌ အဆိုပါဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးပေါက်ကွဲမှုများသည် ဂျမ္မူးမြို့ သယ်ယူပို့ဆောင်ရေးဝင်းတစ်ခုအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂျမ္မူးဒေသရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ရာဟူးဂန္ဒီဦးဆောင်သော အမုန်းတရားနှင့် သွေးကွဲမှုဆန့်ကျင်ရေး နိုင်ငံဖြတ်ကျော်ချီတက်ပွဲစစ်ကြောင်းသည် ဂျမ္မူးမြို့သို့ ဇန်နဝါရီ ၂၃ ရက်တွင် ဆိုက်ရောက်လာဖွယ်ရှိကြောင်း သိရသည်။

ဂျမ္မူးနှင့်ကက်ရှ်မီးယားဒေသသည် အိန္ဒိယ ထိန်းချုပ်မှုအောက်၌ရှိသော်လည်းအိမ်နီးချင်းပါကစ္စတန်နိုင်ငံနှင့်ပိုင်ဆိုင်ခွင့်အငြင်းပွားနေသောဒေသဖြစ်သည်။

အများပြည်သူတို့၏ အားပေးထောက်ခံမှုကို မျှော်လင့်ထားသည့် ထက်ပိုရခဲ့သော ရာဟူးဂန္ဒီ၏နိုင်ငံဖြတ်ကျော်ချီတက်ပွဲ စစ်ကြောင်းသည် ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသမြို့ ဆရင်နာဂါသို့ ယခုလကုန်ပိုင်းတွင် ရောက်ရှိမည်ဖြစ်ပြီး နိုင်ငံဖြတ်ကျော်ချီတက်ပွဲ အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ၂၀၂၃ ခုနှစ်အတွင်း အာကာသယာဉ်နှင့်ဂြိုဟ်တု အစင်း ၂၀၀ ကျော် လွှတ်တင်ရန်စီစဉ်ထား



**ပေကျင်း ဇန်နဝါရီ ၂၁**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ၂၀၂၃ ခုနှစ်အတွင်း အာကာသယာဉ်နှင့် ဂြိုဟ်တုပေါင်း အစင်း ၂၀၀ ကျော်ထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း ဆင်ဟွာသတင်းဌာနက ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံက ယခုနှစ်အတွင်း လွှတ်တင်မည့် အာကာသယာဉ်များထဲတွင် တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်၊ ရှန်ကျိုး-၁၆ နှင့် ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်များ ပါဝင်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ပေတူတည်နေရာနှင့် လမ်းကြောင်းပြဂြိုဟ်တုသစ်များကိုလည်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း လကမ္ဘာစူးစမ်းလေ့လာရေးနှင့် ဂြိုဟ်များစူးစမ်းလေ့လာရေးအစီအစဉ် စတုတ္ထအဆင့်ကိုလည်း ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဆင့်တွင် တရုတ်နိုင်ငံသည် ချန်အာ-၇ လလေ့လာရေးအာကာသယာဉ်၊ တီယန်ဝန်-၂ အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်တို့ကိုလည်း တည်ဆောက်မည်ဖြစ်သည်။

ထို့နည်းတူ တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း လောင်းမတ်ချ်-၆ စီ ဒုံးပျံကိုလည်း ပထမဆုံးအကြိမ် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

## နာဆာက နိုင်ငံတကာအာကာသစခန်း၌ဆိုက်ကပ်ထားသော Crew Dragon အာကာသလူသယ်ယာဉ်ကို အာကာသယာဉ်မှူးတစ်ဦးထပ်မံလိုက်ပါနိုင်ရန် စတင်ပြောင်းလဲမွမ်းမံ

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်ထားသော Space-X အာကာသ နည်းပညာကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်ကို အာကာသယာဉ်မှူးတစ်ဦး ထပ်မံလိုက်ပါနိုင်မည့် အာကာသလူသယ်ယာဉ်အဖြစ်သို့ စတင်ပြောင်းလဲ မွမ်းမံနေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

Crew Dragon အာကာသလူသယ်ယာဉ်ကို ယာဉ်မှူးလေးဦး လိုက်ပါနိုင်သော ယာဉ်အဖြစ်မှ ငါးဦးလိုက်ပါနိုင်သည့်ယာဉ်အဖြစ်သို့ ပြင်ဆင်မွမ်းမံမှုကို ကမ္ဘာပတ်လမ်းကြောင်းပေါ်မှာပင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ပြုလုပ်နေခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၈ ရက်တွင် နာဆာအဖွဲ့သည် ရုရှားနိုင်ငံ ဆိုယုဇ်



အာကာသလူသယ်ယာဉ်မှ အမေရိကန်ယာဉ်မှူး၏ထိုင်ခုံကို Crew Dragon အာကာသလူသယ်ယာဉ်ပေါ်သို့ စတင်ပြောင်းရွှေ့ခဲ့ကြောင်း၊ နာဆာအဖွဲ့သည် နိုင်ငံတကာအာကာသစခန်း၌ အရေးပေါ်အခြေအနေဖြစ်ခဲ့ပါက အာကာသယာဉ်မှူးများကို ကယ်ထုတ်ရေးအတွက် Crew Dragon အာကာသလူသယ်ယာဉ်ကို အသက်ကယ်အာကာသယာဉ်အဖြစ် ပြင်ဆင်မွမ်းမံနေခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ဆိုယုဇ်အာကာသလူသယ်ယာဉ်မှာ နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်ထားသော်လည်း အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

Crew Dragon အာကာသလူသယ်ယာဉ်သည် ထိုင်ခုံလေးလုံးသာ တပ်ဆင်ထားသော်လည်း ယာဉ်မှူးခုနစ်ဦးထိ လိုက်ပါနိုင်ရန် ပုံစံထုတ် တည်ဆောက်ထားသော အာကာသယာဉ်ဖြစ်သည်။ KKO

## အိန္ဒိယနိုင်ငံ၌ ကျောက်ဖြစ်ရုပ်ကြွင်းဒိုင်နိုဆောဥပေါင်း ၂၅၆ လုံးထိရှိသော ဒိုင်နိုဆောအသိုက်နယ်မြေဟောင်းတစ်ခုကို ရှာဖွေတွေ့ရှိ

**နယူးဒေလီ ဇန်နဝါရီ ၂၁**

အိန္ဒိယနိုင်ငံ၌ ကျောက်ဖြစ်ရုပ်ကြွင်းဥပေါင်း ၂၅၆ လုံးထိ ရှိနေသော ဒိုင်နိုဆောအသိုက်နယ်မြေဟောင်းတစ်ခုကို အိန္ဒိယသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

အိန္ဒိယသိပ္ပံပညာရှင်များ တွေ့ရှိခဲ့သော ဒိုင်နိုဆောအသိုက်ဟောင်းတွင် ဝပ်ကျင်းနေရာ ၉၂ နေရာထိရှိကြောင်း သိရသည်။

မိမိတို့ ရှာဖွေတွေ့ရှိခဲ့သော ကျောက်ဖြစ်ရုပ်ကြွင်း ဒိုင်နိုဆောဥများသည် တိုက်တန်နိုဆောရပ်စ်ခေါ် လည်ပင်းရှည်ဒိုင်နိုဆောတစ်မျိုး၏ ဥများဖြစ်ကြောင်း အိန္ဒိယ သိပ္ပံပညာရှင်များက ပြောကြားသည်။

အရှေ့မှအနောက်သို့ မိုင် ၆၅၀ ထိ ဖြန့်ကြက်တည်ရှိသည့် အဆိုပါဒိုင်နိုဆော အသိုက်နယ်မြေသည် တိုက်တန်နိုဆောရပ်စ် ဒိုင်နိုဆောများအနေဖြင့် ယနေ့ခေတ်ငှက်များကဲ့သို့ပင် အတူတကွအသိုက်ဖွဲ့နေထိုင်တတ်သည့်သဘောကို ပြသလျက်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

တိုက်တန်နိုဆောရပ်စ် ဒိုင်နိုဆောများသည် ကမ္ဘာ့အကြီးဆုံး ဒိုင်နိုဆောများထဲတွင် အပါအဝင်ဖြစ်သည့် ကမ္ဘာဦးသတ္တဝါများဖြစ်ကြကြောင်း သိရသည်။

တိုက်တန်နိုဆောရပ်စ် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းဥများကို သက်တမ်းအားဖြင့် နှစ်သန်း ၁၀၀ မှ ၆၆ သန်းကြားရှိ ခရီးတေးစီးယပ်စ် ဘူမိခေတ်ကျောက်လွှာနယ်မြေဖြစ်သော နာမာဒါတောင်ကြား လာမီဘာကျောက်လွှာနယ်မြေ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## Ambroxol ချောင်းဆိုးပျောက်ဆေးဖြင့် ပါကင်ဆန်ရောဂါကို စမ်းသပ်ကုသမှုများစတင်

**လန်ဒန် ဇန်နဝါရီ ၂၁**

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် Ambroxol ချောင်းဆိုးပျောက်ဆေးတစ်မျိုးဖြင့် ပါကင်ဆန်ရောဂါ အရှိန်တိုးလာမှုကို လျှော့ချ၍ ရ၊ မရ ဖော်ထုတ်ရေးအတွက် လက်တွေ့စမ်းသပ်ကုသမှုတစ်ရပ်ကို စတင်နေပြီဖြစ်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

ပဏာမအဆင့် ပြုလုပ်ခဲ့သော စမ်းသပ်မှုများအရ Ambroxol ဆေးသည် ပါကင်ဆန်ရောဂါနှင့် ဆက်စပ်နေသည့် ပျက်စီးနေသော ပရိုတင်းများကို ဦးနှောက်တွင်း နေရာယူမှုမရှိစေရန် ပြုလုပ်ပေးနိုင်ပုံရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Ambroxol ဆေးသည် အယ်လ်ဖာဆိုင်နျူကလိန်း ခေါ် ပရိုတင်းတစ်မျိုးကို ဖော်ထုတ်ရာတွင် အရေးပါသော G Case အမည်ရှိ ပရိုတင်းတစ်မျိုး ထွက်ပေါ်မှုအဆင့်ကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ ပါကင်ဆန်ရောဂါအတွက် Ambroxol ဆေးစမ်းသပ်မှုသည် အချိန်ကာလအားဖြင့် နှစ်နှစ်ကြာမည်ဖြစ်ကြောင်း သိရသည်။

Ambroxol ဆေးသည် ဆေးလုံးပုံစံနှင့်ဆေးရည်ပုံစံ နှစ်မျိုးရှိပြီး အသက်ရှူလမ်းကြောင်းရောဂါများရှိနေသူလူနာ၏ အဆုတ်အတွင်းရှိ ချွဲသလိပ်များကို ရှင်းထုတ်ပေးခြင်းဖြင့် ချောင်းဆိုးမှုကို ကုသပေးသည့်ဆေးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပါကင်ဆန်ရောဂါအတွက် ကုထုံးဟူ၍ သတ်သတ်မှတ်မှတ် မရှိသေးကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## အရိုးဆက်ရောင်ရမ်းနာရောဂါအတွက် မက်ဖော်မင်ဆေးက ထိရောက်သည့်ကုထုံးဖြစ်လာနိုင်

**ကိုင်ရို ဇန်နဝါရီ ၂၁**

အသုံးများသည့် မက်ဖော်မင်ခေါ် ပုံစံ-၂ ဆီးချိုရောဂါကုသဆေးတစ်မျိုးသည် အရိုးဆက်ရောင်ရမ်းနာရောဂါ (Osteoarthritis) အတွက် စျေးနှုန်းချို၍ ထိရောက်သည့် ကုထုံးဖြစ်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

အီဂျစ်နိုင်ငံ ဆာဒက်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မက်ဖော်မင် ခေါ် ပုံစံ-၂ ဆီးချိုရောဂါဆေးသည် အရိုးဆက်ရောင်ရမ်းနာရောဂါကို ကုသပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မက်ဖော်မင်ဆေးသည် အရိုးနုများ ထိခိုက်ပျက်စီးမှုကိုကာကွယ်ပေးသည့် အင်ဇိုင်းတစ်မျိုးထွက်ပေါ်မှုကို လှုံ့ဆော်ပေးခြင်းဖြင့် နာကျင်ရောင်ရမ်းမှုများ လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အီဂျစ်သုတေသန ပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အီဂျစ်သုတေသန ပညာရှင်များသည် မက်ဖော်မင်ဆေးဖြင့် ဒူးအရိုးဆက်ရောင်ရမ်းနာရောဂါကို ကုသနိုင်ရန် အလားအလာရှိ၊ မရှိဖော်ထုတ်ရေးအတွက် လူနာဦးရေ ၁၂၀ တို့ဖြင့် စမ်းသပ်မှုများပြုလုပ်လျက်ရှိသည်။

၁၉၅၀ ပြည့်နှစ်ကာလများကပင် စတင်ပေါ်ထွက်လာသည့် မက်ဖော်မင်ဆေးသည် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ထိန်းချုပ်ရေးအတွက် တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည့် ဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ရူဘလက်ဖ် တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၂၁**

ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲတတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်နှင့် ဗြိတိန်တင်းနစ်ကစားသမားဒန်အီဗန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရူဘလက်ဖ်က (၆-၄၊ ၆-၂၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း JPTimes သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရူဘလက်ဖ်သည် ၂၀၂၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အကောင်းဆုံးလက်စွမ်းပြနေသည့် ကစားသမားတစ်ဦးဖြစ်သလို ဒန်အီဗန်အား အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် Ace ရိုက်ချက် ၁၀ ကြိမ်ထိရရှိခဲ့ပြီး ပြတ်သားသောရလဒ်များဖြင့် ဒန်အီဗန်ကို အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှားတင်းနစ် ကစားသမားရူဘလက်ဖ်က "တစ်ပွဲထက် တစ်ပွဲပိုကောင်းအောင် ကစားလာနိုင်ခဲ့တာ ဝမ်းသာဂုဏ်ယူစရာပါ။ ဒီနှစ်အစပိုင်းမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ရှုံးပွဲတွေဆက်နေတယ်။ ရလဒ်ပိုင်း အားရကျေနပ်မှု မရှိခဲ့ဘူး။ ရလဒ်မကောင်းခဲ့တဲ့ အတွက်ကြောင့် ယုံကြည်မှုတွေ ပျောက်ဆုံးခဲ့တယ်။ ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲမှာတော့ အကောင်းဆုံးရလဒ်တွေ ရနေတယ်။ အပူချိန်မြင့်ထန်တဲ့အတွက် ကစားရတာ တော်တော်လေးကို ခက်ခဲပြီး အရမ်းပင်ပန်းတယ်"ဟု ပြောကြားခဲ့သည်။

ရူဘလက်ဖ်သည်စတုတ္ထအဆင့်တွင် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါနှင့် ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း သိရသည်။ AZL



## နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဟယ်ရီကိန်းကိုခေါ်ယူရန် မန်ယူအသင်းပစ်မှတ်ထား





**မန်ချက်စတာ ဇန်နဝါရီ ၂၁**

မန်ယူအသင်းက လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် စပါးအသင်းနှင့် အနာဂတ် မရေမရာဖြစ်နေသည့် ဟယ်ရီကိန်းကို ခေါ်ယူရန်အတွက် ပစ်မှတ်ထားနေပြီး ထိပ်ဆုံးမှ ရေပန်းစားလျက် ရှိနေသည်ဟု ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟယ်ရီကိန်းသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက အသင်းမှ ထွက်ခွာရန် ပြင်ဆင်ထားသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းအနေဖြင့် ရလဒ်ပိုင်း မတည်ငြိမ်မှုများနှင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်အတွက် ရှုန်းကန်နေရသောကြောင့် ရာသီကုန်ဆုံးချိန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်မရရှိခဲ့ပါက စပါးအသင်းမှ သေချာပေါက် ထွက်ခွာဖွယ်ရှိနေသည်။

ဟယ်ရီကိန်းကိုယ်တိုင်ကလည်း စပါးအသင်းတွင် တစ်ဦးချင်း အောင်မြင်မှုများသာ ရရှိနေပြီး အသင်းလိုက် အောင်မြင်မှုအဖြစ် ဆုဖလားတစ်လုံးမှ ဆွတ်ခူးနိုင်ခြင်း မရှိသည့်အတွက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ချန်ပီယံဆုစိန်ခေါ်နိုင်စွမ်းရှိသည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်လျက်ရှိသော်လည်း ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားလိုနေသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းထက် မန်ယူအသင်းကိုသာ ဦးစားပေးပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခြင်းဖြစ်ကြောင်း သိရသည်။

STA

## The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို တွမ်ဆင်က ဆက်လက်ဦးဆောင်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားတွမ်ဆင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တွမ်ဆင်သည် ပထမနေ့တွင်လည်း အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သလို ဒုတိယနေ့တွင်လည်း အမှားအယွင်း အနည်းဆုံးဖြစ်အောင်ကစားနိုင်ခဲ့သဖြင့် ဒုတိယနေ့အပြီးတွင်လည်း အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပထမနေ့တွင် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့သော ဂျွန်ရမ်းသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

တွမ်ဆင်သည် ဒုတိယနေ့တွင် ကျင်းသုံးကျင်း၌ Eagles ရရှိခဲ့ပြီး Birdies လေးကျင်းရရှိကာ ကျင်း နှစ်ကျင်းတွင် Bogeys ရရှိခဲ့ပြီး ၎င်းအနေဖြင့် ပထမနေ့ကဲ့သို့ ရလဒ်ပိုင်းမကောင်းခဲ့သော်လည်း အမှတ်ပေးဇယားအား ဆက်လက်ဦးဆောင်နိုင်သည့် ရလဒ်မျိုးကိုစွမ်းဆောင်နိုင်ခဲ့သည်။

အသက် ၂၄ နှစ်ရှိ တွမ်ဆင်က "ပထမနေ့မှာ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သလို ဒုတိယနေ့မှာလဲ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ဒုတိယနေ့မှာ Bogeys ရိုက်ချက်တွေရရှိခဲ့ပေမဲ့လဲ Egales ရိုက်ချက်တွေရခဲ့တာ ဝမ်းသာဂုဏ်ယူစရာပါပဲ။ ရိုက်ချက်တိုင်းက Fairway တွေ ရောက်ခဲ့တယ်။ ကျင်းစိမ်းတဲ့အပိုင်းမှာလဲ အဆင်ပြေခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲကြီးတွေမှာ အတွေ့အကြုံကောင်းတွေ မရှိဘူးဆိုပေမဲ့လဲ အခုလိုထင်မှတ်မထားတဲ့ ရလဒ်ကောင်းတွေ ရရှိခဲ့တာ တကယ်ကို ဝမ်းသာမိပါတယ်" ဟု ပြောကြားခဲ့သည်။

ဒုတိယနေ့တွင် ရလဒ်အကောင်းဆုံး ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် ဂျွန်ရမ်းက "ဒုတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းကို အားရကျေနပ်မှုရှိပါတယ်။ ဒုတိယနေ့မှာ ရခဲ့တဲ့ စွမ်းဆောင်ရည်ကြောင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ပိုပြီးမြင့်တက်လာစေလာတယ်။ ဒုတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ ပုံစံအတိုင်းနောက်ဆုံးနေ့ထိ ကစားနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ အဲဒီလိုကစားနိုင်အောင်လဲ အကောင်းဆုံး ပြင်ဆင်ကြိုးစားသွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## ပရီးမီးယားလိဂ်ပွဲစဉ် (၂၁) ရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၀ | - | ၀ | ချဲလ်ဆီး |
| ဘုန်းမောက် | ၁ | - | ၁ | နော်တင်ဟမ် |
| လက်စတာ | ၂ | - | ၂ | ဘရိုက်တန် |
| ဆောက်သမ်တန် | ၀ | - | ၁ | အေဗီလာ |
| ဝက်စ်ဟမ်း | ၂ | - | ၀ | အဲဗာတန် |

(၀၄၀)

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်း ခံစစ်ကစားသမားဟောင်း ဒန်နီအယ်လ်ဗက်စ်သည် နိုက်ကလပ်တစ်ခုတွင် အမျိုးသမီးတစ်ဦးအား လိင်ပိုင်းဆိုင်ရာကျူးလွန်မှုကြောင့် ဘာစီလိုနာမြို့ရဲစခန်းတွင် အဖမ်းခံခဲ့ရကြောင်း သိရသည်။
- မန်ယူအသင်းက ယူနီယံဘာလင်အသင်း ကစားသမား ဂျူရန်နိုဗစ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ဗီလာရီးရဲလ်တိုက်စစ်မှူး ဒန်ဂျူးမားသည် အဲဗာတန်အသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက ခေါ်ယူရန် ကမ်းလှမ်းမှုများရှိနေသည့်အတွက် ကွင်းလယ်ကစားသမားမေဆင်မောင့်က ချဲလ်ဆီးအသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ဆိုင်းငံ့ထားသည်ဟု ထုတ်ပြန်ခဲ့သည်။

ML

## နယူးကာဆယ်တိုက်စစ်မှူး ခရစ်ဝုဒ် နော်တင်ဟမ်အသင်းသို့ စတာလင်ပေါင် ၁၅ သန်းဖြင့် ပြောင်းရွှေ့

**လန်ဒန် ဇန်နဝါရီ ၂၁**

နယူးကာဆယ် တိုက်စစ်မှူး ခရစ်ဝုဒ်သည် ပရီးမီးယားလိဂ်ပြိုင်ဘက် နော်တင်ဟမ်အသင်းသို့ ကနဦးအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း စာချုပ်သက်တမ်းကုန်ဆုံးပါက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့် အပြီးသတ် ဝယ်ယူခွင့်ပါရှိခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခရစ်ဝုဒ်သည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ဘန်လေအသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့်ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၇ ပွဲတွင် ၁၅ ပွဲထိ ပါဝင်ကစားခွင့် ရရှိခဲ့သော်လည်း ယခုနှစ်ပြိုင်ပွဲစုံ ၁၈ ပွဲတွင် လေးပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့ကာ တိုက်စစ်မှူး ဝယ်လ်ဆင်နှင့် အစ်ဆက်ခ်တို့၏ နောက်တွင် ပါဝင်နေရသောကြောင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး နော်တင်ဟမ် အသင်းသို့ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

နော်တင်ဟမ်အသင်းကလည်း တန်းဆင်းဇုန်မှ လွတ်မြောက်နိုင်ရန်အတွက် ဒဏ်ရာပြဿနာကြုံတွေ့နေသည့် တိုက်စစ်မှူး အော့ရွန်နီရီ၏ နေရာတွင် ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့် ခရစ်ဝုဒ်နှင့် အစားထိုးရန် ကြိုးပမ်းခဲ့ရာ ရာသီအကုန်ထိ အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်သက်တမ်း ကုန်ဆုံးပါက အပြီးသတ် ဝယ်ယူခွင့်ပါရှိခဲ့ခြင်း ဖြစ်သည်။




ယခုနှစ်မှ ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် နော်တင်ဟမ် အသင်းသည် ပြီးခဲ့သည့်ဘောလုံး ရာသီကလည်း ကစားသမားဦးရေ ၂၀ ထိ ဖြည့်တင်းမှုပြုလုပ်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကစားသမားအများဆုံး ခေါ်ယူခဲ့သည့်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သကဲ့သို့ လက်ရှိအပြောင်းအရွှေ့ကာလတွင်လည်း ခရစ်ဝုဒ် အပါအဝင် ပါမီးယက်စ်အသင်းမှ ဂတ်စတာဗို၊ ဒန်နီလိုတို့ကို ထပ်မံခေါ်ယူခဲ့ကြောင်း သိရသည်။ ML

# ကစားသမားအပြောင်းအရွှေ့တွင် မသမာမှုပြုလုပ်ခဲ့သည့် ဂျူဗင်တပ်အသင်း ၁၅ မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံရ




**ရောမ ဇန်နဝါရီ ၂၁**

ဂျူဗင်တပ်အသင်းသည် ကစားသမား ဝယ်ယူရောင်းချမှုများတွင် မသမာမှုများပြုလုပ်ခဲ့သည့်အတွက် အီတလီဘောလုံးအဖွဲ့ချုပ်(FIGC)က ၁၅ မှတ်လျှော့ပြစ်ဒဏ်နှင့်ပါဝင်ပတ်သက်ခဲ့သည့် အသင်းတာဝန်ရှိသူများကို ပွဲပယ်ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း 90 Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ကစားသမား ဝယ်ယူရောင်းချမှုများနှင့် လစာပေးချေမှုများတွင် မသမာမှုပြုလုပ်ထားသည့်အတွက် တရားရင်ဆိုင်နေရပြီး အီတလီစီးရီးအေ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းက ငွေစာရင်း စစ်ဆေးမှုများပြုလုပ်ခဲ့ရာ စာရင်းကွာဟမှုများရှိနေခဲ့သောကြောင့် အသင်းအနေဖြင့် ၁၅ မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံရသည့်အပြင် အသင်း အားကစားဒါရိုက်တာဟောင်း ပါရာစီတီ (လက်ရှိ စပါးအသင်း အားကစားဒါရိုက်တာ) ကို လ ၃၀ ပွဲပယ်ပြစ်ဒဏ်၊ အသင်းဥက္ကဋ္ဌဟောင်း အက်နယ်လီနှင့် အရီဗန်တီတို့ကို ၂၄ လ ပွဲပယ်ပြစ်ဒဏ်၊ လက်ရှိ အသင်းအားကစားဒါရိုက်တာ ချာရှုဘီနီကိုလည်း ၁၆ လ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ယခုချမှတ်ခံရသည့် ပွဲပယ်ပြစ်ဒဏ်သည် အီတလီနိုင်ငံပြင်ပတွင် အကျုံးမဝင်သောကြောင့် စပါးအသင်းအားကစားဒါရိုက်တာ ပါရာစီတီအနေဖြင့် ပြစ်ဒဏ်ခံရမည်မဟုတ်သဖြင့် အီတလီဘောလုံးအဖွဲ့ချုပ်က အဆိုပါပြစ်ဒဏ်အား ဘောလုံးအားကစားနှင့်ပတ်သက်သည့် မည်သည့်နိုင်ငံတွင်မဆိုကျခံစေရန်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပဘောလုံးအဖွဲ့ချုပ်တို့ကို တောင်းဆိုမှုပြုလုပ်ခဲ့သည်။

ဂျူဗင်တပ် အသင်းသည် အမှတ်ပေးပွဲ ၁၈ပွဲအပြီးတွင် ရမှတ် ၃၇ မှတ်ဖြင့် အဆင့် (၃) တွင် ရပ်တည်နေသော်လည်း ၁၅ မှတ်လျှော့ပြစ်ဒဏ်ကြောင့် အဆင့်(၁၀) ထိရောက်ရှိခဲ့ကြောင်း သိရသည်။

ML

# ချဲလ်ဆီးအသင်းက ကက်ဆီနှင့် ဇီယက်တို့ကို ကစားသမားချင်း တိုက်ရိုက်လဲလှယ်ရန် ဘာစီလိုနာအသင်းထံ ကမ်းလှမ်း

**လန်ဒန် ဇန်နဝါရီ ၂၁**

ချဲလ်ဆီးအသင်းက ကက်ဆီနှင့်ဇီယက်တို့ကို ကစားသမားအချင်းချင်း တိုက်ရိုက်လဲလှယ်မှုပြုလုပ်ရန်အတွက် ဘာစီလိုနာအသင်းထံ ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်ခဲ့သည်ဟု မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင်အပြောင်းအလဲဖြစ်ပွားခဲ့ပြီးနောက် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလနှင့် လက်ရှိ ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလတို့တွင် ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံပြီး ကစားသမားသစ်များ ခေါ်ယူအင်အားဖြည့်တင်းထားကာ လက်ရှိတွင်ကစားသမား ၁၀ ဦးထိ ခေါ်ယူအင်အားဖြည့်တင်းထားသည်။

သို့သော် ချဲလ်ဆီးအသင်းက ကစားသမားခေါ်ယူမှုကို ဆက်လက်ပြုလုပ်ရန်အတွက် ပြင်ဆင်နေပြီး လိုအပ်ချက်များရှိနေသည့်အသင်းကွင်းလယ်ပိုင်းအတွက်လည်း ဘာစီလိုနာအသင်းမှ ကက်ဆီကို ခေါ်ယူလိုနေသည့်အတွက် ၎င်းတို့အသင်းမှ တောင်ပံကစားသမား ဇီယက်နှင့် ကစားသမားအချင်းချင်း လဲလှယ်ရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကွင်းလယ်ပိုင်းအတွက် ဘရိုက်တန်အသင်းမှ ကွင်းလယ်ကစားသမား ကိုင်စီဒိုကို စတာလင်ပေါင် ၅၅ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရသည့်အတွက် ယခုအခါ ကက်ဆီကို ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ကက်ဆီသည် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက အေစီမီလန်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သော်လည်း လက်ရှိတွင် နည်းပြ ဇာဗီလက်အောက်၌ ပွဲထွက်ခွင့်မရရှိခဲ့သောကြောင့် လက်ရှိ ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိမည့်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် ဘာစီလိုနာအသင်းထံ တောင်းဆိုထားပြီး ဘာစီလိုနာအသင်းကလည်း စတာလင်ပေါင် ၂၅ သန်းခန့်ဖြင့် ရောင်းချမည်ဟုအတည်ပြုကြေညာထားကြောင်း သိရသည်။

STA

# ဒေါ့မွန်အသင်းက လူငယ်ကစားသမား မူကိုကို ကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**ဘာလင် ဇန်နဝါရီ ၂၁**

ဒေါ့မွန်အသင်းက အသင်းမှ လူငယ်တိုက်စစ်ကစားသမား မူကိုကိုအား ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်ဟု Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်သာ ရှိသေးသည့် မူကိုကိုသည် ဒေါ့မွန်အသင်းအကယ်ဒမီမှထွက်ပေါ်လာခဲ့သည့် လူငယ်ကစားသမား တစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းတွင် စတင်ပါဝင်ကစားခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

မူကိုကိုနှင့် ဒေါ့မွန်အသင်းတို့ စာချုပ်သက်တမ်း အဟောင်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အလားအလာရှိသည့် လူငယ်ကစားသမားတစ်ဦးကို စပိန်ထိပ်သီးအသင်းနှင့် ပရီးမီးယားလိဂ် ထိပ်တန်းအသင်းကြီးများက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေသည့်အတွက် ဒေါ့မွန်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အစောပိုင်းကတည်းက ကြိုးပမ်းနေခြင်းဖြစ်သည်။




အစောပိုင်းက မူကိုကိုကိုယ်တိုင်ကလည်း ဒေါ့မွန်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပါက စပိန်ထိပ်သီးအသင်း တစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားသော်လည်း နောက်ပိုင်းတွင် ဒေါ့မွန်အသင်းနှင့်သာဆက်လက်လက်တွဲရန် ဆုံးဖြတ်ခဲ့ပြီးနောက် လေးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# အာဆင်နယ်အသင်းက ရီးရဲလ်မက်ဒရစ်မှ ကာမာဘင်ဂါကို အငှားစာချုပ်ဖြင့် ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် ဇန်နဝါရီ ၂၁**

အာဆင်နယ် အသင်းသည် ပရီးမီးယားလိဂ်အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်၍ ချန်ပီယံဆု ဆွတ်ခူးနိုင်ရန်အတွက် ကစားသမားဖြည့်တင်းမှုများပြုလုပ်လျက်ရှိရာ ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ကာမာဘင်ဂါကိုလည်း ကာလတိုအငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိ ကွင်းလယ်ကစားသမား ကာမာဘင်ဂါသည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ၂၀၂၂ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ၌ ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသဖြင့် ကစားသမား၏ စွမ်းဆောင်ရည်ကို သဘောကျနေသည့် နည်းပြအာတီတာက ဒုတိယရာသီဝက်ကာလအတွင်း အသင်းလူစာရင်း ပိုမိုအားကောင်းလာစေရန်အတွက် ၎င်းကို ကာလတိုအငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ကွင်းလယ်ပိုင်းဖြည့်တင်းမှု ပြုလုပ်ရန် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို လာမည့်နွေရာသီတွင် ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေပြီး ဒုတိယရာသီဝက်ကာလမကုန်မီထိ ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ပိုင်းတွင် ပွဲကစားခွင့်ပျောက်ဆုံးနေသည့် လူငယ်ကစားသမား ကာမာဘင်ဂါနှင့် ကာလတို အစားထိုးနိုင်ရန် စီစဉ်နေပြီး ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

အာဆင်နယ် အသင်းသည် လက်ရှိ အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယနေရာမှ မန်စီးတီးအသင်းနှင့် တစ်ပွဲလျှော့ ငါးမှတ်အသာဖြင့် ဦးဆောင်နေသောကြောင့် ချန်ပီယံဆုရရှိရန်အတွက် ကစားသမားဖြည့်တင်းမှုများ ထပ်မံပြုလုပ်လျက်ရှိရာ တောင်ပံတိုက်စစ်ပိုင်းအတွက် ဘရိုက်တန်အသင်း ကစားသမား ထရိုဆာ့ဒ်ကို စတာလင်ပေါင် ၂၆ သန်းဖြင့်လည်းကောင်း၊ ခံစစ်ပိုင်းအတွက် စပီဇီယာအသင်း ကစားသမား ကီဝီရောကို စတာလင်ပေါင်သန်း ၂၀ဖြင့်လည်းကောင်း ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ် ပွဲစဉ်(၂၁) ပွဲကြိုသုံးသပ်ချက်

M L

**ဖူလ်ဟမ် Vs စပါး**

**ကစားမည့်ရက်/အချိန် ၂၄-၁-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပါး ၂ – ၁ ဖူလ်ဟမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖူလ်ဟမ်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **စပါး** | – | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |

ဖူလ်ဟမ်အသင်းအနေနဲ့ အိမ်ကွင်းတိုက်စစ်ကောင်းပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးများနေပြီး အသင်းကြီးတွေနဲ့ဆို ရုန်းကန်ရလေ့ရှိပါတယ်။ စပါးအသင်းကတော့ ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်စီးတီးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့လို့ အခုပွဲစဉ်မှာ နိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုနှင့် ကစားသမားစုဖွဲ့မှုသာလွန်တဲ့ စပါးအသင်းကိုလဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖူလ်ဟမ် ၁ – ၂ စပါး**

## စပိန်လာလီဂါပွဲစဉ် (၁၈) ရလဒ်

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၀ | - | ၂ | ဆိုစီဒက် |
| အက်စ်ပန်ညို | ၁ | - | ၀ | ဘက်တစ် |

## အီတလီစီးရီးအေပွဲစဉ် (၁၉) ရလဒ်

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၂ | - | ၀ | လက်ချီ |

## ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၆) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုချန် | ၃ | - | ၁ | ဟာသာဘာလင် |
| ဖရန့်ဖတ် | ၃ | - | ၀ | ရှော်လ်ကေး |
| ယူနီယံဘာလင် | ၃ | - | ၁ | ဟော်ဖန်ဟိမ်း |
| စတုဂတ် | ၁ | - | ၁ | မိန့်ဇ် |
| ဝုဖ်ဘတ် | ၆ | - | ၀ | ဖရိုင်းဘတ် |

(၀၄၀)

# မြန်မာ့ကာလပေါ်ဝတ္ထုအစ မောင်ရင်မောင်-မမယ်မ က

**ပုသိမ်အောင်သန်းဦး**

မြန်မာ့ဝတ္ထုသမိုင်းကို ပြန်လည်လေ့လာကြည့်သောအခါ ဆရာကြီးဂျိမ်းလှကျော်၏ မောင်ရင်မောင်-မမယ်မ ဝတ္ထုရှည်ကို တွေ့ရပါသည်။ အဆိုပါဝတ္ထုထွက်ပေါ်လာသည့် ၁၉၀၄ ခုနှစ်မှ ပြန်၍ရေတွက်သော် နှစ်ပေါင်း ၁၁၉ နှစ်တိုင်ခဲ့ပြီကို တွေ့ရပါသည်။ ထို့ကြောင့် ခေတ်ပေါ်မြန်မာဝတ္ထုများ ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း ၁၂၀ ခန့် ကြာမြင့်ခဲ့ပြီဟု ဆိုနိုင်ပါသည်။

စစ်စစ် မောင်ရင်မောင်-မမယ်မ ဝတ္ထုသည် ဆရာကြီးဂျိမ်းလှကျော်၏ ပင်ကိုရေးဝတ္ထုစစ်စစ်မဟုတ်ပါ။ ပြင်သစ်စာရေးဆရာဒူးမား၏ ကောင့်အော့မွန်တီခရစ္စတို (မွန်တီခရစ္စတိုမြို့စားကြီး) ဝတ္ထုရှည်ကို မှီငြမ်းပြီး မြန်မာမှုပြုထားသည့် ဝတ္ထုရှည်ဖြစ်သည်။

ဖန်တီးမှုအတတ်ပညာ၊ ဇာတ်လမ်းပျိုးပုံ၊ သယ်ပုံတို့မှာ မူလဝတ္ထုနှင့်လုံးဝမတူပါ။ မောင်ရင်မောင်သည် လှေကုန်ကူးရင်း ရာဇဝတ်မှုသင့်က ထောင်ကျသည်။ အတူပါ မောင်မြတ်သာက မောင်ရင်မောင်၏ချစ်သူမမယ်မကို ပိုးပန်းရာမှ မင်းပြစ်မင်းဒဏ်သင့်အောင် တိုင်တန်းသဖြင့် မောင်ရင်မောင် ထောင်ကျရခြင်းဖြစ်သည်။ ထောင်ထဲတွင် မောင်ရင်မောင်၏အဖေအရင်းနှင့်တွေ့သည်။ အဖေသေ၍ အလောင်းရေထဲအချတွင် မောင်ရင်မောင် လူချင်းလဲ၍ လွတ်မြောက်လာ၏။ အောက်ပြည်အောက်ရွာသို့ မောင်ရင်မောင်ရောက်တိမ်းရင်း ချစ်သူနှင့်ပြန်တွေ့ကာ ပေါင်းသင်းရ၏။ အစဉ်အလာ နန်းတွင်းဇာတ်ထဲမှ လမ်းခွဲထွက်လာသည့် ဇာတ်လမ်းဖြစ်သည်။

ဇာတ်အိမ်အဖွဲ့မှာ ကမ္ဘာ့ဝတ္ထုပုံစံမျိုးဖြစ်သည်။ မူရင်းဝတ္ထုမှ အခန်း (၉) ခန်းထိသာ မှီးထားပြီး ကျန်ဇာတ်လမ်းများမှာ ဆရာကြီးဂျိမ်းလှကျော်၏ မူပိုင်ဇာတ်လမ်းများဖြစ်သည်။

အဆိုပါ မောင်ရင်မောင်-မမယ်မ ဝတ္ထုနှင့် ပတ်သက်ပြီး ဆရာကြီးဦးဖေမောင်တင်က ဤသို့ မှတ်ချက်ချခဲ့သည်။ "ဤဝတ္ထုသည် လူကြိုက်များသော ဝတ္ထုဖြစ်သည်။ ထို့ကြောင့် ဝတ္ထုရေးသူသည် ရသစာပေအဖွဲ့သစ်တစ်ခုကို အင်္ဂလိပ်ဘာသာ မတတ်ကျွမ်းသော မြန်မာစာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးခဲ့သူအဖြစ် ဥဒါန်းတွင်ခဲ့ပြီ။

မြန်မာဝတ္ထုထဲက မောင်ရင်မောင်သည် စင်စစ် မြန်မာအသွင်ကိုယူထားသော ပြင်သစ်အမတ် မွန်တီခရစ္စတိုပင်ဖြစ်သည်။ သို့ရာတွင် မြန်မာပြန်၍ ကိုယ်ထင်ပြထားသော အမတ်ကြီးသည် ဥရောပ၌ ပြုမူကျင့်ကြံသကဲ့သို့ မြန်မာပြည်၌ ကျင့်ကြံနိုင်မည်မဟုတ်။ မြန်မာကဲ့သို့ ကျင့်ကြံရမည်သာဖြစ်သည်။ မြန်မာ မောင်ရင်မောင်သည် ကလဲ့စားချေတတ်သော၊ ရက်စက်တတ်သော မကောင်းမှုကိုပယ်ရမည်ဟူသော တရားကိုဆုပ်ကိုင်၍ ခက်ထန်လွန်းသော ပြင်သစ်အမတ်ကြီး မဟုတ်တော့ပြီ။ ဗုဒ္ဓဘာသာဝင်သူတော်စင် ပီပီ သိမ်မွေ့သော၊ ချစ်ဖွယ်ကောင်းသော သူတစ်ပါး၏အဆိုးကို မေ့ပျောက်လိုသော၊ ခွင့်လွှတ်တတ်သော သူဖြစ်သည်" ဟူ၍ မှတ်ချက်ပြုခဲ့ပါသည်။

ဆရာကြီးဂျိမ်းလှကျော်၏ မောင်ရင်မောင်-မမယ်မ ဝတ္ထုရှည်ထွက်ပြီး အနှစ် ၆၀ ခန့်ကြာသောအခါ ၁၉၆၀ ပြည့်နှစ်တွင် ဆရာကြီးရွှေဥဒေါင်းသည် ဒူးမား ဝတ္ထုရှည်တစ်ပုဒ်ကို ရတနာသိုက်အမည်ဖြင့် ပုံနှိပ်ထုတ်ဝေဖူးသည်။ ထို့အတူ ဆရာအောင်သူရက ၁၉၅၉ ခုနှစ်တွင် အင်္ဂလိပ်ဘာသာမှ တိုက်ရိုက်မြန်မာပြန်ဆို၍ မွန်တီခရစ္စတိုအမည်ဖြင့် နှစ်တွဲထုတ်ဝေခဲ့ကြောင်း သိရပါသည်။

စာရေးဆရာကြီးဒူးမား၏ မွန်တီခရစ္စတိုမြို့စားကြီး ဝတ္ထုရှည်၏ အဓိကဦးတည်ချက်မှာ လက်စားချေရေးကို အထပ်ထပ်ဖော်ပြပြီး ဇာတ်သိမ်းတော့မှ လက်စားချေရေးဝါဒကို အပြစ်တင်သုံးသပ်ထားပါသည်။

ဆရာကြီးဂျိမ်းလှကျော်၏ မောင်ရင်မောင်-မမယ်မ ဝတ္ထုရှည်တွင်မူ ဘုရားအလောင်းတော် ဇနကမင်း၏

**❖ ဆရာကြီးဂျိမ်းလှကျော်၏ မောင်ရင်မောင်-မမယ်မ ဝတ္ထုရှည်တွင်မူ ဘုရားအလောင်းတော် ဇနကမင်း၏နည်း၊ အတိဒုက္ခနှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင် လုံ့လဝီရိယကိုမလျှော့သော ယောကျာ်းကောင်းတို့၏ အင်္ဂါရပ်များနှင့်ညီညွတ်စွာ ဆောင်ရွက်သည့်အကျိုးကျေးဇူးများကြောင့် သေမည့်ဘေးမှ လွတ်မြောက်ပြီးလျှင် အချိန်အခါသင့်သောကာလတွင် သူဌေးသူကြွယ်၏ဘဝကိုရရှိရုံမက ငယ်ရွယ်စဉ်အခါကပင် ချစ်ခင်စွဲလမ်းခဲ့ကြသည့် ကွဲကွာနေကြသောချစ်သူနှင့် ပြန်လည်ပေါင်းဖက်ကြရပုံကို ဖော်ပြထားပါသည်။ ❖**

နည်း၊ အတိဒုက္ခနှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင် လုံ့လဝီရိယကို မလျှော့သော ယောကျာ်းကောင်းတို့၏ အင်္ဂါရပ်များနှင့်ညီညွတ်စွာ ဆောင်ရွက်သည့်အကျိုးကျေးဇူးများကြောင့် သေမည့်ဘေးမှ လွတ်မြောက်ပြီးလျှင် အချိန်အခါသင့်သောကာလတွင် သူဌေးသူကြွယ်၏ဘဝကိုရရှိရုံမက ငယ်ရွယ်စဉ်အခါကပင် ချစ်ခင်စွဲလမ်းခဲ့ကြသည့် ကွဲကွာနေကြသောချစ်သူနှင့် ပြန်လည်ပေါင်းဖက်ကြရပုံကို ဖော်ပြထားပါသည်။

ဝတ္ထုရေးဆရာ ဆရာကြီးဂျိမ်းလှကျော်၏ အကြောင်းကိုလည်း အလျဉ်းသင့်၍ ရေးသားတင်ပြပါသည်။

ဆရာကြီးဂျိမ်းလှကျော်သည် ၁၈၆၆ ခုနှစ်တွင် ရွှေကျင်မြို့၌ အဖ ဦးစွပ်၊ အမိ ဒေါ်ဆိုင်တို့မှ မွေးဖွားခဲ့သည်။ ငယ်စဉ်က ရွှေကျင်မြို့ အင်္ဂလိပ်-မြန်မာ အစိုးရကျောင်း၊ ရန်ကုန်မြို့ရှိ ဆရာမှတ်ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ယခုခေတ် ဥပစာတန်းအဆင့်ကို သင်ယူတတ်မြောက် အောင်မြင်ခဲ့သည်။

အင်္ဂလိပ်စစ်တပ်တွင် စကားပြန်၊ ထို့နောက် စာတော်ပြန်၊ မြို့အုပ်စာမေးပွဲ၊ ရှေ့နေစာမေးပွဲများ ဖြေဆိုအောင်မြင်ခဲ့သည်။ မြို့အုပ်၊ ငွေတိုက်ဝန်ထောက်၊ နယ်ပိုင်ဝန်ထောက်တာဝန်များ ထမ်းဆောင်ခဲ့သည်။ ရှေ့နေတာဝန်ကိုလည်း တစ်ဖက်မှ တာဝန်ထမ်းခဲ့ပြီး ဂီတနှင့်ဆေးပညာတို့တွင်လည်း ဝါသနာပါကြောင်း သိရသည်။

ဆရာကြီးသည် မောင်ရင်မောင်-မမယ်မ ဝတ္ထုရှည်အပြင် ဝတ္ထုတိုများ၊ ဆောင်းပါးများ၊ ဥပဒေကျမ်းများလည်း ရေးသားခဲ့သည်ဟု သိရပါသည်။ ဆရာကြီးကား မြန်မာဝတ္ထုသမိုင်းတွင် ဦးဆောင်ခဲ့သူတစ်ဦး ဖြစ်ခဲ့ပါသည်။

ပညာရှိအများက ဆရာကြီးဂျိမ်းလှကျော်၏ မောင်ရင်မောင်-မမယ်မ ဝတ္ထုရှည်သည် သာယာဝတီမင်းလက်ထက် မြန်မာတို့၏ လူနေမှုအဖွဲ့အစည်းခေတ်ကိုပီပြင်စွာ သရုပ်ဖော်နိုင်သည်ဟူ၍လည်း မှတ်ချက်ချထားသည်ကို တွေ့ရပါသည်။

မြန်မာဝတ္ထုရှည်သမိုင်းအစ "မောင်ရင်မောင်-မမယ်မ"က ဟု ဆိုကြသည့်အတိုင်း မြန်မာဝတ္ထုသမိုင်း၏ဖခင်ကြီးဟုဆိုနိုင်သည့် ဆရာကြီးဂျိမ်းလှကျော်သည် ၁၉၂၀ ပြည့်နှစ် အသက် ၅၄ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ သက်ရှိထင်ရှားရှိဦးမည်ဆိုပါက ဆရာကြီး၏အသက်မှာ ယခုအခါ ၁၅၇ နှစ် ရှိမည်ဖြစ်ပါသည်။

လွန်ခဲ့သော ၁၁၉ ခုနှစ်က ပေါ်ပေါက်ခဲ့သော ဆရာကြီး ဂျိမ်းလှကျော်၏ "မောင်ရင်မောင်-မမယ်မ" ဝတ္ထုရှည်ကို ယနေ့လူငယ်များ လေ့လာဖတ်ရှုသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

**ကိုးကား**

**– ဆရာကြီးဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း**

## ပုသိမ်မြို့နယ်တွင် ယာယီရပ်နားခဲ့သည့်မြေအိုးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာ



**ပုသိမ် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှထွက်ရှိသည့် မြေအိုးများကို ပြန်လည်ဝယ်ယူမှုအားကောင်းလာသဖြင့် ယာယီရပ်နားခဲ့သည့် မြေအိုးလုပ်ငန်းများ ပြန်လည် လုပ်ကိုင်လာကြောင်း ပုသိမ်မြို့နယ်မှ မြေအိုးလုပ်ငန်းရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်မှဒေသခံများ မိရိုးဖလာလုပ်ငန်းတစ်ခုအဖြစ် အဓိကလုပ်ကိုင်သော မြေအိုးများကို ထုတ်လုပ်ရောင်းချခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် မြေအိုးသုံးစွဲမှုအားနည်းလာသောကြောင့် မြေအိုးလုပ်ငန်းများ ယာယီရပ်ထားခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါဒေသထွက် မြေအိုးများကို ပြန်လည်ဝယ်ယူမှု အားကောင်းလာသဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ဒီမြေအိုးလုပ်ငန်းကတော့ မိရိုးဖလာလုပ်ငန်းဖြစ်လို့ ပြန်လုပ်ရတော့ ဝမ်းသာပါတယ်။ ဒီလို ပြန်လုပ်ရတာကလဲ ဖောက်သည် ကုန်သည်တွေဘက်က ပြန်မှာယူလာလို့ဖြစ်တယ်။ မြေအိုးလုပ်ငန်းက ပြီးခဲ့တဲ့ နှစ်နှစ်လောက်က အကျဘက်ကို တော်တော် ရောက်ခဲ့တာ။ ဒါ့ကြောင့် ယာယီရပ်ပစ်လိုက်ရတာပါ။ မြေအိုးတွေကို လူတွေက အသုံးပြုမှုနည်းလာတယ်လို့ ထင်ရပါတယ်။ ပလတ်စတစ်နဲ့လုပ်တဲ့ အရာတွေကို ပိုအသုံးများလာကြတယ်။ ဒါပေမဲ့ တချို့က ပလတ်စတစ်က ကျန်းမာရေးမညီညွတ်လို့ နေရာတကာ သုံးမရတာတွေ ရှိပါတယ်။ ဒါ့ကြောင့် မြေအိုးလုပ်ငန်းတွေကို ပြန်လည်လုပ်ကိုင်လာတာဖြစ်တယ်။ လက်ရှိ ရန်ကုန်ဘက်ကို အဓိကတင်ပို့ရောင်းချနေရပါတယ်"ဟု ပုသိမ်မြို့နယ်မှ မြေအိုးလုပ်ငန်းရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

လက်ရှိ ပုသိမ်မြို့နယ်တွင် မြေအိုးများကို ရန်ကုန်ဘက်က ဝယ်ယူမှုအားကောင်းနေပြီး တစ်ပတ်လျှင် ငွေကျပ် သိန်း ၃၀ မှ သိန်း ၄၀ ဖိုးထိ ရောင်းအားရှိနေကြောင်း၊ မြေအိုးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာရသဖြင့် မြေအိုးကျွမ်းကျင်လုပ်ငန်းရှင်များ၊ မြေအိုးလုပ်သားများ၊ မြေအိုးကို လက်လီလက်ကား ဝယ်ယူရောင်းချသူများလည်း အဆင်ပြေလာကြောင်း မြေအိုးလုပ်ငန်းရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ငဖဲမြို့နယ် ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ငဖဲ ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်းဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ပေါင်းကလေးကျေးရွာ၌ တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိမရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိမ်းသိမ်းကြရန် မှာကြားခဲ့သည်။

ငဖဲမြို့နယ် ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမနှစ်စက်ဝန်းအဖြစ် နေကြာသီးသန့်စိုက်ပျိုးသူ ၅၆ ဦးကို ငွေကျပ် ၁၉၆ သိန်း၊ သီးညှပ်လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၀၂ သိန်းနှင့် နှမ်းသီးသန့်စိုက်ပျိုးသူ တစ်ဦးကို ငွေကျပ် နှစ်သိန်း စုစုပေါင်းအသင်းသား ၁၀၁ ဦးကို ငွေကျပ်သိန်း၃၀၀ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ပြောပြ၍ သိရသည်။ **ကိုရှိုင်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းပဋိပက္ခကြောင့် ဗြိတိန်စစ်ဘက်ကို ခေတ်မီအောင်လုပ်ဆောင်ခြင်း၏ အချို့ကဏ္ဍများတွင် အဆင်မပြေဖြစ်နေ



ယူကရိန်း၌ဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် ဗြိတိန်စစ်ဘက်ကို ခေတ်မီအောင်လုပ်ဆောင်ခြင်း၏ အချို့ကဏ္ဍများတွင် အဆင်မပြေဖြစ်နေကြောင်း ဗြိတိန်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Sharon Nesmith က ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံတွင် ရုရှားအထူးစစ်ဆင်ရေးပြုလုပ်မှုကြောင့် ဗြိတိန်စစ်ဘက်သည် ၎င်း၏ အနာဂတ်စစ်သည်များခေတ်မီရေး အစီအစဉ်များ အဆင်မပြေဖြစ်သည့်အတွက် ပြန်လည်စဉ်းစားခဲ့ရကြောင်း ဗြိတိန်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Sharon Nesmith က ပြောကြားခဲ့သည်။

လေကြောင်းရန်ကာကွယ်ရေး၊ မောင်းသူမဲ့စနစ်များနှင့်ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်ခြင်းတို့ကို ပြန်လည်ချိန်ညှိလုပ်ဆောင်ရန် လိုအပ်သည့်နယ်ပယ်များအဖြစ် ကိုးကားဖော်ပြခဲ့သည်။

ဗြိတိန်စစ်ဘက်သည် ကာကွယ်ရေးဆိုင်ရာဝယ်ယူမှုကို အရှိန်မြှင့်လုပ်ဆောင်ရန် အခွင့်အလမ်းများကို ဆက်လက်ရှာဖွေရေး Sharon Nesmith က အကြံပြုခဲ့သည်။

ခေတ်မီတိုးတက်ရေး မောင်းနှင်မှုတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရမည်ဆိုပါက ပံ့ပိုးရေးကွင်းဆက် အခက်အခဲများနှင့် စက်မှုဆိုင်ရာစွမ်းရည်များကဲ့သို့ လက်တွေ့ဆန်သော ကန့်သတ်ချက်ရှိနေမှုများကို ထိန်းကျောင်းရမည်ဖြစ်ကြောင်း Sharon Nesmith က ပြောကြားခဲ့သည်။

Future Soldier ပရိုဂရမ်သည် အနှစ် ၂၀ အတွင်း ဗြိတိသျှစစ်ဘက်၏ အဆုံးစွန်သော အသွင်ကူးပြောင်းမှုကို အောင်မြင်ရန် ၂၀၂၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် ခေတ်မီအဆင့်မြှင့်တင်ရေး ကြိုးပမ်းမှုတစ်ခုဖြစ်သည်။

၎င်းတွင် အနာဂတ်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ၂၀၃၀ ပြည့်နှစ်၌ အပြည့်အဝခေတ်မီတိုက်ခိုက်ရေးတပ်မတစ်ခု ဖွဲ့စည်းတည်ထောင်ခြင်း ပါဝင်နေသည်။

ခေတ်မီ၊ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ တစ်စိတ်တစ်ပိုင်းအနေဖြင့် Challenger 3 ပင်မတိုက်ပွဲဝင်တင့်ကားများ၊ Ajax သံချပ်ကာ တိုက်ခိုက်ရေးယာဉ်များနှင့် Boxer သံချပ်ကာ လူသယ်ယာဉ်များကို ဖြန့်ကြက်ချထားခြင်းများဖြစ်သည်။

ပဏာမလုပ်ဆောင်ချက်များအတွက် ပံ့ပိုးသုံးစွဲရန် စုစုပေါင်း ပေါင် ၄၁ ဒသမ ၃ ဘီလီယံ(အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၄ဘီလီယံ)လျာထားခဲ့ခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံတွင် ရုရှားနိုင်ငံအထူးစစ်ဆင်ရေးအတွင်း စစ်အင်အားပြသမှုသည် နိုင်ငံအများအပြား၌ ပဋိပက္ခတင်းမာမှုများပြင်းထန်လာသည့်အချိန်တွင် ကိုယ့်ကိုယ်ကိုယ်ခုခံကာကွယ်နိုင်ရန် ခေတ်မီ၊ အဆင့်မြှင့်လက်နက်စနစ်များ ထုတ်လုပ်၊ ပိုင်ဆိုင်နိုင်ရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံလုပ်ဆောင်သွားကြရေးကို တွန်းအားတစ်ရပ်ဖြစ်စေခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် ပိုလန်နိုင်ငံသည် အိမ်နီးချင်းယူကရိန်းပဋိပက္ခအတွင်း ၎င်း၏စစ်ဘက်ကို စွမ်းအားမြှင့်တည်ဆောက်နေစဉ် အမေရိကန်ထံမှ Abrams တိုက်ပွဲဝင်တင့်ကား ၁၁၆ စီး ဝယ်ယူရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဖင်လန်နိုင်ငံသည် AIM 9X Block II နည်းဗျူဟာမြောက် ဒုံးကျည်များနှင့် AGM-154 Joint Stand-Off Weapons တာဝေးပစ်လက်နက်များကို အမေရိကန်ဒေါ်လာ ၃၂၃ သန်းဖြင့် ဝယ်ယူရန် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**British Army Concerned About Modernization Due to Ukraine War: Official ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအတွက် အမေရိကန်စစ်ဘက်ဆိုင်ရာအကူအညီပေးရေး အစီအစဉ်သစ်တွင် Stryker 8×8 သံချပ်ကာယာဉ်အစီးရေ ၁၀၀ နှင့် အခြားစစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများပါဝင်



အမေရိကန် မီဒီယာအများအပြားက ထုတ်ပြန်သည့် အချက်အလက်များအရ ယူကရိန်းအတွက် နောက်ထပ်အမေရိကန်စစ်ဘက်ဆိုင်ရာအကူအညီပေးရေး အစီအစဉ်သစ်တွင် Stryker 8×8 သံချပ်ကာယာဉ်အစီးရေ ၁၀၀ နှင့် အခြားစစ်ဘက်ဆိုင်ရာလက်နက်၊ ခဲယမ်း၊ ပစ္စည်းကိရိယာများပါဝင်ကြောင်း ဇန်နဝါရီ ၁၉ ရက်တွင် www.armyrecognition.com သတင်းအယ်ဒီတာအဖွဲ့က ရေးသားအစီရင်ခံထားသည်။

Stryker သည် သံချပ်ကာယာဉ်အုပ်စုအမျိုးအစားဖြစ်ပြီး သံချပ်ကာလူသယ်ယာဉ်၊ ကင်းထောက်ယာဉ်၊ ယာဉ်တင်လက်နက်စနစ်၊ မော်တာစနစ်၊ ကြီးကြပ်ကွပ်ကဲမှုယာဉ်၊ စစ်ကူပေးယာဉ်၊ အင်ဂျင်နီယာလုပ်ငန်းသုံးယာဉ်နှင့် ဆေးဘက်ဆိုင်ရာကယ်ဆယ်ရေးယာဉ်များ စသည်ဖြင့် သီးခြား ရည်မှန်းချက်တာဝန်မျိုးစုံ ထမ်းဆောင်နိုင်မည်လည်းဖြစ်သည်။

အမေရိကန်မီဒီယာများမှ အချက်အလက်များကိုကိုးကား၍ အမေရိကန်နိုင်ငံသည် ဇန်နဝါရီ ၂၀ ရက်တွင် ယူကရိန်းအတွက် Stryker 8×8 သံချပ်ကာယာဉ်အစီးရေ ၁၀၀ အပါအဝင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စစ်ဘက်ဆိုင်ရာ အကူအညီပေးရေး အစီအစဉ်သစ်ကို ကြေညာခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလအစောပိုင်းတွင် Bradley M2A2 သံချပ်ကာ IFV (ခြေလျင်တိုက်ခိုက်ရေးယာဉ်များ) နှင့် M109 Paladin 155mm ချိန်းတပ် Self-propelled ဟောင်ဝစ်ဇာအမြောက် အစီး ၅၀ တို့ကို ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ဤကြေညာချက်အသစ်သည် အမေရိကန်မှ ယူကရိန်းသို့ တိုက်ခိုက်ရေးသံချပ်ကာယာဉ်များပံ့ပိုးရေးတွင် နောက်ထပ်ခြေလှမ်းသစ်တစ်ခုဟုလည်း ဆိုနိုင်ပြီဖြစ်သည်။

ဇန်နဝါရီ ၁၈ ရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး Lloyd J. Austin III သည် ယူကရိန်းနိုင်ငံကာကွယ်ရေးအဆက်အသွယ်အဖွဲ့ အစည်းအဝေးအကြိုအဖြစ် ဘာလင်တွင် ဂျာမနီကာကွယ်ရေးဝန်ကြီးသစ်နှင့်တွေ့ဆုံခဲ့သည်။ ဂျာမနီနိုင်ငံ ရမ်စတိန်းလေတပ်စခန်း၌ ဇန်နဝါရီ ၂၀ ရက်တွင် အဆက်အသွယ်အဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့သည်။

ယူကရိန်းနိုင်ငံတွင် လာမည့်နွေဦး၌ ထိုးစစ်ဆင်ရန် ရုရှားကအသင့်ပြင်နေသည်ဟု အမေရိကန်တာဝန်ရှိသူများက ယုံကြည်နေကြသည်။ ယူကရိန်းနိုင်ငံသည် မိမိကိုယ်ကို ခုခံကာကွယ်နိုင်ရေး လိုအပ်သည့်အရာမှန်သမျှ ပံ့ပိုးပေးသွားရန် မဟာမိတ်၊ မိတ်ဖက်အဖွဲ့နိုင်ငံများက အာရုံစိုက်လုပ်ဆောင်နေကြခြင်းလည်းဖြစ်သည်။ အထူးသဖြင့် ရုရှားက သိမ်းယူထားသောနယ်မြေကို ပြန်လည်ရယူရန်၊ ရုရှားထိုးစစ်ကို တန်ပြန်ချေမှုန်းရန်နှင့် တိုက်ခိုက်မှုများကို တုံ့ပြန်နိုင်ရန် ယူကရိန်းနိုင်ငံက လိုအပ်သည့်အရာများကို ဖြည့်ဆည်းပေးရန်ကြိုးပမ်းလျက်ရှိသည်ဟု သိရသည်။ ၎င်းတွင် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်နှင့် အမြောက်စနစ်များပါဝင်သည်။

Stryker 8×8 သံချပ်ကာယာဉ်များကို ယူကရိန်းသို့ မည်သည့်မော်ဒယ်များ ပို့ဆောင်မည်ကို အတိအကျမသိရသေးသော်လည်း သံချပ်ကာလူသယ်ယာဉ် (APC)ဗားရှင်းသည် ဤပထမအသုတ်တွင် ပါဝင်လာမည်မှာသေချာသည်။

Stryker M1126 ICV (ခြေလျင်တိုက်ခိုက်ရေးယာဉ်)သည် Stryker အုပ်စုရှိ APC (သံချပ်ကာလူသယ်ယာဉ်)ဗားရှင်းဖြစ်သည်။ ၎င်းသည် အမေရိကန်ကုမ္ပဏီ General Dynamics Land Systems က ထုတ်လုပ်သော Stryker သံချပ်ကာတိုက်ခိုက်ရေးယာဉ်အမျိုးအစားဖြစ်သည်။ ၎င်းကို အမေရိကန်စစ်ဘက်မှ ခြေလျင်သုံးသံချပ်ကာ လူသယ်ယာဉ်အဖြစ်အသုံးပြုထားပြီး ကင်းထောက်ခြင်း၊ ဆေးဘက်ဆိုင်ရာ ကယ်ထုတ်၊ ရွှေ့ပြောင်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိန်းချုပ်ခြင်းအပါအဝင် တာဝန်အမျိုးမျိုးအတွက် ပြင်ဆင်သတ်မှတ် တာဝန်ပေးအပ်နိုင်ကြောင်း သိရသည်။

**New US military aid package for Ukraine includes 100 Stryker 8×8 armored vehicles ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends closing ceremony of 2023 Chinese New Year commemorative friendship basketball matches and Chinese New Year celebrations



Senior General Min Aung Hlaing extends Chinese New Year greetings.

**Nay Pyi Taw January 21**

The closing ceremony of 2023 Chinese New Year commemorative friendship basketball matches and Chinese New Year celebrations were held at National In-door Stadium 1 Thuwunna in Yangon this evening graced by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla with their presence.

First, the Senior General and wife were warmly welcomed by Chinese Ambassador to Myanmar H.E. Mr. Chen Hai, President of Myanmar Chinese Chamber of Commerce U Aik Tun, the chairman of Myanmar Basketball Federation and officials. Accompanied by band troupes, participating basketball teams, Chinese Traditional Dragon Dance Troupes, Lion Dance Troupes, and cheerleaders saluted the Senior General at the basket matches closing ceremony.

Later, students of band troupes and cheerleaders of No 2 Basic Education High School No. 2, Latha, and Chinese Traditional Dragon Dance Troupe staged performances at the venue.

Also present were SAC Joint Secretary Lt-Gen Ye Win Oo and wife, SAC members, Union ministers and their wives, Yangon Region Chief Minister U Soe Thein and wife, senior military officers from Office of Commander-in-Chief and their wives, Ambassador H.E. Mr. Chen Hai and officials, the Yangon Command commander, officials of Union of Myanmar Federation of Chambers of Commerce and Industry, Myanmar Chinese Chamber of Commerce, China-Myanmar Friendship Association, Myanmar Basketball Federation, honoured guests, Myanmar citizens of Chinese ancestry, and students of Sports and Physical Science Institute (Yangon).

Basketball team of the Embassy of People's Republic of China in Myanmar and Youth Basketball team played in the first friendship match, and the Chinese Embassy team and former Myanmar basketball player's team played in the second match. The Senior General and wife and attendees watched the matches.

On arrival at the venue of the Chinese New Year Festival, the Senior General and wife and attendees were honoured with Chinese traditional towels.



Senior General Min Aung Hlaing and wife observe students' performances.

SAC members, the chief minister, the commander, the Chinese ambassador and officials formally opened the New Year ceremony by cutting the ribbon.

The Senior General and the ambassador formally launched the New Year celebrations by pushing the button.

After that, the Chinese New Year celebration began and the Prime Minister and his wife and those who attended the ceremony watched a tribute performance by traditional Chinese dragon dance groups. They took photos together with the dance groups, and toured the traditional Chinese culture galleries and shops. After that, they watched and cheered for the Chinese New Year fireworks display.

After that, the 2023 Chinese New Year Friendship Basketball Tournament and the Chinese New Year Celebration Dinner were held. First, a traditional Chinese lion eye-opening wedding ceremony was held and the Prime Minister and his wife painted the traditional Chinese lion in accordance with Chinese traditions.

After that, the Prime Minister, in his greetings for the Chinese New Year Festival, said that according to the calendar commonly used in the world, New Year's Day is generally regarded as January 1, but the ethnic groups living in the world have their own calendars and their own New Year's Day. Tomorrow, January 22, is also the New Year's Day of the Chinese people, who currently have the largest population in the world. It is an honour to have the opportunity to say greeting words on such a day. The New Year is the transition from the old year to the new year. At the time of such a transition, all of them must carefully study and analyze the good and bad things they experienced in the previous year, analyze and criticize them, and work together to help each other to improve in the new year. All of them include individuals, families, neighborhoods, cities, and countries.

The year 2023 is the traditional Chinese year of the Rabbit. According to the Chinese zodiac, it is the fourth year and means affection, peace, and prosperity.



Senior General Min Aung Hlaing and wife watch Chinese traditional dragon dance.

*See Page 14*

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Thandwe station


Senior General Min Aung Hlaing meets officers, other ranks and families of Thandwe Station.

**Nay Pyi Taw January 21**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing this morning met with officers, other ranks and families in Thandwe Station of Rakhine State.

Also present at the meeting were Daw Kyu Kyu Hla, wife of the Senior General, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief and their wives, Commander of Western Command Maj-Gen Htin Latt Oo and officials.

**Political progress**

Speaking on the occasion, the Senior General expressed his delightedness with meeting officers, other ranks and families of Thandwe station. Tatmadaw is serving the duties of State security and defence, and rule of law while cementing the multiparty democratic system and taking care of not occurring violent acts under the law. The Senior General explained exercising multiparty democratic system by global countries, occurrence of voting frauds in the 2022 multiparty democracy general election in Myanmar, not solving thee voting frauds, a political declaration of the state of emergency in the country, and serving State responsibilities by the Tatmadaw, crises in outbreak of Covid-19, legally controlling violent events triggered by instigations of political opportunists, and efforts for political, economic and social development and peace and stability of the State in implementing the policies and objectives.

The Senior General highlighted enhancement of economy of the State, saying that weak management and lack of encouragement to domestic economy of the previous government affected decline of State economy with a large amount of trade deficit. Because of lack of encouraging domestic manufacturing, local people went abroad for seeking jobs.

**Striving for enhancement of State economy**

Hence, the Senior General underscored that the government is encouraging domestic manufacturing in order to surge the economy while emphasizing the MSME businesses suitable for the State economy. It can be seen that the country sees development of economy to some degree at present. The government pays back foreign loans. The government pledged to strive for further improving the local economy. Myanmar is blessed with under and above ground and water resources. If these natural resources can be utilized with human resources systematically, State economy will surge. If everybody strives for boosting State economy with momentum, Myanmar will reach the middle class of economy among ASEAN countries in a short time. Encouragement must be given to agriculture and livestock farms for achieving greater development so as to contribute to manufacturing measures for earning greater amount of foreign exchange.

**Take measures for the welfare and education promotion of Tatmadaw members**

Within the Tatmadaw, it is necessary to engage in military-owned and small-scale agricultural and livestock breeding businesses for the welfare of Tatmadaw members. It's an honour to conduct such businesses, and their success will benefit the country. The Tatmadaw has arranged everything it could for the livelihoods of Tatmadaw members and families. Moreover, measures are being taken for the education promotion of Tatmadaw members. While grades in education are required, reading is also necessary to be educated. Then, they will have skills and knowledge as well as professional skills in their respective subjects. As parents, they also need to try to encourage and improve the education of their children. Necessary assistance is being provided for the education promotion of Tatmadaw families. Books and publications have been provided for the libraries in the military units and battalions for the knowledge of officers and other ranks. So, they need to constant read them. Since food and accommodation as well as things for improved knowledge have been provided, Tatmadaw members are urged to shoulder their duties by being loyal to the State and the Tatmadaw.

The Tatmadaw is working for good sake of the country. Tatmadaw members for their part need to act like fire and fury against the enemy and peace and love towards the people. They must try not only to improve themselves but also to severe the best interests of the country and the Tatmadaw.

**Food and cash awards presented**

The Senior General presented food for the Tatmadaw members to the commander and the wife of the Senior General presented cash awards for the station maternal and child welfare association to the commander's wife.

After the meeting, the Senior General and party cordially greeted the officers and other ranks and their families. Then, the requirements were fulfilled.

Later, the Senior General presented an oil painting to the commander. The painting features fierce fighting between Myanmar royal troops led by Maha Thiha Thura (Myawady Mingyi U Sa) under the control of Commander Maha Bandoola and British troops settled beside a lake near the Panwa River on 17 May 1824 during the first Anglo-Myanmar war. 100


Senior General Min Aung Hlaing cordially converses with families.

# More than 700 factories manufacture CMP products


The workplace of a garment factory.

**Nay Pyi Taw January 21**

There are 738 factories producing products on a CMP basis earning increased incomes monthly, said Daw Khaing Zarchi Win, CEC member of Myanmar Garment Entrepreneurs Association.

A total of 505 garment factories, 48 foot ware factories, eight synthetic hair factories, bag, sports suits, sports shoes, and others totalling 177 factories are being operated under the prescribed rules and regulations.

"These factories earned more than US$3.707 billion from April to November 2022 in the 2022-23 fiscal year. In April 2022, these factories earned US$185 million from exportation, US$384 million in May, US$610 in June, US$636 million, US$662 million in August, US$500 million in September, US$364 million in October US$366 million in November and US$360 million in December," she added.

Currently, these CMP factories are being run with the largest investment of China, followed by China Taipei, Thailand, Korea and Japan.

The products of CMP industries are included in the list of finished industrial goods sector. From 1 April to 31 December 2022, Myanmar pocketed US$8.46 billion in export of finished industrial goods. ASH

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Turkey condemns 'vile' Sweden Quran-burning protest

**Ankara January 21**

Turkey has condemned the burning of a copy of the Quran during a protest in Sweden, describing it as a "vile act".

It said the Swedish government's decision to allow the protest to go ahead was "completely unacceptable".

It comes amid growing diplomatic tension between the two countries.

Turkey, which had appealed to Sweden to stop the protest, earlier called off a visit by Sweden's Defence Minister, Pal Jonson, saying the trip had "lost its significance and meaning". BBC

# Shark attack on dolphin in Sydney closes popular beaches

**Sydney January 21**

Several popular beaches in Sydney have been closed after sharks attacked a dolphin in waters near the city.

At least two bull sharks were spotted in the Shelly Beach area, in northern Sydney, after the attack and authorities closed all nearby beaches as a precaution.

The injured dolphin circled the shallow waters but eventually beached and died.

Manly Open Surf, a carnival taking place at the beach over the weekend, has been suspended.

Lifeguards cleared people from the water after the attack, which happened at around 07:00 local time on Saturday (20:00 GMT on Friday).

Hundreds of people had been about to compete in the festival.

Tracey Hare-Boyd, a spokeswoman from Surf Life Saving New South Wales (SLSNSW), said that, luckily, no person had been injured or involved in the attack. BBC

*From Page 12*

They carry out lovely traditions such as cleaning the house before the New Year, putting greeting letters on the doors, families reuniting no matter how far away, eating the New Year's meal together with the family, waiting for the first bell of the New Year, and greeting relatives, etc. In today's ceremony, families living in the same house and friends and relatives living under the same land and under the same roof reunited and welcomed the New Year. It is also a valuable combination of the New Year.

During the reigns of ancient Myanmar kings, the two kingdoms established friendly relations by paving golden and silver roads. There are records that a Pyu diplomatic delegation visited and presented artistic performance in China during the reign of the Tang Dynasty in about 802 AD and Sayadaw Shin Ditha Pamauk went to China as a peace envoy to China during the reign of King Narathihapate. Myanmar issued a statement recognizing the People's Republic of China on 1 December, 1949. Diplomatic relations between the two countries was established on 8 June, 1950 and 8 June this year will mark the 73th anniversary of the establishment of diplomatic relations between the two countries. On 1 October in 1960, former prime minister U Nu and prime minister Zhou Enlai signed the Myanmar-China border agreement.

The relations between the two countries is termed as Pauk-Phaw friendship and it can be seen that Myanmar shares more than 2,200 kilometer long border with China while the Thanlwin River flows through both countries. Ethnic people of Myanmar live in China while Chinese descendants reside in Myanmar peacefully.

Successful life path of an individual calls not only for appropriate efforts of that individual but also for a favourable environment and societies. In the same way, development of a country requires not only the efforts of that country but also good neighbours that share borders with it. Myanmar and China are mutually good neighbours. Myanmar is a country that has adopted an independent and active foreign policy and five principles of peaceful co-existence. During an interview with Phoenix TV on 20 May, 2021, in China, I responded that trust in bilateral relations and friendship is the best way to deal with neighbours and neighbours were required to be closest good friends next door. Myanmar would deal with its five neighbours friendly and China and Myanmar were the first countries that signed the principles of peaceful co-existence in the world. Although they were my responses to the interview questions, it cannot be denied that it is the stance of Myanmar on its neighbours.

China issued the third white-paper concerning China (Taipei) on 10 August, 2022. Myanmar has supported the one China policy as a good neighbour in accordance with a Myanmar saying 'Keep one's own precepts whosoever is breaching theirs.'

Myanmar has also welcomed and supported the efforts to cooperate with other countries to turn the world from the unipolar one to the multipolar one. Such efforts are of great benefits to developing countries like Myanmar. I would like to express my special gratitude to China for designating Myanmar as a dialogue partner in the Shanghai Cooperation Organization.

Myanmar is a trustworthy neighbouring country that is not a two-face one for China and her citizens and Myanmar-born Chinese people. China is an important neighbouring country and a multi-strategy partner for Myanmar as well. On this auspicious Chinese New Year Day which falls on the Year of Rabbit, I wish for all to have more friendship, peace and prosperity and Myanmar-born Chinese people living in Myanmar, Chinese citizens in China and Chinese people over the world being happy, rich and all the best.

Then, the Chinese Ambassador to Myanmar made a Chinese New Year wish saying it is the first time the Head of State himself attended the ceremony to mark the Chinese New Year and he thanked him for that. In the New Year, China, with Myanmar, will relay China-Myanmar Shwemyo-Paukphaw friendship hand-in-hand and develop mutual interests for both citizens with the result of bilateral friendship by constantly building the community through thick and thin. He wishes bilateral relations and friendship to straighten more and exist in perpetuity.

Afterwards, the Senior General and wife had dinner to mark Chinese New Year Day together with the attendees. During the dinner, the Chinese Band (Yunnan Communal Temple) presented music with the dance of Mingalar Dragon Team.

Then, Minister for Information U Maung Maung Ohn presented trophies to the Ministry of Home Affairs team who won the first prize in men's open class of basketball competition, A-Studio team the first prize in women's open class, Great Wall team the first prize in over-50 class and Sweet Angel team the first prize in over-50 class.

Chief Minister of Yangon Region U Soe Thein presented commemorative medals to the basketball teams who took part in the competition.

Later, the Senior General and wife cordially greeted the Chinese traditional dance teams and performers and presented souvenir gifts and cash bonuses to them. 100

# ရမည်းသင်းမြို့နယ်တွင် သစ်ဆုံ၊ ကတင်ကန်၊ ကျီးနီကန်ဆည်ရေတို့ဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၂၄၀၀ စိုက်ပျိုးသွားမည်


ယခင်နှစ်က မိုးကြိုချည်မျှင်ရှည်ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် သစ်ဆုံ၊ ကတင်ကန်၊ ကျီးနီကန်ဆည်ရေတို့ဖြင့် မိုးကြိုချည်မျှင်ရှည်ဝါဧက ၂၄၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၂၄၀၀ ကို ဆည်ရေသောက်စနစ်ဖြင့် လာမည့် ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမည့်ဝါမျိုးများအနေဖြင့် ရွှေတောင်(၁၀) မျိုးနှင့် ရွှေတောင်(၈) မျိုးတို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တောင်သူအများဆုံး စိုက်ပျိုးသည့် ဝါမျိုးမှာ ရွှေတောင်(၁၀) မျိုးဖြစ်ကြောင်း သိရသည်။

"ချည်မျှင်ရှည်ဝါက ကိုယ့်ရေမြေဒေသနဲ့ကိုက်ညီတဲ့ သီးနှံလဲဖြစ်တယ်။ ဝါသီးနှံက ပြည်တွင်းလိုအပ်ချက်ရှိပြီး ဝယ်ယူမှုရှိတဲ့သီးနှံဖြစ်ပါတယ်။ ဝယ်ယူမှုရှိတာကြောင့် တောင်သူတွေအတွက်လဲ တွက်ခြေကိုက်ပါတယ်။ ဝါစိုက်ပျိုးတဲ့အတွက် ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂလိကစက်ရုံတွေ၊ နိုင်ငံပိုင်စက်ရုံတွေ ကုန်ကြမ်းရရှိပါတယ်။ ဒါ့ပြင် စက်ရုံမှာလုပ်တဲ့ လုပ်သားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေလဲ ရရှိတယ်။ အဓိက ကတော့ ဝါသီးနှံက ဈေးကွက်အခက်အခဲမရှိလို့ တောင်သူတွေအတွက် အဆင်ပြေကြမှာပါ"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဝါသီးနှံကို မိုးကြို၊ မိုးဦး၊ မိုးနှောင်းတို့တွင် စိုက်ပျိုးထုတ်လုပ်ကြကြောင်း၊ ဝါသီးနှံသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်လျှင် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့် သီးနှံဖြစ်သောကြောင့် ရာသီဥတုပြောင်းလဲမှုအပေါ် မူတည်၍ လိုက်လျောညီထွေဖြစ်စေရန် ဝါသီးနှံကို အဓိကထားစိုက်ပျိုးခြင်းဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။ (၁၈၅)

# ဘိုကလေးမြို့နယ် ကျေးရွာနှစ်ရွာ၌ ဆိုလာစနစ်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘိုကလေး ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ကွင်းပုန်းကျေးရွာနှင့် ရွှေပြည်သာကျေးရွာ၌ ဆိုလာစနစ်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကွင်းပုန်းကျေးရွာနှင့်ရွှေပြည်သာကျေးရွာ၌ ဆီထွက်သီးနှံများစိုက်ပျိုးနိုင်ရန်အတွက် ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ် ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



ကွင်းပုန်းကျေးရွာနှင့် ရွှေပြည်သာကျေးရွာ၌ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာရေတင်စနစ်နှင့် ဆက်စပ်ပစ္စည်းတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၁ ဒသမ ၇၅၃၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် San-di Solar ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကွင်းပုန်းကျေးရွာနှင့် ရွှေပြည်သာကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧက ၁၀၀ ကျော် အကျိုးပြုမည်ဖြစ်ပြီး ယခင်ကထက် စက်သုံးဆီကုန်ကျစရိတ်များ လျော့နည်းသက်သာနိုင်မည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်ထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# သာပေါင်းမြို့၌ ငွေးတောက်ချောင်းကျေးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒုတိယကျေးရွာအုပ်စု ငွေးတောက်ချောင်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ချေးငွေကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်ဦးစီးမှူးက ငွေးတောက်ချောင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငွေးတောက်ချောင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၁-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၈၀၀၀ |
| (ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။) | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၀၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၃၅ |
| (သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။) | | |

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၆၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းကောင်းပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

တန်ဖိုးရှိလှသည့် ပေါင်းစည်းမှုလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များလက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို တည်ထောင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊အေဒီ ၈၀၂ ခုနှစ်ခန့်က တရုတ်ပြည်ထန်မင်းဆက် ဘုရင်လက်ထက်၌ ပျူသံတမန်အဖွဲ့သည် တရုတ်ပြည်သို့သွားရောက်၍ အနုသုခုမပညာများဖြင့် ဖော်ပြခဲ့သည့် မှတ်တမ်းများရှိခဲ့သကဲ့သို့ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်းနရသီဟပတေ့ လက်ထက်တွင်လည်း ဆရာတော်ရှင်ဒိသာပါမောက္ခသည် ငြိမ်းချမ်းရေးသံတမန်အဖြစ် တရုတ်ပြည်သို့ ကြွရောက်ခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကိုလည်း ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်နိုင်ခဲ့ပြီး လာမည့် ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးသည် ၇၃ နှစ် ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊၁၉၆၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင်လည်း ဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးချုပ် ချူအင်လိုင်းတို့က မြန်မာ-တရုတ် နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးဖြစ်ပြီး အိမ်နီးချင်းတရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်မှုကို ကြည့်မည်ဆိုပါကလည်း ကီလိုမီတာပေါင်း ၂၂၀၀ ကျော်ခန့် ထိစပ်နေသည်ကို တွေ့ရမည်ဖြစ်သည့်အပြင် သံလွင်မြစ်သည်လည်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအထိပါ ဖြတ်သန်းစီးဆင်းနေခြင်းဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၌ မိမိတို့တိုင်းရင်းသားလူမျိုးစုများ နေထိုင်လျက်ရှိသကဲ့သို့ တရုတ်နွယ်ဖွားများသည်လည်း မိမိတို့နိုင်ငံတွင် လာရောက်အခြေချပြီး အေးချမ်းစွာနေထိုင်လျက်ရှိပါကြောင်း။

လူတစ်ယောက်၏ ဘဝလမ်းခရီး ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ကာယကံရှင်တစ်ဦးတစ်ယောက်တည်း ကောင်းနေ၍မရပါကြောင်း၊ယင်းနှင့်ဆက်စပ်နေသည့် ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းများလည်း ကောင်းရန်လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆိုပါကလည်း ယင်းနိုင်ငံတစ်ခုတည်းကောင်းအောင် ကြိုးစားနေရုံမက နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းများသည်လည်း အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အပြန်အလှန် အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည်လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို လက်ခံကျင့်သုံးနေသည့်နိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို လက်ခံကျင့်သုံးနေသည့်နိုင်ငံဖြစ်ပါကြောင်း၊ **မိမိကိုယ်တိုင်လည်း ၂၀၂၁ ခုနှစ် မေ ၂၀ ရက်တွင် တရုတ်နိုင်ငံ Phoenix ရုပ်သံမီဒီယာနှင့် အင်တာဗျူး၌ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ ယုံကြည်မှုနှင့် ချစ်ခင်ရင်းနှီးစွာနေခြင်းသည် အကောင်းဆုံးဖြစ်**ကြောင်း၊ **အိမ်နီးချင်းဟူသည်မှာ အရင်းနှီးဆုံး အိမ်နီးချင်းကောင်းများဖြစ်ရမည့်အကြောင်း၊ မြန်မာနိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းငါး နိုင်ငံနှင့် ရင်းနှီးချစ်ကြည်စွာနေထိုင်သွားမည်ဖြစ်သည့်အကြောင်း၊**

**စာမျက်နှာ ၁၉ သို့**



မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E.Mr.Chen Hai က တရုတ်နှစ်သစ်ကူးပွဲတော်၌ နှစ်သစ်ကူးဆုတောင်းကောင်းပြောကြားစဉ်။



မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်းက တရုတ်နှစ်သစ်ကူးပွဲတော်၌ နှစ်သစ်ဆုတောင်းကောင်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.Mr.Chen Hai၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်းနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တရုတ်ရိုးရာ အကအဖွဲ့များနှင့် အနုပညာရှင်များအား အမှတ်တရပန်းခြင်းများ ချီးမြှင့်ပေးအပ်စဉ်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ရုပေါင်းဓာတ်ပုံရိုက်စဉ်။**

**စာမျက်နှာ ၁၈ မှအဆက်**

**တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ကို ကမ္ဘာတွင် ပြေးလက်မှတ်ထိုးသည့်နိုင်ငံဖြစ်ကြောင်းကို ဖြေကြားခဲ့**ပါကြောင်း၊ မိမိဖြေဆိုခြင်းဖြစ်သည်ဆိုသော်လည်း **မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအပေါ်ထားသည့် ရပ်တည်ချက်ဆိုပါကလည်း မမှားပါ**ကြောင်း။

တရုတ်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် တရုတ်(တိုင်ပေ)နှင့်ပတ်သက်၍ တတိယအကြိမ် စက္ကူဖြူစာတမ်းထုတ်ပြန်ခဲ့ပါကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်ဟူသည့်အတိုင်း အိမ်နီးချင်းကောင်းပီသစွာ တရုတ်တစ်နိုင်ငံတည်းမူဝါဒ(One China Policy)ကို အခိုင်အမာထောက်ခံ ရပ်တည်လျက်ရှိကြောင်းကို ပြောကြားလို**ပါကြောင်း။

တစ်နိုင်ငံတည်း ဗိုလ်ကျစိုးမိုးနေသည့် ဧကဝင်ရိုးမှ ဗဟုဝင်ရိုးကိုပြောင်းလဲနိုင်ရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်းလုပ်ဆောင်သွားမည့် ကိစ္စများအပေါ်၌လည်း ကြိုဆိုအားပေးပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စများဖြစ်ပါကြောင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization)၌ မြန်မာနိုင်ငံကို ဆွေးနွေးဖက်နိုင်ငံအဖြစ်(Dialogue Patner) သတ်မှတ်ပေးခဲ့သည်ကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

**မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများအတွက် မျက်နှာနှစ်ဖက်ဆက်ဆံရေးမျိုးမရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းနိုင်ငံတစ်ရပ်ဖြစ်**ပါကြောင်း၊ **တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် အရေးကြီးသည့်အိမ်နီးချင်းနိုင်ငံတစ်ရပ်ဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်ရပ်လည်းဖြစ်**ပါကြောင်း၊ **ယခုကဲ့သို့ မင်္ဂလာရှိသည့် တရုတ်နှစ်သစ်ကူးနေ့တွင် ယုန်နှစ်ဖြစ်သည့်အလျောက် မိမိတို့အားလုံး ပိုမို၍ချစ်ခင်ကြပါစေ၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုပိုမိုရရှိကြပါစေ၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံသားများ၊ ကမ္ဘာအနှံ့မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားများအားလုံး နှစ်သစ်ကူးပွဲတော်၌ပျော်ရွှင်ပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ စီးပွားလာဘ်လာဘများတိုးပွားပါစေ၊ အစစအရာရာ အဆင်ပြေချောမွေ့ပြီး ကံကောင်းခြင်းများ ပွင့်လန်းပါစေ၊ ကျန်းမာဘေးကင်းပါစေ၊ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်းဖြင့် ပြောကြားသည်။**



**မြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆုရရှိသည့် ဘတ်စကက်ဘောပြိုင်ပွဲအသင်းမှ တာဝန်ရှိသူတစ်ဦးကို ဆုဖလားပေးအပ်ချီးမြှင့်စဉ်။**



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဘတ်စကက်ဘောပြိုင်ပွဲဝင်အသင်းများကို အမှတ်တရဂုဏ်ပြုတံဆိပ်ပေးအပ်စဉ်။**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကားပြောကြားရာတွင် တရုတ်နှစ်သစ်ကူးပွဲတော်သို့ ယခုကဲ့သို့ နိုင်ငံ့အကြီးအကဲ ကိုယ်တိုင်တက်ရောက်သည်မှာ ပထမဦးဆုံးအကြိမ်ဖြစ်ပြီး တက်ရောက် ချီးမြှင့်ပေးခဲ့သည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ နှစ်သစ်တွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဆွေမျိုးပေါက်ဖော်သံယောဇဉ်ကို ဆက်လက်လက်ဆင့်ကမ်းပြီး တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်မှုကို စဉ်ဆက်မပြတ်ဖော်ဆောင်ကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရလဒ်များဖြင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးကိုပိုမိုဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ယခုထက်ပိုမိုတိုးတက်ခိုင်မြဲပြီး အဓွန့်ရှည်တည်တံ့ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌက နှစ်သစ်ဆုတောင်းစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူးအထိမ်းအမှတ်ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်တူရိယာ(ယူနန်ဘုံကျောင်း)အဖွဲ့က တီးမှုတ်ဖျော်ဖြေကြပြီး မင်္ဂလာနဂါးအဖွဲ့က ကပြဖျော်ဖြေကြသည်။

ယင်းနောက် ဘတ်စကက်ဘောပြိုင်ပွဲဆုပေးပွဲကိုကျင်းပပြုလုပ်ရာ အလွတ်တန်းအမျိုးသား ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊အလွတ်တန်းအမျိုးသမီးပထမဆုရရှိသည့် A-Studio အသင်း၊ အသက် ၅၀ ကျော် အမျိုးသားပထမဆုရ Great Wall အသင်း၊ အသက် ၅၀ ကျော် အမျိုးသမီးပထမဆုရ Sweet Angle အသင်းတို့ကို မြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် ဘတ်စကက်ဘောပြိုင်ပွဲဝင်အသင်းများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှတ်တရဂုဏ်ပြုတံဆိပ်များပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်ရိုးရာအကအဖွဲ့များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက တရုတ်နှစ်သစ်ကူးလက်ဆောင်မွန်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် တရုတ်ရိုးရာအကအဖွဲ့များနှင့် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို အမှတ်တရပန်းခြင်းများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



**တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

☆ ကျောဖုံးမှအဆက်

တာဝန်ရှိသူများ၊ သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## နိုင်ငံရေးဖြစ်စေပါပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ **တပ်မတော်အနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး၊ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကိုထမ်းဆောင်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် အကြမ်းဖက်မှုများမရှိစေရေးအတွက်လည်း ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ**ကြောင်းဖြင့် ဦးစွာပြောကြားပြီး ကမ္ဘာ့နိုင်ငံများတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အခြေအနေများ၊ ထိုကဲ့သို့သော မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့ဘဲ နိုင်ငံတော်တွင်ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်က နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့်အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေမှု အခြေအနေများနှင့်နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ စီးပွားရေးမြှင့်တင်ဆောင်ရွက်နေမှုများကို ဆက်လက်ပြောကြားရာတွင် **ယခင်အစိုးရသက်တမ်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်းနှင့်ပြည်တွင်း စီးပွားရေးကို အားပေးမှုမရှိခြင်းကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ပြီး ကုန်သွယ်မှုလိုငွေများလည်း များစွာဖြစ်ပေါ်ခဲ့**ကြောင်း၊ **ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်း မရှိခြင်းကြောင့် ပြည်ပသို့သွားရောက်လုပ်ကိုင်ရမှုများရှိ**ကြောင်း။

## နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ထိုကဲ့သို့သော အခြေအနေများကြောင့် **ကျဆင်းခဲ့သည့်စီးပွားရေးများ ပြန်လည်တိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးနှင့် ကိုက်ညီသင့်တော်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်လျက်ရှိ**ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၏ စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်ပချေးငွေများကိုလည်း ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံတွင် အဖိုးတန်မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ များစွာရှိပြီးဖြစ်သဖြင့် အဆိုပါသယံဇာတများဖြင့် ရှိပြီးသားလူသားအရင်းအမြစ်များကို စနစ်တကျအသုံးချမည်ဆိုပါက စီးပွားရေးလုပ်ငန်းများတိုးတက်လာမည်ဖြစ်**ကြောင်း၊ ယခုကဲ့သို့ နိုင်ငံ့စီးပွားရေးအားကောင်းလာစေရန် အချိန်အဟုန်ဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မကြာမီအချိန်တွင် အာဆီယံနိုင်ငံများ၌ အလယ်အလတ်အဆင့်သို့ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့်စီးပွားရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးက လက်ခံရယူစဉ်။

## တပ်မတော်သားများ၏ သက်သာချောင်ချိရေး၊ ပညာရည်မြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်

တပ်မတော်အတွင်း၌လည်း တပ်မတော်သားများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေသည့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သမာအာဇီဝကျသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် မှီခိုသူများ၏ စားရေး၊ ဝတ်ရေးနှင့် နေရေးတို့ကို တတ်နိုင်သမျှပြည့်စုံအောင်စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၌ ပညာရေးအားနည်းမှုများရှိသဖြင့် ပညာရည်မြှင့်တင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက်လည်း ဆောင်ရွက်ခဲ့ကြောင်း၊ အတန်းပညာများရှိရန်လိုအပ်သကဲ့သို့ စာဖတ်မှ စာတတ်မည်၊ စာတတ်မှ အသိပညာနှင့် အတတ်ပညာများရရှိမည်ဖြစ်ကြောင်း၊ စာပေပညာများတတ်ကျွမ်းမှ သာလျှင် သက်ဆိုင်ရာပညာရပ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏သားသမီးများ ပညာရည်မြင့်မားရေးအတွက်လည်း မိဘကောင်းသဖွယ်စိတ်ဓာတ်ဖြင့် အားပေးမြှင့်တင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ မိသားစုဝင်များ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရာရှိ၊ စစ်သည်များ ဗဟုသုတနှင့် အသိအမြင်များတိုးတက်ရေးအတွက် တပ်ရင်းတပ်ဖွဲ့များရှိစာကြည့်တိုက်များတွင် စာအုပ်စာစောင်များကို ပြည့်စုံစွာဖြည့်ဆည်းပေးထားကြောင်း၊ **ထို့ကြောင့် အသိပညာ အတတ်ပညာများ တိုးပွားရေးအတွက် စာအုပ်စာစောင်များကို အမြဲမပြတ် ဖတ်ရှုလေ့လာနေရန်လို**ကြောင်း၊ စားဝတ်နေရေးအပြင် အသိပညာနှင့် ဗဟုသုတများ ပြည့်စုံစေရေးအတွက်ကိုပါ ဆောင်ရွက်ပေးထားခြင်း ဖြစ်သဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး မိမိတို့၏လုပ်ငန်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း။

**တပ်မတော်အနေဖြင့် နိုင်ငံ၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် အကြမ်းဖက်မှုများမရှိစေရေးအတွက်လည်း ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ . . .**

**တပ်မတော်အနေဖြင့် နိုင်ငံ၏ကောင်းရာကောင်းကျိုးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး အရာရှိ၊ စစ်သည်များအနေဖြင့် ရန်သူကို နေလိုမီးလိုကျင့်ရန်နှင့် ပြည်သူကို ရေလိုလလိုကျင့်ရန်လို**ကြောင်း၊ **နိုင်ငံ၏ အကျိုးကို ဆောင်ရွက်နေသကဲ့သို့ မိမိတို့ကိုယ်ကို ကောင်းအောင်လုပ်ဆောင်ရန်၊ မိမိတို့ တပ်မတော်ကို ကောင်းအောင်လုပ်ဆောင်ရန်နှင့် မိမိတို့နိုင်ငံကို ကောင်းအောင်လုပ်ဆောင်ရန်လိုအပ်**ကြောင်းဖြင့် မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၏ဇနီးက လက်ခံရယူစဉ်။

## စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **စာမျက်နှာ ၂၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ကာလအတွင်း ၁၈၂၄ ခုနှစ် မေ ၁၇ ရက်တွင် ရခိုင်စစ်မျက်နှာ၌ စစ်သူကြီးမဟာဗန္ဓုလ ကွပ်ကဲမှုအောက်ရှိ မဟာသီဟသူရ (မြဝတီမင်းကြီး ဦးစ) ဦးစီးသော မြန်မာဘုရင့်တပ်များက ပန်းဝါမြစ်ကိုဖြတ်ကူး၍ ထိုမြစ်အနီးရှိ ရေကန်ဘေးတွင် အခိုင်အမာခြေကုပ်ယူစခန်းချနေသည့် ဗြိတိသျှတပ်ဖွဲ့များကို ပြင်းပြင်းထန်ထန်ချေမှုန်းတိုက်ခိုက်နေပုံကို သရုပ်ဖော်ရေးဆွဲထားသည့် ဆီဆေးပန်းချီကားကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးအား ပေးအပ်စဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ကာလအတွင်း ၁၈၂၄ ခုနှစ် မေ ၁၇ ရက်တွင် ရခိုင်စစ်မျက်နှာ၌ စစ်သူကြီးမဟာဗန္ဓုလ ကွပ်ကဲမှုအောက်ရှိ မဟာသီဟသူရ (မြဝတီမင်းကြီး ဦးစ) ဦးစီးသော မြန်မာဘုရင့်တပ်များသည် ပန်းဝါမြစ်ကိုဖြတ်ကူး၍ ထိုမြစ်အနီးရှိ ရေကန်ဘေးတွင် အခိုင်အမာခြေကုပ်ယူစခန်းချနေသည့် ဗြိတိသျှတပ်ဖွဲ့များကို ပြင်းပြင်းထန်ထန်ချေမှုန်းတိုက်ခိုက်နေပုံကို သရုပ်ဖော်ရေးဆွဲထားသည့် ဆီဆေးပန်းချီကားကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# နန့်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ သန်း ထုတ်လုပ်ပေးလျက်ရှိသော တိုက်ရိုက်ရေသွယ်စနစ် စက်ရုံတစ်ရုံဖြစ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နန့်ချိုရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန့်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ရေထိန်းတမံနှင့် ရေယူအဆောက်အအုံသို့ရောက်ရှိပြီး ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ရေထိန်းတမံသည် အမြင့် ၁၆၇ ပေရှိသော တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) CVC ကွန်ကရစ် တမံအမျိုးအစားဖြစ်ကာ အကျယ် ၃၄၉ ပေရှိ ရေပိုလွှဲနှင့် သဲနုန်းထုတ်ပေါက်တံခါးတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။ အဆိုပါ ရေထိန်းတမံမှရေကို ရေယူအဆောက်အအုံမှတစ်ဆင့် ရေသွယ်ဥမင်လိုဏ် အလျား ပေ ၇၃၃၀ အရှည်ဖြင့် သယ်ယူပြီး ယခုကာလတွင် တစ်နေ့လျှင် နှစ်ကြိမ် ရေထိန်းကန်သို့ ပို့လွှတ်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရေထိန်းကန်သို့ရောက်ရှိပြီး ရေထိန်းကန်အတွင်း ရေသိုလှောင်ထားမှု အခြေအနေ၊ ဓာတ်အားပေးစက်ရုံသို့ ဖိအားမြင့်သံမဏိပိုက်လိုင်းဖြင့် ရေပို့လွှတ်မှုနှင့် ရေအားအဆောက်အအုံများ၏ ကြံ့ခိုင်မှုတို့ကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ အဆိုပါ ရေထိန်းကန်သည် ရေဂါလန် ၂၆ သိန်းခန့် သိုလှောင်နိုင်ပြီး အချင်း ၁၃ ပေ၊ အလျား ၈၇၆ ပေရှိ ဖိအားမြင့်သံမဏိပိုက်လိုင်းဖြင့် ဓာတ်အားပေးစက်ရုံသို့ ပို့လွှတ်ပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို စက်ရုံအစည်းအဝေးခန်းမတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်မင်းက စစ်တောင်းမြစ်ဝှမ်းအတွင်း ရေအားလျှပ်စစ်စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမင်းခိုင်က နန့်ချိုရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ခဲ့မှုကိုလည်းကောင်း၊ နန့်ချိုဓာတ်အားပေးစက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ဓာတ်အားပေးစက်များ မောင်းနှင်ဓာတ်အားထုတ်လုပ်ပေးနေမှု၊ နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် စက်ရုံလုံခြုံရေးဆိုင်ရာဆောင်ရွက်ထားမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဝန်ထမ်းများ၏ တင်ပြချက်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

နန့်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရေအားအမြင့် ၃၂၈ ပေရှိပြီး ဒေါင်လိုက် ဖရန်စစ်တာဘိုင် မဂ္ဂါဝပ် ၂၀ စက်နှစ်လုံးဖြင့် တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၀ ရှိကာ နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ သန်း ထုတ်လုပ်ပေးလျက်ရှိသော တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) စက်ရုံတစ်ရုံဖြစ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့အနီး တည်ဆောက်ဆဲဖြစ်သည့် နမ့်ပငရေအားလျှပ်စစ်စီမံကိန်း ၆ မဂ္ဂါဝပ်နှင့် နာဂဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) အသုံးပြု ဓာတ်အားပေးစက်ရုံများအဖြစ် အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေလှောင်တမံအနီးရှိ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် နေရာကိုရောက်ရှိရာ တာဝန်ရှိသူများက မြေနေရာရွေးချယ်ထားမှု၊ ရေရရှိနိုင်မှု၊ အောက်ခံကျောက်သား ဘူမိဗေဒအခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်မှုဆိုင်ရာအဓိကလိုအပ်ချက်များပြည့်စုံမှုရှိစေရေးလိုအပ်သည်များကို မှာကြားပြီး အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေနေရာများလျာထားရွေးချယ်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ



ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်စဉ်။



ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ၌အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်ကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး 8th High Level Committee Meeting သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ်ဖြင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်တပ်မတော်မှ (ကြည်း၊ရေ၊လေ) စစ်သံမှူးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော်အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်နှင့် ခြောက်ထပ်ကြီးဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး ပန်း၊ရေချမ်း၊ဆီမီးများကပ်လှူပူဇော်ခြင်း၊ အလှူငွေများလှူဒါန်းခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာ လည်ပတ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ပုဂံယဉ်ကျေးမှုနယ်မြေ၏အလှကို ဝေဟင်မှကြည့်ရှုသူ များပြားလာ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ဧရိယာစတုရန်း ၁၆ မိုင်ပတ်လည် ကျယ်ဝန်းသော ပုဂံယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ်ဆန်းပိုင်း ခရီးသွားရာသီတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများတဖွဲဖွဲဝင်ရောက်လျက်ရှိ၍ ပုဂံယဉ်ကျေးမှု၏နံနက်ခင်းအလှ၊ဆည်းဆာအလှနှင့် စေတီပုထိုးတို့၏ အလှတို့ကိုမိုးပျံဘောလုံးစီးနင်း၍ ဝေဟင်မှ ကြည့်ရှုသူများလာကြောင်း သိရသည်။

ပုဂံဒေသသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ခရီးသွားမပြတ်ဝင်ရောက်ခဲ့မှုကြောင့် ဟိုတယ်၊ မိုတယ်များနှင့် ဒေသခံစီးပွားရေးလုပ်ငန်းများအဆင်ပြေခဲ့ပြီး စေတီပုထိုးတို့အလှကို ပိုမိုပေါ်လွင်စေသော နံနက်ခင်းပိုင်းနှင့် ညနေဆည်းဆာအလှ ကြည့်ရှုမှုကို ပြည်တွင်း၊ပြည်ပခရီးသွားများအထူးနှစ်ခြိုက်ကြလေ့ရှိသည်။ ပုဂံယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများကြံ့ခိုင်မှုကိုထိန်းသိမ်းနိုင်ရန် စေတီပုထိုးများပေါ်မှ ဝန်းကျင်ရှုခင်းများကြည့်ရှုမှုကိုတားမြစ်ထားပြီး သဘာဝအလှကိုကြည့်ရှုရန် သတ်မှတ်ပေးထားသော နေရာနှစ်ခုတွင် ကြည့်ရှုသူအထူးစည်ကားလျက်ရှိသည်။

"ဒီနှစ်ဟာ အခြားနှစ်တွေနဲ့မတူတာက ပုဂံမှာဆောင်းတွင်းအလှဟာထူးထူးခြားခြားကိုလှပနေတဲ့အတွက် ခရီးသွားဝင်ရောက်မှုများတာလဲပါပါတယ်။ နံနက်ခင်းအလှနဲ့ ဆည်းဆာအလှကိုကြည့်ဖို့ဆိုရင် တောင်ကုန်းနှစ်ခုကပဲကြည့်လို့ရတဲ့အတွက် ဒီနှစ်မှာ ခရီးသွားများတာကြောင့် ကြိုတင်နေရာယူပြီးမှသာ ကြည့်ရတဲ့ထိ လူများပါတယ်။ မိုးပျံ ဘောလုံးတစ်လုံးကို လူ ၁၆ ယောက်စီးလို့ရတဲ့ ဘောလုံးနှစ်လုံး နေ့စဉ်နံနက်ပိုင်းမှာ လွှတ်တင်ပေးပါတယ်။ဝန်ဆောင်မှုအနေနဲ့ တစ်ဦးကို ငွေကျပ် သုံးသိန်းကနေ လေးသိန်းနှစ်သောင်းကြား ရှိပြီးတော့ စီးနင်းတဲ့ခုံလက်ကျန်ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲတော့ရှိပါတယ်"ဟု ပုဂံဒေသမိုးပျံဘောလုံး BOB ကုမ္ပဏီမှ တာဝန်ခံဦးဝင်းဇော်ဦးက ပြောပြသည်။

နိုင်ငံခြားသား Pilot များ ထိန်းသိမ်းမောင်းနှင်သော မိုးပျံဘောလုံးဖြင့် ပုဂံဒေသအလှကိုကြည့်ရှုနိုင်ရန် ၁၉၉၉ ခုနှစ်တွင် စတင်ပျံသန်းခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က ကုမ္ပဏီတစ်ခုတည်းမှ ဝန်ဆောင်မှုပေးခဲ့ကာ ယနေ့တွင် ကုမ္ပဏီလေးခုက ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ မိုးပျံဘောလုံးဝန်ဆောင်မှုမှာ ကိုဗစ်-၁၉ ရောဂါကြောင့် နှစ်နှစ်တာရပ်နားထားခဲ့ရာမှ ယခုနှစ်ခရီးသွားရာသီတွင် ပြန်လည်အသက်ဝင်လာခြင်းဖြစ်ပြီး မိုးပျံဘောလုံးစီးနင်း၍ သဘာဝအလှကြည့်ရှုနိုင်ရန် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ပျံသန်းခဲ့ကာ၂၀၂၃ ခုနှစ် ဧပြီ ၁၀ ရက်ထိ ပုဂံဒေသတွင်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ယခုနှစ်ဆန်းပိုင်း ခရီးသွားရာသီတွင် ပြည်တွင်းခရီးသွားများ နေ့စဉ်ဝင်ရောက်လျက်ရှိသည်နည်းတူ ပြည်ပခရီးသွားများဖြစ်သော ရုရှား၊ တရုတ်၊ ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်၊ ဂျပန်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားသွားခရီးသွားများလည်း လာရောက်လည်ပတ်လျက်ရှိသည်။ ယခုနှစ်တွင် ပုဂံဒေသသည် ထူးခြားလှပသော သဘာဝအလှကိုပေါ်လွင်စေသောကြောင့် လာရောက်လည်ပတ်သူများကို စိတ်ငြိမ်းချမ်းမှုပေးလျက်ရှိပြီး အေးမြသောရာသီဥတုကိုပိုင်ဆိုင်ထားသော ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်း၊ပြည်ပခရီးသွားများ တဖွဲဖွဲ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ညိမ်းသူ**
**ဓာတ်ပုံ-ကနူး**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဇန်နဝါရီ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို

**မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။**

အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၇၉၉၆ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၁၆၀၀၄ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ရန်ကုန်မြို့ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာ့မီးရထား ရန်ကုန်ဘူတာကြီးရှိ ပြုပြင်ပြီးစီးသော RBE ရထားတွဲများကို ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အဆိုပါဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြစ်ကမ်းသာယာလှပရေး၊ မြစ်ကမ်းထိန်းသိမ်းရေး လုပ်ငန်းနေရာများနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှိ ပြုပြင်ပြီးစီးသော RBE ရထားတွဲများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ကမ်းပြိုကမ်းထိန်းလုပ်ငန်းများကို သတ်မှတ်ဒီဇိုင်း၊ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ အသုံးပြုသည့် စက်ပစ္စည်းနှင့် ယန္တရားများကို စွမ်းအားပြည့်အသုံးပြုနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ရေး၊ ဝန်ထမ်းများ၊ ရုံးအဆောက်အအုံများ၊ စာရွက်စာတမ်းနှင့် သတင်းလုံခြုံမှုတို့ကို အလေးထားလိုက်နာကြစေရေးတို့ကို မှာကြားပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဦးစီးဌာန၏ မှီငြမ်းစာကြည့်တိုက် (Refrence Libaray)အတွက် ပြင်ဆင်ထားရှိမှု၊ တည်ဆောက်ဆဲရေယာဉ်များ၊ ရေစိုလွှန်းကျင်း၊ ယန္တရားများ၊ ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော ပေ ၁၉၁၀ အရှည်ရှိသည့် ကမ်းထိန်းလုပ်ငန်းနေရာရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မြစ်ကမ်းပါးတစ်လျှောက် အမြဲစိမ်းလန်းစိုပြည်သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ရေးကိစ္စများကို သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ် ကမာကြည်အိမ်ရာအနီးတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ပြီးဖြစ်သည့် အလျား ပေ ၄၁၀၊ အကျယ် ၂၆ ပေ အကျယ်အဝန်းရှိသော ဆိပ်ကမ်းသာယာလှပရေး၊ ကမ်းထိန်းကာကွယ်ရေးလုပ်ငန်းခွင်နေရာသို့ ရောက်ရှိစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အများပြည်သူစိတ်ချမ်းမြေ့စွာဖြင့် လာရောက်အပန်းဖြေနိုင်ရေးအတွက် ယင်းနေရာတစ်ဝိုက် အမြဲသန့်ရှင်းသာယာလှပရေးတို့ကို သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိသော RBE(Rail Bus Engine) ရထားတွဲဆိုင်းများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာမျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ် အရေးကြီးလှသည်။ မိမိတို့ တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၊ မိုင်းယန်းမြို့နှင့် မိုင်းတုံမြို့တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အပါအဝင် မြို့နယ်၁၂ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရပေါင်းသန့်ရှင်းရေးဆောင်ရွက်နေစဉ်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်းစာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၈ လမ်းမှ ၇၉ လမ်းနှင့် ၃၅ လမ်းမှ ၄၁ လမ်းတို့၌ အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများတစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## ဇန်နဝါရီ ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဇန်နဝါရီ ၂၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၂၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၉၉ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၄၁ ဦး |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေး



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်သည် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ ကျီးကန်းပြင်နယ်မြေ၊ ဇင်ပိုင်ညာနယ်မြေ၊ မြင်းလွတ်နယ်မြေ၊ အင်းဒင်နယ်မြေ၊ ကြိမ်ချောင်းနယ်မြေတို့ရှိ နယ်စပ်ဒေသလုံခြုံရေးတာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ လုံခြုံရေးတပ်ဖွဲ့များ၏ လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေများ၊ တပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးအား ခရီးစဉ်အတွင်း သက်ဆိုင်ရာတပ်ဖွဲ့များမှ တာဝန်ရှိသူများက နယ်စပ်ဒေသလုံခြုံရေး၊ နယ်မြေဒေသလုံခြုံရေးနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် တပ်မိသားစုများကို တပ်ဖွဲ့တစ်ခုချင်းအလိုက် တွေ့ဆုံအမှာစကားပြောကြားခဲ့ပြီး မိသားစုဝင်များအတွက် ထောက်ပံ့ငွေများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် မိသားစုလိုင်းခန်းများကို လိုက်လံစစ်ဆေးကာ မိသားစုဝင် သားသမီးများအား ထောက်ပံ့ငွေများ တစ်ဦးချင်းပေးအပ်ပြီး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့်အတူ နေ့လယ်စာစားသုံးခြင်း၊ညစာအတူသုံးဆောင်၍ မိသားစုဝင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို အားပေးကာ ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မောင်တောခရိုင်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို တွေ့ဆုံခြင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခြင်းတို့ကို သီးခြားစီဆောင်ရွက်ခဲ့ပြီး တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

၎င်းအပြင် ပြည်ထောင်စုဝန်ကြီးသည် ကညင်ချောင်းဒေသစီးပွားရေးဇုန်နယ်မြေနှင့်မြင်းလွတ်နယ်မြေရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသည့် နယ်စပ်ခြံစည်းရိုးလုပ်ငန်းများကို မြေပြင်ကြည့်ရှုစစ်ဆေးခဲ့ပြီး ခြံစည်းရိုးများ၏ လက်ရှိအရည်အသွေးခိုင်မာမှု၊ ပျက်စီးမှုပြန်လည်ပြင်ဆင်ရမည့်အခြေအနေများ၊လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခြံစည်းရိုးတစ်လျှောက် ကင်းလှည့်ဆောင်ရွက်နိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့သို့ရောက်ရှိစဉ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။




ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က တာဝန်ရှိသူတစ်ဦးကို ထောက်ပံ့ငွေပေးအပ်ချီးမြှင့်စဉ်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၉၉၃ ဦးကို ၎င်းကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၇၄ ဦး၊ခွဲစိတ်ရောဂါဦးရေ ၂၅၀၊ သားဖွားမီးယပ်ရောဂါ ၁၁၄ ဦး၊ ကလေးရောဂါ ၁၄၇ ဦး၊ အရိုးရောဂါ ၆၁၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂၈ ဦး၊ မျက်စိရောဂါ ၃၉၁ ဦးနှင့် သွားရောဂါ ၃၇၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၈၉ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၂၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၆၈ ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၂၁၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၅၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့သို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ တောင်သူများ၊ လုပ်ငန်းရှင်များနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ





**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကြီးကြပ်ကော်မတီဝင်များ၊ တောင်သူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ ခြောက်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တိုင်းဒေသကြီးဝန်ကြီးများ၊ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး ဦးစီးမှူးများနှင့် တာဝန်ရှိသူများ၊ တောင်သူများ၊ စက်ပိုင်ရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးသီးနှံကို တိုင်းဒေသကြီးအတွင်း ခရိုင်လေးခုတွင် ဧက ၃၀၀၀၀ လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်း၊ စံချိန်စံညွှန်းမီ သီးနှံများ ထုတ်လုပ်နိုင်မှသာ ပြည်တွင်းပြည်ပဈေးကွက်ကို ယှဉ်ပြိုင်နိုင်မည်ဖြစ်သည့်အတွက် တောင်သူများအတွက် သွင်းအားစုများကို အချိန်မီ၊ အရည်အသွေးမီ ပံ့ပိုးရန်နှင့် အရည်အသွေးပြည့်ဝသော သီးနှံများ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အထွက်နှုန်းများတိုးတက်စေရန် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ပျိုးပြီး ဓာတ်မြေဩဇာအစား သဘာဝမြေဩဇာများ အစားထိုးသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာလာပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးလာမည်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း တစ်နိုင်ငံလုံးကို ငွေကျပ် ၃၂ ဘီလီယံ ထုတ်ချေးပြီး အသားတိုးကြက်၊ ဘဲနှင့် ဝက်များကို Quick Win ဖြစ်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော ကျေးလက်နေပြည်သူများ Quick Win ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက တိုင်းဒေသကြီးအတွင်း နွေစပါးသီးနှံ ဧက ၃၀၀၀၀ ၌ တစ်ဧက ချေးငွေကျပ် နှစ်သိန်းနှုန်းဖြင့် ချေးငွေကျပ်သန်း ၆၀၀၀ ဖြင့် ခရိုင်လေးခု၊ မြို့နယ်ခုနစ်မြို့နယ်၊ နွေစပါးသီးနှံ အဓိကစိုက်ပျိုးသော မြို့နယ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင် အသားတိုးဝက် တစ်ယူနစ်လျှင်အကောင် ၁၀၀ နှုန်းဖြင့် ၇၅ ယူနစ်၊ အသားတိုးကြက် တစ်ယူနစ်လျှင်အကောင် ၃၀၀၀ နှုန်းဖြင့် ၁၆၆ ယူနစ်ဖြန့်ဖြူးနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူများ၊ လုပ်ငန်းရှင်များ၊ ဝယ်ယူကြိတ်ခွဲတင်ပို့ရောင်းချသူများ၊ သွင်းအားစုကုမ္ပဏီများက လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခြေအနေများနှင့်လိုအပ်ချက်များကို ဆွေးနွေးအကြံပြုချက်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၏ ဖြည့်စွက်ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းကျေးရွာနှင့် မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာရှိ သာသနာ့ရောင်ခြည်စေတီဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၄၁ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ အရိုး၊ အကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၂၀ ဦးကို ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း ဆပ်သွားတော၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး၊ အကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြရာ မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကျိုင်းတုံတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျိုင်းတုံတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက္ကသိုလ်အတွက် ထောက်ပံ့ငွေများ အသီးသီးပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက



**တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

ကျိုင်းတုံတက္ကသိုလ်အတွင်း ဌာန ၁၄ ခုမှ ရောင်းချသော ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တောင်သူများအတွက် လယ်ယာစီးပွားရေးကျောင်း

**မျိုးသူ(ကုန်သွယ်မြှင့်)**




၂၀ ရာစုက ဂျော့ဂျ်ဝါရှင်တန်ကာဗာ၏ မြင်းလှည်းကျောင်းကို တွေ့ရစဉ်။

တောင်သူများအတွက် လယ်ယာစီးပွားရေးကျောင်း (Farmer Business School) ကို နိုင်ငံတကာ အသင်းအဖွဲ့ကြီးများက နိုင်ငံများစွာတွင် တည်ထောင် လုပ်ကိုင်ပေးခဲ့ကြသည်ဟု လေ့လာသိရှိရသည်။ ဂျော့ဂျ် ဝါရှင်တန်ကာဗာဆိုသော ၂၀ ရာစုခေတ်ဦးက လူမည်း အမေရိကန်သိပ္ပံပညာရှင်၊ တီထွင်သူနှင့်ကျောင်းဆရာ တစ်ဦးတည်ထောင်ခဲ့သည့် မြင်းလှည်းဖြင့် ကျေးရွာများ သို့လှည့်လည်ပြီး သင်ကြားပေးခဲ့သည့် စိုက်ပျိုးစီးပွား ရေးကျောင်းလေးကို အလွန်စိတ်ဝင်စားပြီး လေ့လာမိ ခြင်းဖြစ်သည်။ ထိုသို့ လေ့လာပြီးနောက် မြန်မာနိုင်ငံ တွင်လည်း စိုက်ပျိုးစီးပွားရေးကျောင်းများ ပေါ်ပေါက် စေလိုသည်။ ကိုယ်တိုင်လည်း ထူထောင်လိုသည်။ မြန်မာနိုင်ငံမှ ကျေးလက်နေတောင်သူအများစုကို ကြည့်လျှင် စိုက်ပျိုးရေးကို ဆောင်ရွက်နေသော်လည်း လုပ်သလောက်အရာမထင်ဘဲ စီးပွားဖြစ်ထွန်းမှုနည်း ပါးသည်ဟုဆိုချင်သည်။ စီးပွားဖြစ်ထွန်းမှု နည်းပါး သည့်အကြောင်းများတွင် တစ်ခုမှာ စီးပွားရေး တွက်ခြေကိုက်စေရန် စီမံဆောင်ရွက်တတ်မှုမရှိခြင်း က တစ်ခုအပါအဝင်ဖြစ်သည်ဟု သုံးသပ်မိသည်။ စိုက်ပျိုးခြင်းအလုပ်များကို လုပ်ကိုင်နေသော်လည်း အမှန်တကယ်စီးပွားဖြစ်အောင်လုပ်နိုင်ရန်နှင့် လုပ်ချင်စိတ်လိုသည်၊ လေ့လာရန်လိုသည်၊ ကျွမ်းကျင်ရန် လိုသည်ကိုတွေ့ရမည်ဖြစ်သည်။ အချို့သောကိစ္စများ တွင် တောင်သူများအနေဖြင့် သမားရိုးကျစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်နေသည့်ကိစ္စများနှင့် ပတ်သက် သည့်အစွဲအလမ်းများနှင့် Mind Set များကို ပြုပြင် ပြောင်းလဲနိုင်ရန် လိုအပ်မည်ဖြစ်သည်။

**ဂျော့ဂျ်ဝါရှင်တန်ကာဗာနှင့် မြင်းလှည်းကျောင်း**

ဂျော့ဂျ်ဝါရှင်တန်ကာဗာသည် အမေရိကန်နိုင်ငံ တွင် ၁၈၆၄ ခုနှစ်က မွေးဖွားခဲ့သည့်လူမည်းအမျိုးသား ဖြစ်သည်။ ခက်ခက်ခဲခဲနှင့် ဘဝကိုဖြတ်သန်းခဲ့ပြီး စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်လာသည်။ ထိုခေတ်က အမေရိကန်နိုင်ငံတောင်ပိုင်းတွင် အများစု က ဝါစိုက်ပျိုးကြရာ Tuskegee Institute သို့ ဂျော့ဂျ်ဝါရှင်တန်ကာဗာရောက်ရှိလာပြီး ဝါစိုက်နေ သည့်နေရာတွင် မြေပဲနှင့် ကန်စွန်းဥတို့ကိုပြောင်းလဲ စိုက်ပျိုးရန် လမ်းပြခဲ့သည်။ မြေပဲနှင့် ကန်စွန်းဥတို့မှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြသခဲ့သည်။ မြေပဲမှ အစားအသောက် ၁၀၅ မျိုး ထုတ်လုပ်နိုင်သည်ဟု ဖော်ပြထားသောစာစောင်သည် များစွာလူသိများ ခဲ့သည်ဟုဆိုသည်။ ဂျော့ဂျ်ဝါရှင်တန်ကာဗာသည် မြေပဲမှ ကုန်ပစ္စည်းအမည်ပေါင်း ၃၀၀ ကို စမ်းသပ် ထုတ်လုပ်ပြသခဲ့ပြီး ကန်စွန်းဥမှ အစားအသောက် ၁၁၈ မျိုးထိ ထုတ်လုပ်ပြသခဲ့သည်ဟုသိရသည်။

ဂျော့ဂျ်ဝါရှင်တန်ကာဗာသည် မြေယာပြုပြင်သည့် ကဏ္ဍတွင် ဝါအစား မြေပဲ၊ ကန်စွန်းဥနှင့် ပဲများကို ပြောင်းလဲစိုက်ပျိုးပြသခဲ့သည့် သိပ္ပံပညာရှင်တစ်ဦး အဖြစ် ကျော်ကြားသူဖြစ်သည်။ ဂျော့ဂျ်ဝါရှင်တန်ကာဗာ သည် Tuskegee Institute ကျောင်းသို့လာရောက် သင်ယူနိုင်ခြင်းမရှိသည့်တောင်သူများထံသို့အရောက် မြင်းလှည်းတစ်စီးပေါ်တွင် စာအုပ်စာတမ်းများ၊ လက်တွေ့သုံးစွဲနိုင်သည့် ကိရိယာများတင်ဆောင်ကာ တောင်သူများ၏ရွာများ၊ စိုက်ခင်းများထိလှည့်လည်ပြီး လက်တွေ့သင်ကြားပြသပေးခဲ့သည်။ အထူးသဖြင့် ဝါနှင့် အခြားသောမြေပဲအပါအဝင် ပဲများကိုအလှည့် ကျပြောင်းလဲစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်နိုင်ကြောင်း သင်ကြားပြသပေးခဲ့ခြင်းဖြစ် သည်။ ထို့ပြင် မြေပဲကို စိုက်ပျိုးလာစေရန်အတွက် ဈေးကွက်ဖော်ထုတ်ရန်နှင့် စားသုံးတတ်လာစေရန် လည်း မြေပဲမှထုတ်လုပ်၍ရသောစားသောက်ကုန် များကို ထုတ်လုပ်ပြသခဲ့သည်။

**လယ်ယာစီးပွားရေးကျောင်း (Farmer Business School)**

ကမ္ဘာ့ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က တောင်သူများ လယ်ယာ စိုက်ပျိုးရေးတွင် စီးပွားရေးကိုယှဉ်တွဲမိစေရန်၊ စိုက်ပျိုး ရေးနှင့်မွေးမြူရေးမှ စီးပွားရေးတွက်ခြေကိုက်အောင် ဆောင်ရွက်နိုင်သည့်နည်းလမ်းများ၊ ဈေးကွက်လိုအပ် ချက်ကိုလိုက်၍ ဆောင်ရွက်နိုင်စေရန် ချဉ်းကပ်ပုံများ ကို ကျေးရွာများတွင် သင်ကြားပြသခြင်းများတွေ့ရ သည်။ နိုင်ငံတကာအဖွဲ့အစည်းများ လာရောက်ပြီး ဆောင်ရွက်ပေးခဲ့မှုများရှိသော်လည်း အများစုမှာ စီမံကိန်းကာလတွင်သာ အကောင်အထည်ဖော်ပေးနိုင် ခဲ့ပြီး စီမံကိန်းပြီးဆုံးလျှင် ဆက်လက်ဆောင်ရွက်နိုင် သည့် ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် ဆက်သွယ် ဆောင်ရွက်မှုများမပြုနိုင်ကြသဖြင့် တောင်သူများ အနေဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ အဆိုပါ လယ်ယာစီးပွားရေး ကျောင်းမျိုးကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်သည့် အခြေအနေမျိုးပေါ်ပေါက်အောင် ဆောင်ရွက်နိုင်မည် ဆိုပါက တောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်း မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် နှင့် ၂၀၂၁ ခုနှစ် နှစ်နှစ်တာကာလတွင် လူချင်းထိတွေ့ ဆက်ဆံရမှုလျှော့ချခဲ့ရသဖြင့် အင်တာနက်များသုံး၍ တစ်ဦးနှင့်တစ်ဦးဆက်သွယ်ခြင်း၊ စုပေါင်းဆွေးနွေး ခြင်းများကို Zoom link ကဲ့သို့ အဆက်အသွယ်များ ဖြင့် သုံးစွဲဆောင်ရွက်လာမှုတိုးတက်လာပြီး အင်တာ နက်ရရှိသောနေရာများတွင် ဆက်သွယ်ဆောင်ရွက် လာနိုင်ကြသည်။ ထိုကဲ့သို့ New Normal ပုံစံများကို အသုံးချပြီးလည်း နယ်မြေဒေသအသီးသီးတွင် သင်တန်းဆရာများမွေးထုတ်ခြင်း၊ တောင်သူများနှင့် ထိတွေ့ဆက်ဆံမှုများ၊ အင်တာနက်ဖြင့် ဆက်သွယ် မှုများကို ရနိုင်သလောက်သုံးစွဲပြီး တောင်သူများအတွက် လက်ရှိစိုက်ပျိုးနေသောသီးနှံများ၏ ဈေးကွက်ဝင်နိုင်မှု အခြေအနေ၊ ငွေကြေးစီမံခန့်ခွဲမှုများ၊ လက်ရှိပေါက် ဈေးများ၊ နယ်အလိုက် ဆက်သွယ်ရောင်းချနိုင်သည့် ကုမ္ပဏီနှင့် ကုန်သည်များ၊ ဈေးကွက်ဦးတည်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည်။

**စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များ**

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ သည် အသင်းပေါင်း ၇၀ ကျော်ရှိပြီး အများစုသည် ကုန်သည်လုပ်ငန်းရှင်အသင်းများဖြစ်သည်။ ထို အသင်းများတွင် နိုင်ငံ၏စီးပွားရေးလုပ်ငန်းရှင်ကြီး များ အများစုပါဝင်နေကြသဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် ဈေးကွက်ကို လွှမ်းမိုးထားသည် ဟုဆိုနိုင်သည်။ ထို့ကြောင့် အဆိုပါအသင်းအဖွဲ့များ အနေဖြင့် တောင်သူအများစုအတွက် စီးပွားရေးဆိုင်ရာ ကျောင်းများကိုထူထောင်ခြင်း၊ ဆက်စပ်ဆောင်ရွက် ခြင်းများပြုလုပ်နိုင်ပါက အလွန်ကောင်းမွန်မည်ဖြစ် သည်။ တောင်သူများအနေဖြင့် ဈေးကွက်ဦးဆောင် သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို မိမိတို့ လယ်ယာမြေနှင့် ဆက်စပ်ဆောင်ရွက်ပြီး အကျိုးအမြတ် ကောင်းများရရှိစေရန် လိုအပ်သည်။ ထိုကဲ့သို့ အကျိုး ကျေးဇူးဖြစ်ထွန်းနိုင်သောလုပ်ငန်းများကိုလည်း သိရှိ ထားရန်လိုအပ်မည်ဖြစ်သည်။ အဆိုပါသင်တန်း ကျောင်းမျိုးကို အစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးရှိ မည်ဖြစ်သည်။

**တောင်သူများအတွက် စီးပွားရေး**

တောင်သူအများစုသည် သမားရိုးကျစိုက်ပျိုးသည့် စနစ်များဖြင့်ပင် နှစ်စဉ်စိုက်ပျိုးနေကြပြီး အကျိုးအမြတ် မည်မျှရှိသည်၊ မည်သည့်သီးနှံကိုစိုက်သင့်သည်၊ မည်သည့်သီးနှံက မြေဆီလွှာထိန်းနိုင်သည်၊ အလှည့်ကျ စိုက်ပျိုးသင့်သည်၊ အကျိုးရှိပြီး ဈေးသက်သာမည့် မြေဩဇာအမျိုးအစားများနှင့် မည်သည့်ပိုးသတ်ဆေးများသုံးစွဲမည်၊ သီးနှံကို စရိတ် နည်းနည်းနှင့် အကျိုးအမြတ်ရှိအောင် မည်သို့ဆောင် ရွက်မည်၊ သိုလှောင်သင့်မသင့် စသည်တို့ကိုသိလိုကြ သည်။ အကျိုးအမြတ်ရှိသည်ကို လုပ်လိုကြသည်သာ ဖြစ်သည်။ ထို့ပြင် အရင်းအနှီးလိုအပ်ပါက မည်သည့် နေရာများမှ ငွေကြေးကိုရရှိနိုင်သည်၊ မည်သို့တောင်းခံ လျှောက်ထားရမည် စသည်တို့ကိုလည်း တောင်သူ များအနေဖြင့် သိရှိထားရန်လိုအပ်သည်။ တောင်သူ များကို ထိုအချက်များ အချိန်နှင့်တစ်ပြေးညီ အသိ ပေးနိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်သည်။

ထို့ကြောင့် အထက်ဖော်ပြပါတောင်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အကျိုးအမြတ်ရှိရေးကို လမ်းညွှန်နိုင်မည့် တောင်သူအကျိုးပြုစီးပွားရေး သင်တန်းကျောင်းမျိုးကို လှည့်လည်ဖွင့်လှစ်နိုင်မည် ဆိုပါက များစွာအကျိုးရှိမည်ဖြစ်သည်။

လယ်ယာသားငါးကဏ္ဍများအတွက် ကုန်သည်နှင့် လုပ်ငန်းရှင်အသင်းအဖွဲ့များသည် အဆိုပါ သင်တန်း ကျောင်းမျိုးကို အစိုးရဌာနများနှင့် ပူးတွဲဖွင့်လှစ်နိုင်လျှင် တောင်သူများအတွက် အကျိုးများစွာရှိမည်ဖြစ်သဖြင့် ဖွင့်လှစ်နိုင်ရေးကိုတိုက်တွန်းလိုသည်။ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများကိုကြည့်လျှင် စီးပွားရေး ဆိုင်ရာကျောင်းများ၊ ဘွဲ့များ၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်နေကြသော်လည်း တောင်သူများစီးပွားဖြစ် စေမည့် ကျွမ်းကျင်မှုနှင့် အသိပညာများဖြစ်စေသည့် ဈေးကွက်ဦးဆောင်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်း သင်တန်းကျောင်းမျိုး မရှိသလောက်ဖြစ်သည်ကို တွေ့နေရသည်။ ထို့ကြောင့် အဆိုပါသင်တန်းကျောင်း များကို အထက်ဖော်ပြပါ အချက်အလက်များအပြင် ပို့ကုန်ဆိုင်ရာသတင်းအချက်အလက်များ၊ အိမ်နီးချင်း နိုင်ငံများ၏ နယ်စပ်ဂိတ်များ၏ အခြေအနေများ၊ စားသောက်ကုန်အရည်အသွေးများ စသည်ဖြင့် ကုန်သွယ်မှုဆိုင်ရာ အခြေခံဗဟုသုတများကိုပါ သတင်းမှန်များအသိပေးနိုင်လျှင် များစွာအကျိုးရှိ မည်ဖြစ်သည်။

တောင်သူအကျိုးစီးပွားမြှင့်တင်ရေးတွင် အဆိုပါ Farmer Business School မျိုးသည် ကဏ္ဍတစ်ခု မှပါဝင်နေသဖြင့် စိုက်ပျိုးစီးပွားလုပ်ငန်းများဖြစ်သော မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မြေဩဇာနှင့် ပိုးသတ်ဆေး ကုမ္ပဏီများ၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းဆက်စပ် လုပ်ကိုင်သောကုမ္ပဏီများ၊ တိရစ္ဆာန်အစားအစာထုတ် လုပ်သောကုမ္ပဏီများ၊ သဘာဝလောင်စာဆီထုတ် လုပ်သောကုမ္ပဏီလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း များ၊ စိုက်ပျိုးမွေးမြူရေးသမဝါယမအသင်းများနှင့် စားသောက်ကုန်ထုတ်လုပ်သော ကုမ္ပဏီများသည် လည်း ပါဝင်ဆောင်ရွက်နိုင်လျှင် တောင်သူများအနေ ဖြင့် များစွာအကျိုးရှိမည်ဖြစ်သည်။ အဆိုပါ ကုမ္ပဏီ များအနေဖြင့် တောင်သူများကို စီးပွားရေးလုပ်ငန်း များနှင့် ချိတ်ဆက်နိုင်သည့် အဆက်အသွယ်များပေး ခြင်း၊ ငွေကြေးအထောက်အပံ့ပေးနိုင်ခြင်းများဆောင် ရွက်ပေးမည်ဆိုပါက တောင်သူများအတွက် ပိုမို ပြည့်စုံလာမည်ဟုလည်း မျှော်လင့်ထားသည်။ တောင်သူအကျိုးပြုစီးပွားရေးကျောင်းများ ပေါ်ပေါက် လာမည်ဆိုပါက လယ်ယာကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေး ကဏ္ဍများဖြင့် နိုင်ငံပို့ကုန်များကို ဖော်ဆောင်ရာတွင် များစွာအထောက်အကူဖြစ်နိုင်မည်ဟု မျှော်လင့်မိပါ ကြောင်း ရေးသားတင်ပြအပ်ပါသည်။

❖ နိုင်ငံတကာအဖွဲ့အစည်းများ လာရောက်ပြီး ဆောင်ရွက်ပေးခဲ့မှုများရှိသော်လည်း အများစုမှာ စီမံကိန်းကာလတွင်သာ အကောင်အထည်ဖော်ပေးနိုင်ခဲ့ပြီး စီမံကိန်းပြီးဆုံးလျှင် ဆက်လက်ဆောင်ရွက်နိုင်သည့် ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် ဆက်သွယ်ဆောင်ရွက်မှုများမပြုနိုင်ကြသဖြင့် တောင်သူများအနေဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ အဆိုပါ လယ်ယာစီးပွားရေးကျောင်းမျိုးကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်သည့် အခြေအနေမျိုးပေါ်ပေါက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက တောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ❖

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၀၉ ဧက စိုက်ပျိုးပြီးစီး



ယခုနှစ် ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၀၉ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ငရုတ်ဧက ၁၀၀၀ ကျော် စိုက်ပျိုးထားပါတယ်။ ငရုတ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ငရုတ်ကို မိုးရာသီမှာ သိပ်မစိုက်ပျိုးကြဘူး။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာပဲ စိုက်ပျိုးကြပါတယ်။ ငရုတ်ကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်အတွင်း ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၇၈၅ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၁ ဧက၊ မြောင်မြို့နယ်တွင် ၃၈၃ ဧက စုစုပေါင်း ၁၃၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံစိုက်တောင်သူများ အဆင်ပြေစေရေးအတွက် ငရုတ်သီးနှံ အထွက်နှုန်းကောင်းစေရေး ဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ရရှိစေရေး စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းရေးနည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်စေရေး နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငရုတ်သီးနှံသည် စတင်ခူးဆွတ်ချိန်မှစ၍ ၁၅ ရက် တစ်ကြိမ် ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ရှိပြီး နောက်အကြိမ်များတွင် ပိဿာ ၄၀၀ နှင့် ၅၀၀ ကြားထွက်ရှိကြောင်းစစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# လယ်ဝေးမြို့နယ် သော်မှော်ကုန်းခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သော်မှော်ကုန်းခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက သော်မှော်ကုန်းခေတ်မီစံပြကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သော်မှော်ကုန်းခေတ်မီစံပြကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၆၆ ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်၊ လိုအပ်သောငွေအရင်းအနှီးများရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ငွေကျပ် ၃၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။ **ရှိုင်းသန်းညွန့်**

# ခန္တီးမြို့နယ် ကျေးရွာသုံးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ခန္တီး ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ ခန္တီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဟန်နွဲ့နှင့် တာဝန်ရှိသူများက လောက်ဆောက်ကြီးကျေးရွာတွင် ကျေးလက်အိမ်ရာ လေးလုံး တည်ဆောက်ပြီးစီးမှု၊ နားတိုက်ကျေးရွာတွင် အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိဘက်စုံသုံးခန်းမ တည်ဆောက်နေမှုနှင့် ကချင်ကျေးရွာတွင် အရှည်ပေ ၆၂၀၊ အကျယ် ရှစ်ပေ၊ အမြင့်ခြောက်လက်မရှိကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရန် ဆွေးနွေးမှာကြားသည်။



ခန္တီးမြို့နယ် လောက်ဆောက်ကြီးကျေးရွာ၌ ကျေးလက်အိမ်ရာ လေးလုံး တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၂၈ ဒသမ ၆၉၆ သန်းဖြင့် Three Hands Engineering ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ နားတိုက်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းနှင့် ကချင်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ စီဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **အထွေး**

# ပွင့်ဖြူမြို့နယ် နှောကျင်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ပွင့်ဖြူမြို့နယ် နှောကျင်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် ဝန်ထမ်းများက နှောကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းအားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြကြရာ မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ရှင်းလင်းပြောကြားသည်။

ပွင့်ဖြူမြို့နယ် နှောကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၉ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၁၇၀၊ လူ ၇၀၅ ဦးအတွက် ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်မည့်အပြင် ကျေးလက်ဒေသထွက်ကုန်များကိုလည်း ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကြို့ပင်ကောက်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြို့ပင်ကောက် ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း ဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်နှင့် ဝန်ထမ်းများက အောင်ချမ်းသာကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူမြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော နေကြာသီးနှံစိုက်ပျိုးထားရှိမှုများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကြို့ပင်ကောက်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နေကြာစိုက်တောင်သူ စုစုပေါင်း ၃၂ ဦးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် နေကြာစိုက်ဧက ၃၀၀ တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်က ပြောပြ၍ သိရသည်။ **ကိုညို**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ကမ္ဘာပေါ်ရှိ အံ့မခန်းသစ်ပင်အိမ်များ

နိုင်ဇင်

ကမ္ဘာတစ်ဝန်းမှ အံ့မခန်းသစ်ပင်အိမ်များ တည်ဆောက်နိုင်မှုသည် စိတ်ကူးယဉ်ဆန်သည့်အပြင် ၎င်းအိမ်များသည် ထူးဆန်းစွာဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေသည်ကိုတွေ့ရှိရပြီး မယုံနိုင်လောက်အောင် ဈေးကြီးသည့် သစ်ပင်အိမ်တည်ဆောက်မှုပုံစံများဖြစ်သည်။ အချို့လူများသည် သစ်ပင်များပေါ်တွင် ဇိမ်ခံကာနေထိုင်ကြပြီး တချို့မှာ ပတ်ဝန်းကျင်ကို ကယ်တင်ရန်နှင့် တချို့မှာ အစဉ်အလာအရ နေထိုင်ကြသည်။ အချို့သစ်ပင်အိမ်များကို ပိုင်ရှင်များက ငှားရမ်းရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ခဲ့ကြသည်။ ထိုသို့ ကမ္ဘာတစ်ဝန်းမှ အံ့မခန်းသစ်ပင်အိမ်များအကြောင်းကို ဗဟုသုတအနေဖြင့် ဖော်ပြပေးလိုပါသည်။

**Alnwick စားသောက်ဆိုင်ဥယျာဉ်သစ်ပင်အိမ်**



Northumberland မြို့စားနှင့်မြို့စားကတော်တို့ တည်ဆောက်ခဲ့သည့် Alnwick စားသောက်ဆိုင်ဥယျာဉ်သစ်ပင်အိမ်သည် ဥရောပရှိ အကြီးဆုံး ကြီးကျယ်ခမ်းနားသော သစ်ပင်အိမ်ဖြစ်သည်။ ၎င်းသစ်ပင်အိမ်တွင် ထိုင်ခုံ ၁၂၀ ဆံ့သော စားသောက်ဆိုင်ခန်းမ၊ စာသင်ခန်းနှစ်ခန်း၊ ဖျော်ရည်ဘားနှင့် ဧည့်သည်များအပန်းဖြေစရာနေရာများစွာ ထားရှိပေးထားသည်။ သစ်ပင်နှင့် စားသောက်ဆိုင်ကို လျှောက်လမ်းများနှင့် ကြိုးတံတားများမှတစ်ဆင့် ဆက်သွယ်ထားသည်။ ၎င်းသစ်ပင်အိမ်ကို ၂၀၀၅ ခုနှစ်က ပြန်လည်ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။ ကနေဒါ၊ အင်္ဂလန်နှင့် စကော့တလန်တို့မှရသော ထင်းရှူးပင်မျိုးများကို စိုက်ပျိုးထားပြီး ၎င်းအပင်များကြားတွင် တည်ဆောက်ထားသည်။ သစ်ပင်အိမ်၏ အလယ်ဗဟိုတွင် ကမ္ဘာ့အလှပဆုံးနှင့် အထူးခြားဆုံးသောစားသောက်ဆိုင်၏ စားပွဲဝိုင်းများကို ခင်းကျင်းထားသည်။ သစ်ပင်များသည် အိမ်၏ ပြတင်းပေါက်များ၊ ကြမ်းပြင်များမှ အပြင်ဘက်သို့ဖြန့်ကြက်ထားသည်။ အိမ်အနောက်ဘက်တွင် ကျယ်ဝန်းသောကုန်းပတ်ဧရိယာနှင့် ကြိုးတံတားတစ်ခုရှိသည်။

**ဝန်ကြီး၏သစ်ပင်အိမ်**



အမေရိကန်နိုင်ငံ တင်နက်စီပြည်နယ် Crossville မြို့တွင်တည်ရှိသည့် ဝန်ကြီး၏သစ်ပင်အိမ်ဟုခေါ်ဆိုသော သစ်ပင်အိမ်သည် ကမ္ဘာပေါ်၌ အကြီးဆုံးသစ်ပင်အိမ်များထဲမှတစ်အိမ်ဖြစ်ပြီး Horace Burgess ဆိုသူက တည်ဆောက်ထားခြင်းဖြစ်သည်။ အမြင့် ၉၇ ပေရှိပြီး ၁၀ ထပ်တိုက်အမြင့်ခန့်မြင့်ကာ အခြေခံအုတ်မြစ်အဖြစ် သစ်ပင်ခြောက်ပင်ကိုအသုံးပြု၍ တည်ဆောက်ရန်အတွက် ၁၄ နှစ်ကျော် အချိန်ယူခဲ့ရသည်။ ၎င်းသစ်ပင်အိမ်၏ ၁၀ ထပ်အမြင့်တွင် အပန်းဖြေမိုးထိတိုက်ခန်းရှိသည်။ ဝတ်ပြုဆုတောင်းပွဲများသာမက ဘတ်စကက်ဘောများ ကစားရန်အတွက်ပါ အသုံးပြုနိုင်သောအခန်းကို အဆောက်အအုံ၏အလယ်တွင် ထည့်သွင်းဆောက်လုပ်ထားသည်။ ၎င်းသစ်ပင်အိမ်အတွင်း၌ ရှင်နေဆဲဖြစ်သည့် ပေ ၈၀ မြင့်ပြီး လုံးပတ် ၁၂ ပေအချင်းရှိသော အဖြူရောင်ဝက်သစ်ချပင်ကြီးနှင့် နောက်ထပ်ဝက်သစ်ချပင် ခြောက်ပင်ဖြင့် ဝန်းရံပံ့ပိုးကာဆောက်လုပ်ထားသည့် ဘုရားကျောင်းတစ်ခုလည်းရှိသည်။

**မှန်ကုဗပုံသစ်ပင်အိမ်**



ဆွီဒင်ရှိ သစ်ပင်အိမ်ဟိုတယ်သည် ကမ္ဘာပေါ်တွင် နိမ့်နိမ့်လေးဆောက်ထားသောသစ်ပင်အိမ်များထဲမှတစ်ခုဖြစ်သည်။ မှန်ကုဗပုံသစ်ပင်အိမ်တွင် ပတ်ဝန်းကျင်ရှိ ရှုခင်းအလှကို ထင်ဟပ်စေရန် မှန်ချပ်များဖြင့်ဆောက်လုပ်ထားသည်။ မှန်များသည် အပြင်ရှုခင်းကိုသာထင်ဟပ်စေပြီး အတွင်းကိုမူ မမြင်ရအောင်ပြုလုပ်ထားသော တစ်ဖက်မြင်မှန်များသုံးထားသည်။ ထို့ကြောင့် သစ်ပင်များကြားတွင် စိတ်လှုပ်ရှားဖွယ်ရာ ပုန်းအောင်းနေနိုင်သည့် နေရာဖြစ်သည်။ ၎င်းသစ်ပင်အိမ်၏ အကျယ်အဝန်းမှာ လေးမီတာပတ်လည်ဖြစ်သည်။ အိမ်၏အောက်ခြေတွင် အလူမီနီယံပေါင်တစ်ခုပါဝင်ပြီး နံရံများကို ရောင်ပြန်မှန်ဖြင့်ဖုံးအုပ်ထားသည်။ မှန်တွင် မြင်တွေ့ရသော ပတ်ဝန်းကျင်ကို အစစ်မှတ်ကာ ငှက်များပျံသန်းခြင်းမှကာကွယ်ပေးရန်အတွက် ၎င်းတို့ကို အနီအောက်ရောင်ခြည်ဖြင့် ဖုံးအုပ်ထားသည်။ ၎င်းအနီရောင်အောက်ရောင်ခြည်သည် လူတို့မမြင်နိုင်သော်လည်း ငှက်များမြင်နိုင်သည်။ ၎င်းအိမ်အတွင်းသို့ ကြိုးတံတားဖြင့် ဝင်ရောက်ရပြီး အတွင်းပိုင်းကို နှစ်ထပ်ခုတင်တစ်လုံး၊ ရေချိုးခန်း၊ ဧည့်ခန်းနှင့် အမိုးထရံများပါရှိသော လူနှစ်ဦးကောင်းစွာနေထိုင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

**နည်းပညာမြင့် ပုန်းအောင်းရာ သစ်ပင်အိမ်**



ဤအံ့ဩဖွယ်သစ်ပင်အိမ်ကို James Bond သည် သူ၏ကလေးများအတွက် ပုန်းစရာ၊ ခိုအောင်းရာနေရာတစ်ခုဖန်တီးရန် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသစ်ပင်အိမ်သည် ဂရိနိုင်ငံ အေသင်မြို့ရှိ လှပသော James Bond ၏ကိုယ်ပိုင်အိမ်ခြံမြေပေါ်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသစ်ပင်အိမ်ကို ဇိမ်ခံပစ္စည်းတစ်ခုအနေဖြင့် အံ့ဖွယ်နည်းပညာမြင့်ကိရိယာတချို့အသုံးပြုပြီး ဒီဇိုင်းထုတ်ဆောက်ထားခြင်းဖြစ်သည်။ ၎င်းတွင် လက်ဗွေသော့ခတ်မှုများနှင့် CCTV စနစ်ပါဝင်သည့်အပြင် ခေတ်မီသော ဇီဝမက်ထရစ်လုံခြုံရေးစနစ်တို့ပါဝင်သည်။ သစ်ပင်အိမ်သို့ ဝင်၊ ထွက်ပေါက်ကို လှမ်းခြုံမြင်နိုင်သည့် အလွန်နည်းပညာမြင့် ညမြင်ကွင်းကင်မရာငါးလုံးကို အသုံးပြုပြီး အိမ်ကိုထိန်းချုပ်ထားသည်။ ထို့ပြင် ထိန်းချုပ်ရေးစင်တာသည် ကင်မရာများကိုရွှေ့ကာ အကျယ်၊ အကျဉ်းချဲ့ရန်နှင့် အိမ်ကိုကျူးကျော်သူတိုင်း၏ ရုပ်ငြိမ်ရိုက်ချက်သို့မဟုတ် ဗီဒီယိုမှတ်တမ်းများကို ရိုက်ကူးနိုင်သည်။ သစ်ပင်အိမ်၏ အတွင်းပိုင်းတွင် မီးဖိုချောင်၊ ရေချိုးခန်းနှင့် ပလာစမာ မျက်နှာပြင်ရုပ်မြင်သံကြား၊ ဂိမ်းစက်များနှင့် ဒစ်ဂျစ်တယ်ဓာတ်ပုံပေါင်များ တပ်ဆင်ထားသည်။ ၎င်းသည် ကမ္ဘာပေါ်ရှိ အံ့မခန်းသစ်ပင်အိမ်များအနက် ခေတ်မီနည်းပညာများသုံးထားသော သစ်ပင်အိမ်ဖြစ်သည်။

**မီးအိမ်ပုံသစ်ပင်အိမ်**

Roderick Romero ဆိုသူ ဆောက်လုပ်ထားသည့် မယုံနိုင်လောက်အောင်ကောင်းမွန်ပြီး စွယ်စုံရသစ်ပင်အိမ်ဒီဇိုင်းကြောင့် ၎င်းသစ်ပင်အိမ်သည် လူသိများသည်။ ထို့ကြောင့် Roderick Romero၏ ဆောက်လုပ်ရေးလုပ်ငန်းက ဆောက်လုပ်ထားသော သစ်ပင်အိမ်များသည်



နာမည်အကြီးဆုံးဖြစ်သည်။ ယခုဆောက်လုပ်ထားသော မီးအိမ်ပုံသစ်ပင်အိမ်သည် ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာမိုနီကာရှိ ယူကလစ်ပင်သုံးပင်ကြားတွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ၉၉ ရာခိုင်နှုန်းကို သစ်လုံးများဖြင့် တည်ဆောက်ထားပြီး မှန်ချပ်များကိုလည်း အသုံးပြုထားသည်။

**အပြာရောင်လဘုရားကျောင်း**



အထက်ပါ ချစ်စရာကောင်းသောသစ်ပင်အိမ်သည် ဝါရှင်တန်ပြည်နယ် Issaquah မြို့ရှိ Pete Nelson's သစ်ပင်အိမ်များထဲမှတစ်အိမ်ဖြစ်သည်။ ကမ္ဘာကျော်သစ်ပင်အိမ်တည်ဆောက်သူနှင့် စာရေးဆရာဖြစ်သူ Nelson သည် လာရောက်ကြည့်ရှုသူများကို သာယာလှပသော၊ စာဖတ်၍ရသည့် စိတ်ငြိမ်သော အပန်းဖြေနေရာတစ်ခုအဖြစ် ဖန်တီးခဲ့သည်။ ထိုသည်မှာ သဘာဝတရားနှင့် ချိတ်ဆက်နိုင်ရန် ရည်ရွယ်ဆောက်လုပ်ထားခြင်းဖြစ်သည်။ အပြာရောင်လဘုရားကျောင်းသည် ပေ ၁၆၀ မြင့်သော Sitka Spruce အပင်များပေါ်တွင်ဆောက်လုပ်ထားပြီး ပေ ၃၀၀ ခန့်ကျယ်ဝန်းသည်။

**အော်ရီဂွန်သစ်ပင်အိမ်**



ကမ္ဘာ့အကြီးဆုံးသစ်ပင်အိမ်များကို အော်ရီဂွန်ပြည်နယ်တွင် တွေ့ရှိနိုင်သည်။ ဗိသုကာပညာရှင် Charles Greenwood သည် အခြားသူများအတွက် သစ်ပင်အိမ်ဆောက်လုပ်ပေးခြင်းကို ၁၂ နှစ်ကြာဆောက်လုပ်ခဲ့သည်။ သို့သော် ၂၀၀၆ ခုနှစ်တွင် သူသည် ကိုယ်ပိုင်သစ်ပင်အိမ်ဆောက်ခဲ့သည်။ ထောက်တိုင်တချို့၏အကူအညီဖြင့် အိမ်ကို အမြင့်ရောက်အောင် တည်ဆောက်ထားပြီး စတူဒီယိုကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့သည်။ ၎င်းစတူဒီယိုမှ နေဝင်ချိန်မှနေထွက်ချိန်ထိ ရှုခင်းများကို ကြည့်ရှုခံစားနိုင်စေမည့် ခေတ်သစ်လူနေမှုဘဝအတွက် အပြည့်အဝပြင်ဆင်ထားကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**Spectacular Tree Houses in The World ကို ဘာသာပြန်ဆိုပါသည်။**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**


## ဘယ်သူ့စွမ်းအားပိုကြီးသလဲ

ဟိုးရှေးရှေးတုန်းက နေနတ်သား၊ လနတ်သား၊ ကြယ်နတ်သားဆိုတဲ့ သူငယ်ချင်းသုံးယောက်ဟာ မိုးကောင်းကင်ကြီးမှာ အတူတကွနေထိုင်ကြသတဲ့ကွယ်။ တစ်နေ့မှာတော့ သူငယ်ချင်းသုံးယောက်စကားတွေ ပြောဆိုကြရင်း အငြင်းပွားကြသတဲ့ကွယ်။ ကမ္ဘာမြေက လူသားတွေအတွက် သူကအရေးပါသူ၊ ကိုယ်ကအရေးပါသူဆိုပြီး ငြင်းခုံနေကြသတဲ့ကွယ်။ ဒီလိုနဲ့ပဲ တစ်ယောက်နဲ့တစ်ယောက် အခေါ်အပြောတွေမလုပ်ကြတော့ဘဲ တစ်ယောက်တစ်နေရာစီမှာ နေထိုင်နေကြသတဲ့ကွယ်။

တစ်နေ့မှာတော့ ကမ္ဘာမြေပြင်မှာ မိုးသားတိမ်စိုင်တွေ ညိုမည်းလာသတဲ့ကွယ်။ အချိန်မဟုတ်အခါမဟုတ် မိုးသီးမိုးပေါက်တွေလဲ ရွာကျလာတာပေါ့။ အချိန်အခါမဟုတ်ဘဲ မိုးရွာသွန်းတဲ့အတွက် သီးနှံတွေလဲပျက်စီးဆုံးရှုံးရတာပေါ့ကွယ်။ ကမ္ဘာမြေပေါ်မှာနေထိုင်ကြတဲ့ လူသားတွေလဲ သူတို့ရဲ့သီးနှံတွေဆုံးရှုံးလိုက်ရလို့ ဝမ်းနည်းပူဆွေးနေကြတာပေါ့ကွယ်။

ကမ္ဘာမြေပေါ်ကလူသားတွေ ဝမ်းနည်းပူဆွေးနေတာကိုမြင်လိုက်ရတဲ့ နေနတ်သားကလေးက တအားကို စိတ်မကောင်းဖြစ်သွားတာပေါ့ကွယ်။ ကမ္ဘာမြေကို သူကယ်တင်မယ်ဆိုပြီး သူ့ရဲ့ကိုယ်ပိုင်အလင်းစွမ်းအားတွေလွှတ်ထုတ်ပြီး မိုးနတ်သားကို တားဆီးလိုက်သတဲ့ကွယ်။ သူကိုယ့်သူလဲ ငါ့ရဲ့အလင်းစွမ်းအားကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားတွေ စိတ်ချမ်းသာရာရနေပြီဆိုပြီး ပီတိတွေဖြစ်နေသတဲ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ ညဘက်ရောက်တိုင်းရောက်တိုင်း ကမ္ဘာမြေမှာ ခိုးမှု၊ ဓားပြမှုတွေ ဖြစ်လာသတဲ့ကွယ်။ ညဘက်မှာ တအားမှောင်လွန်းတော့ သူခိုးတွေ၊ ဓားပြတွေက မှောင်နေတာကိုအခွင့်ကောင်းယူပြီးလုယက်ကြသတဲ့ကွယ်။ ကမ္ဘာသူ၊ ကမ္ဘာသားတွေလဲ သူတို့ ချွေးနဲ့၊ သွေးနဲ့ရှာဖွေထားတဲ့ပစ္စည်းတွေ လုယက်ခံရလို့ ပူဆွေးသောကရောက်ကြသတဲ့ကွယ်။ ကမ္ဘာသူ၊ ကမ္ဘာသားတွေ ပူဆွေးဝမ်းနည်းနေတာကို ကြည့်ပြီး စိတ်မချမ်းမသာဖြစ်နေတဲ့ လနတ်သားကလေးဟာ ကမ္ဘာသူ၊ ကမ္ဘာသားတွေကိုကူညီဖို့ သူ့ရဲ့ကိုယ်ပိုင်အလင်းကို ထုတ်လွှတ်ပေးလိုက်သတဲ့ကွယ်။ ဒီတော့ သူခိုး၊ ဓားပြတွေလဲ လရဲ့အလင်းရောင်ကြောင့် မှောင်ရိပ်မခိုနိုင်တော့ဘဲ ခိုးမှု၊ ဓားပြမှုတွေလဲ



ရပ်တန့်သွားသတဲ့ကွယ်။ လနတ်သားကလေးလဲ သူ့ရဲ့အလင်းစွမ်းအားကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားတွေရဲ့ ဒုက္ခကို ကူညီနိုင်လိုက်ပြီဆိုပြီး ဝမ်းသာပီတိဖြစ်နေသတဲ့ကွယ်။

တစ်နေ့မှာတော့ ကမ္ဘာမြေပေါ်မှာ နက္ခတ်သဘင်ပွဲကျင်းပသတဲ့ကွယ်။ ကြယ်ပေါင်းစုံဝန်းရံခမှ ကမ္ဘာမြေကြီးဖွံ့ဖြိုးတိုးတက်လိမ့်မယ်လို့ ပုရောဟိတ်ပညာရှိကြီးတွေက ဆုံးဖြတ်ကြသတဲ့ကွယ်။ ကြယ်တွေကလဲ နှစ်ပေါင်းများစွာ မထွက်ဘဲနေတာကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားတွေ အလွန်စိုးရိမ်နေကြတာပေါ့။ နက္ခတ်တာရာတွေစုံလင်မှ ကမ္ဘာမြေတိုးတက်မှာဆိုတော့ ကြယ်တွေထွက်လာမှာကို တောင့်တနေကြတာပေါ့။ ကြယ်ကလေးတွေကလဲ ထွက်ပေါ်မလာတော့ ကမ္ဘာသူ၊ ကမ္ဘာသားတွေ အလွန်စိုးရိမ်နေကြတာပေါ့ကွယ်။

ဒီအကြောင်းအရာကိုသိသွားတဲ့ ကြယ်နတ်သားကလေးက သူ့ရဲ့နောက်လိုက်ကြယ်ကလေးတွေကို အလင်းထွက်ပြကြဖို့ အမိန့်ပေးလိုက်သတဲ့ကွယ်။ ကြယ်ကလေးတွေထွက်ပေါ်လာတဲ့အတွက် နက္ခတ်တွေလဲ ကိုက်ညီသွားပြီး ကမ္ဘာကြီးလဲ ဖွံ့ဖြိုးတိုးတက်လာလို့ ကမ္ဘာသူ၊ ကမ္ဘာသားတွေ ပျော်ရွှင်သွားကြတာပေါ့ကွယ်။ ကမ္ဘာသူ၊ ကမ္ဘာသားတွေ ပျော်ရွှင်နေတာကို ကြည့်ပြီး ကြယ်နတ်သားကလေးလဲ ဝမ်းသာပီတိဖြစ်နေတာပေါ့ကွယ်။

တစ်နေ့မှာတော့ ကောင်းကင်အစည်းအဝေးပွဲကျင်းပကြသတဲ့ကွယ်။ ကောင်းကင်နတ်မင်းကြီးက သူ့ရဲ့နတ်သားတွေကို ဆုချီးမြှင့်တဲ့ပွဲပေါ့ကွယ်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာလူသားတွေအတွက်ကောင်းကျိုးပြုတဲ့သူကို ဆုချီးမြှင့်တဲ့ပွဲပေါ့ကွယ်။ ဒီပွဲမှာ အထူးဆုရရှိတဲ့သူတွေကတော့ မိုးသားတွေကိုတားဆီးပေးနိုင်တဲ့ နေနတ်သားရယ်၊ သူခိုး၊ ဓားပြတွေမှောင်ရိပ်ခိုပြီး ပစ္စည်းတွေလုမယူနိုင်အောင် ညဘက်မှာ အလင်းပေးနိုင်တဲ့ လနတ်သားကလေးရယ်၊ နက္ခတ်တွေစုံအောင် ထွက်ပေါ်ပေးတဲ့ကြယ်နတ်သားကလေးတို့ သုံးယောက်ပါပဲကွယ်။ တစ်ချိန်က သူတို့သုံးယောက်က သူ့စွမ်းအားက သာလွန်တယ်၊ ငါ့စွမ်းအားက သာလွန်တယ်ဆိုပြီး ငြင်းခုံနေကြတဲ့ သုံးယောက်ပါပဲကွယ်။ ကောင်းကင်နတ်မင်းကြီးက ဆုတွေချီးမြှင့်လိုက်မှ သူတို့သုံးယောက်စလုံးမှာ မတူညီတဲ့ကိုယ်ပိုင်စွမ်းအားတွေနဲ့ ကမ္ဘာသူ၊ ကမ္ဘာသားတွေကို ကောင်းကျိုးပြုနိုင်ခဲ့တယ်ဆိုတာကို သူတို့သုံးယောက်စလုံး သိရှိသွားသတဲ့ကွယ်။ တစ်ယောက်နဲ့တစ်ယောက်လဲ ကိုယ်ပိုင်စွမ်းအားတစ်ခုစီရှိနေကြတယ်ဆိုတာသိရှိသွားကြပြီး ချစ်ချစ်ခင်ခင်နဲ့ ကမ္ဘာသူ၊ ကမ္ဘာသားတွေရဲ့ကောင်းကျိုးကို အခုထိဆောင်ရွက်နေကြသတဲ့ကွယ်။

ကလေးတို့ရေ. . . လောကကြီးမှာရှိနေကြတဲ့ လူသားတွေအားလုံးဟာ ကိုယ်ပိုင်စွမ်းအားတွေရှိကြသတဲ့ကွယ်။ ကိုယ်က စွမ်းအားတစ်ခုလုပ်ပြနိုင်တယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ်အထင်မကြီးသင့်ပါဘူးကွယ်။ ကိုယ့်လိုပဲ သူများဆီမှာ ကိုယ်ပိုင်စွမ်းအားတွေရှိနေတယ်ဆိုတာကို အခုပြောပြတဲ့ပုံပြင်ကလေးက အသိပေးနေပြီး တစ်ပါးသူတွေကို အထင်သေးအမြင်သေးတဲ့စိတ်နဲ့မကြည့်ကြဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်ကွယ်။

**မောင်သိန်းနိုင်(လက်ဖက်ရည်)**

## ငှက်သိုက်ကလေး

- စာငှက်လေးများ သေးသေးငယ်
မြူးထူးလို့နေတယ်၊
ခြံစည်းရိုးဝယ် အသိုက်ဆောက်
ငှက်ကလေးတွေပေါက်။
- ရှေ့နောက်တောင်မြောက် ဝဲပျံနေ
အစာများရှာဖွေ၊
ငှက်ပေါက်လေးတွေ အစာခွံ့ကျွေး
ဖိုမစုံတယ်လေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**




## တာဝန်ကိုယ်စီ

- ဖေဖေကြီးက လယ်တောထွက်
သားသားကျောင်းကိုတက်။
- ထမင်းဟင်းချက် မေမေပါ
လက်ရာကောင်းလှတာ။
- အိမ်ဦးခန်းမှာ ဘဘကြီး
သာဓုကြေးစည်တီး။
- တံမြက်လှည်းသူ မမပါ
ခြံဝင်းသန့်ရှင်းတာ။
- ကိုကိုကြီးမှာ ရေပုံးထမ်း
သီးပင်စားပင်ဖျန်း
ကိုယ်စီတာဝန်ထမ်း။ ။

**ဥက္ကာကျော်(ပုလဲ)**



# မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းက ပြည်ပသို့ ရှမ်းနှမ်းစေ့များကို ပို့ကုန်အမည်သစ်အဖြစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစတင် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဇန်နဝါရီ ၂၁**

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြည်ပသို့ ရှမ်းနှမ်းစေ့များကို ပို့ကုန်အမည်သစ်အဖြစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစတင် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ရှမ်းနှမ်းပင်များကို ရှမ်းပြည်နယ် အောင်ပန်း၊ ကလောဒေသများတွင် စက်တင်ဘာလ၌ စတင်စိုက်ပျိုးလေ့ရှိပြီး စိုက်ပျိုးပြီး နှစ်လခန့်ကြာ နိုဝင်ဘာလတွင် အစေ့ထုတ်ယူလေ့ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်ထိ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြည်ပသို့ ရှမ်းနှမ်းစေ့များကို ပို့ကုန်အမည်သစ်အဖြစ် ကုမ္ပဏီနှစ်ခုက အမေရိကန်ဒေါ်လာ သုညဒသမ ၀၅၃ သန်းတန်ဖိုးရှိ ရှမ်းနှမ်းစေ့ ၇၆ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါရှမ်းနှမ်းစေ့ကို ဒေသတွင်း ခေါပုတ်ပြုလုပ်ရာ၌လည်းကောင်း၊ ခေါက်မုန့်၊ ဘိန်းမုန့်၊ အီကြေးမုန့် စသည့်မုန့်များတွင်အပေါ်ယံဖြူး၍ နှမ်းအစားထိုးအသုံးပြုရာ၌လည်းကောင်း အသုံးပြုကြကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းနှမ်းစေ့များကို ပြည်ပဈေးကွက်မှ ဝယ်လိုအားရရှိသဖြင့် ရှမ်းပြည်နယ်မှ စိုက်ပျိုးထွက်ရှိနေသည့် ရှမ်းနှမ်းစေ့များကို မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြည်ပသို့ ပို့ကုန်အမည်သစ်အနေဖြင့် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပို့ကုန်အမည်သစ်အဖြစ် တင်ပို့ရောင်းချပေးခဲ့သည့်ရှမ်းနှမ်းစေ့များမှာ အရည်အသွေးကောင်းမွန်နေသဖြင့် ပြည်ပဈေးကွက်မှဝယ်ယူလိုအားရရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ် အောင်ပန်း၊ ကလောဒေသများတွင် ရှမ်းနှမ်းစေ့ဝယ်ရင်းဈေးတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဖြစ်ပြီး ရှမ်းပြည်နယ်မှ မြဝတီမြို့ထိကားခ ၁၆ တန်တင်ဆောင်သည့် ၁၂ ဘီး ယာဉ်တစ်စီးလျှင် ငွေကျပ် ၂၅ သိန်းကုန်ကျသဖြင့် ရှမ်းနှမ်းစေ့တစ်ပိဿာလျှင် ကားခ ငွေကျပ် ၂၅၅ ကျပ်ကျသင့်ကြောင်း၊ ထိုင်းနိုင်ငံဈေးကွက်တွင် ရှမ်းနှမ်းစေ့တစ်ပိဿာလျှင် ၃၇ ဘတ်၊ မြန်မာငွေကျပ် ၂၉၆၀ ရှိသဖြင့် ရှမ်းနှမ်းစေ့တစ်ပိဿာလျှင် ငွေကျပ် ၁၇၇ ကျပ် အမြတ်ရရှိကြောင်း၊ ထို့ကြောင့် ရှမ်းနှမ်းစေ့များကို ၁၆ တန် ၁၂ ဘီး ယာဉ်တစ်စီးစာ တင်ပို့ရောင်းချပေးနိုင်လျှင် အမြတ်ငွေကျပ် ၁၇၃၆၀၀၀ ရရှိကြောင်း သိရသည်။ SKL

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# မြောက်ဦးမြို့နယ် ညောင်ပင်လှကျေးရွာ၌ RCC ကွန်ကရစ်တံတားပြီးစီးမှု စစ်ဆေး

**မြောက်ဦး ဇန်နဝါရီ ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၊ ထုတ်ကုန်၊ ထွက်ကုန်များရာသီမရွေးဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ညောင်ပင်လှကျေးရွာ၌ ကုန်ထုတ်လမ်းပေါ်ရှိ RCC ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာတံတားကော်မတီဝင်များနှင့်အတူ ညောင်ပင်လှကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ RCC ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက တံတား ရေရှည်အသုံးပြုနိုင်ရေး တန်ဖိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြောက်ဦးမြို့နယ်အတွင်း ညောင်ပင်လှကျေးရွာ၌ အလျားပေ ၆၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၃ ပေနှင့် အလျားပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၃ ပေ RCC ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉၄ ဒသမ ၀၉၂ သန်းဖြင့် ဇွဲနေမင်းကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ညောင်ပင်လှကျေးရွာရှိ အိမ်ခြေ ၃၂၅၊ လူ ၁၇၄၂ ဦးကို အကျိုးပြုသွားမည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၀၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၆၈ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (50 ppm) | ၂၄၃၆ | ၂၅၁၄ |
| HSD (10 ppm) | ၂၄၃၆ | ၂၅၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၀၇၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇-၃၁၁၁၂၈၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကာလရှည်ကြာ သုံးစွဲခြင်းအတွက်

# DENTOMEC

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

FDA အမှတ်-1907 PC 0040

သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၆၈၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော









မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

# ရတနာပုံခန်းမ



## ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊
မွေးနေ့ပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
အထိမ်းအမှတ် ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှမာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်း နှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း-၀၂-၄၀၃၀၄၃၃၈၊ ၀၂-၄၀၃၀၄၃၃၉၊ ၀၉ ၆၇၈၉၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၉၂


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ဒန်တပင်ရပ်နေ ကျွန်မ ဒေါ်သန်းဝင်း(၉/အမရ(နိုင်)၀၁၂၃၁၆)၏သား **မောင်အောင်ကိုကိုမြတ် (၉/အမရ(နိုင်)၁၅၉၃၉၇)** သည် မိဘဆိုဆုံးမမှုများကို နားမထောင်ဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်သန်းဝင်း(၉/အမရ(နိုင်)၀၁၂၃၁၆)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ တံတားဦးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ကွက်သစ်နေ ဦးအေးဇော်-ဒေါ်သီတာဝင်း တို့၏သားဖြစ်သူ **မောင်ဖြိုးသီဟဇော်(၉/တတဉ(နိုင်)၁၃၃၇၅၀)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအေးဇော်(၉/တတဉ(နိုင်)၀၈၀၇၅၀)**
**ဒေါ်သီတာဝင်း(၉/တတဉ(နိုင်)၀၇၄၃၈၄)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းကျ ပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာပြောလိုပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့လည်း အစိုးရနဲ့လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို နယ်မြေခံတပ်ရှိ ငပလီခန်းမသို့ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် **စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

**တနင်္ဂနွေ အထူးအချပ်ပိုပါရှိ**

ယနေ့ထုတ် ရတနာပုံသတင်းစာတွင် ဆောင်းပါးရှင်တက္ကသိုလ်မြတ်သူ၏ "အံ့ဩဖွယ်မကုန် ပီတိရသ. . . ဖြင့် ဆင်နွှဲခဲ့သည့် (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အောင်ပွဲ" တနင်္ဂနွေ အထူးအချပ်ပို ရှစ်မျက်နှာပါရှိပါသည်။

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၂၄




# အံ့သြဖွယ်မကုန် ပီတိရသ . . . ဖြင့် ဆင်နွှဲခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အောင်ပွဲ

တက္ကသိုလ်မြတ်သူ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ပထမအကြိမ်လွတ်လပ်ရေးအောင်ပွဲကို ကျွန်တော့်ဇာတိ မြင်းခြံမြို့တွင် စတင်ဆင်နွှဲခဲ့ရသည်။ ထိုစဉ်က ကျွန်တော့်အသက်မှာ ၁၇ နှစ် ဖြစ်သည်။ မြင်းခြံမြို့ အရေးပိုင် (ခရိုင်ဝန်) ဦးချစ်ဆွေ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ပထမအကြိမ် လွတ်လပ်ရေးနေ့အောင်ပွဲ ကျင်းပရေးကော်မတီတွင် ကျွန်တော်က မြင်းခြံမြို့နယ် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ရသည်။ မြင်းခြံခရိုင် ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဦးအောင်သူ(သံမဏိမောင်မောင်)အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော အနုပညာယဉ်ကျေးမှု(ပျော်ပွဲရွှင်ပွဲနှင့် တေးဂီတပြိုင်ပွဲကျင်းပရေး)ဆပ်ကော်မတီတွင် တာဝန်ကျသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ သူ့ကျွန်ဘဝမှ လုံးဝလွတ်မြောက်ပြီ၊ မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိပြီ ဆိုသော အသိဖြင့် မြင်းခြံမြို့ အစိုးရအထက်တန်းကျောင်း အမှတ်(၁)ကွင်းနှင့် လွတ်လပ်ရေး ပန်းခြံကွင်း၌ လွတ်လပ်ရေးအောင်ပွဲကို ကျွန်တော်တို့အားလုံး ပျော်ရွှင်စွာ ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲကြသည်။ ကျွန်တော်သည် ၁၇ နှစ်သားအထိ၊ နယ်ချဲ့နှင့်ဖက်ဆစ်တို့ လက်အောက်တွင် ၁၇ နှစ်တိတိ ကျွန်ဖြစ်ခဲ့ရာမှ ယနေ့လွတ်ပြီ၊ ကျွတ်ပြီဟူသော ပီတိဖြင့် နံနက် ၄ နာရီ မိနစ် ၂၀ အညာဆောင်းတွင်း အအေးဒဏ်ကိုမမှုဘဲ ချမ်းအေးလှသော်လည်း ပီတိလွှမ်းနေသော ဝမ်းသာခြင်းဖြင့် လွတ်လပ်ရေးနေ့ နံနက် အလံတင်အခမ်းအနားသို့ တက်ရောက်ဆင်နွှဲခဲ့သည်။ ထိုစဉ်က ဗမာပြည်ကွန်မြူနစ်ပါတီသည် ဥပဒေအပြင်ထွက်ပြီး တောမခိုသေး၍ ပြည်သူတို့နှင့်အတူ ပထမဆုံး လွတ်လပ်ရေးအောင်ပွဲကို ဝမ်းသာတက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပြည်သူ့ရဲဘော်များလည်း တောမခိုသေး၍ အားလုံးတညီတညွတ် တပျော်တပါး လွတ်လပ်ရေးအောင်ပွဲ နွှဲခဲ့ကြပေသည်။ မြန်မာတိုင်းရင်းသား ပြည်သူတို့ကား အထူးပြောနေစရာ မလိုလောက်အောင်ပင် ပီတိတဝေဝေ၊ အပြုံးပန်းများနှင့် "လွတ်လပ်ပြီ .... လွတ်လပ်ပြီ ...တို့တွေ လွတ်လပ်ပြီ"ဟု သီဆိုဥဒါန်းကျူးနေကြပေသည်။



ထို့နောက် ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနားများကို နိုင်ငံအနှံ့ မြို့ရွာများတွင် ကျင်းပခဲ့ရာ ပြည်သူတို့၏ လွတ်လပ်ရေးစိတ်ဓာတ်သည် ရှင်သန်တိုးပွားလာခဲ့ကြပေသည်။ (၂၅)နှစ်မြောက် လွတ်လပ်ရေးနေ့(ငွေရတု)၊ နှစ်(၅၀)ပြည့် လွတ်လပ်ရေးနေ့(ရွှေရတု)မှသည် ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် မြန်မာ့လွတ်လပ်ရေးနေ့ (၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနားကို နိုင်ငံအနှံ့ကျင်းပကြရာ ကျွန်တော်သည် နေပြည်တော်တွင် ကျင်းပသည့် ခမ်းနားကြီးကျယ်သော စိန်ရတု လွတ်လပ်ရေးပွဲသဘင်သို့ တက်ရောက်ဆင်နွှဲခဲ့ရပေသည်။

နေပြည်တော်၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ ကျွန်တော်တက်ရောက်ဖြစ်သော အကြောင်းတရားကား လွတ်လပ်ရေးနေ့ အခမ်းအနား၊ လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးအပ်မည်ဖြစ်ရာ အလင်္ကာကျော်စွာဘွဲ့ရ ကျွန်တော်လည်း ဘွဲ့နှင်းသဘင်တွင် ဘွဲ့တံဆိပ်ယူပြီး စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားနှင့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ တက်ရောက်ရန် ဖိတ်ကြားစာရထား၍ ရောက်ရှိနေခြင်းဖြစ်ပါသည်။

အချပ်ပိုစာမျက်နှာ (ခ) သို့ »»

**ယခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များပေးအပ်ပွဲ၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား၊ လွတ်လပ်ရေးနေ့ ညစာစားပွဲတို့သည် လွတ်လပ်ရေးရရှိခဲ့သည့် ၇၅ နှစ်တာကာလအတွင်း ကျွန်တော့်အနေဖြင့် မကြုံဖူးလောက်အောင် များစွာစည်ကားသိုက်မြိုက်၊ ကြီးကျယ်ခမ်းနားလွန်းသည်ကို တအံ့တသြတွေ့ကြုံရ**



အဆောင်သုံးဆောင်သာ ရှိခဲ့သော ဗိုလ်ရှုခံမဏ္ဍပ်ကို မွမ်းမံပြင်ဆင်ခဲ့ရုံသာမက အဆောင်နှစ်ဆောင် ထပ်မံတိုးချဲ့ဖွဲ့စည်းထားမှု၊ ယန္တရားစစ်ကြောင်း ချီတက်အလေးပြုမှုနှင့် တပ်မတော် (လေ)မှ လေယာဉ်များ အုပ်ဖွဲ့ပျံသန်း၍ ချီတက်အလေးပြုမှုကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခြင်းခံရသူများအား ကြိုဆိုရန် တိုးချဲ့ဆောက်လုပ်ထားသည့် ခမ်းနားသစ်လွင်သော အဆောက်အအုံကြီးကို ဤသို့တွေ့ရစဉ်။

»» အချပ်ပိုစာမျက်နှာ (က) မှ

ကျွန်တော်သည် နယကအစိုးရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထက် ၂၀၀၇ ခုနှစ် လွတ်လပ်ရေးနေ့က လူမှုထူးချွန်တံဆိပ်၊ သမ္မတကြီး ဦးသိန်းစိန် လက်ထက် ၂၀၁၂ ခုနှစ် လွတ်လပ်ရေးနေ့က စည်သူဘွဲ့၊ ယခု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နစကအစိုးရလက်ထက်တွင် အလင်္ကာကျော်စွာဘွဲ့များ ရရှိခဲ့ပါသည်။

ယခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များပေးအပ်ပွဲ၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား၊ လွတ်လပ်ရေးနေ့ ညစာစားပွဲတို့သည် လွတ်လပ်ရေးရရှိခဲ့သည့် ၇၅ နှစ်တာကာလအတွင်း ကျွန်တော့်အနေဖြင့် မကြုံဖူးလောက်အောင် များစွာ စည်ကားသိုက်မြိုက်၊ ကြီးကျယ်ခမ်းနားလွန်းသည်ကို တအံ့တသြတွေ့ကြုံရပါသည်။

## ဘွဲ့မျိုးစုံရရှိသူအများဆုံး

ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ရာ၌ ယခုနှစ်တွင် ဘွဲ့မျိုးစုံရရှိသူ အများဆုံးဟု ဆိုရပေမည်။ နိုင်ငံတော်အကျိုးကို ခေတ်အဆက်ဆက် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်အတွက် အသက်ခန္ဓာစွန့်လွှတ်ခဲ့ကြသူများ၊ အမျိုးသားရေးတာဝန် ကျေပွန်ခဲ့သူများကို ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်အသိအမှတ်ပြုခဲ့သည့်အပြင် ဖဆပလ (ပါလီမန်ဒီမိုကရေစီခေတ်)၊ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (ဆိုရှယ်လစ်ဒီမိုကရေစီခေတ်)၊ နဝတနှင့် နယကအစိုးရလက်ထက်မှစ၍ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ထွန်းလာသော ပါတီစုံဒီမိုကရေစီခေတ်တို့မှ နိုင်ငံ့အကျိုးကို ထူးထူးကဲကဲ သယ်ပိုးခဲ့သူများကိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ ထိုက်ထိုက်တန်တန် ပေးအပ်ခဲ့ပါသည်။

၁-၁-၂၀၂၄ ရက်နေ့နှင့် ၂-၁-၂၀၂၄ ရက်နေ့တို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ လည်းကောင်း၊ ၃-၁-၂၀၂၄ ရက်နေ့တွင် ဇေယျာသီရိဗိမာန်၌ လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ၊တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားများကို ကျင်းပခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခြင်းခံရသူများအား ကြိုဆိုရန် တိုးချဲ့ဆောက်လုပ်ထားသည့် ခမ်းနားသစ်လွင်သော အဆောက်အအုံကြီးကို တွေ့ရှိလိုက်ရသည်မှာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား ယခုနှစ်တွင် နိုင်ငံတော်က မည်မျှအလေးထား တန်ဖိုးထားကြောင်း ပေါ်လွင်ထင်ရှားလှ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခြင်းခံရသူများအား ကြိုဆိုရန် တိုးချဲ့ဆောက်လုပ်ထားသည့် ခမ်းနားသစ်လွင်သော အဆောက်အအုံကြီးကို တွေ့ရှိလိုက်ရသည်မှာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား ယခုနှစ်တွင် နိုင်ငံတော်က မည်မျှအလေးထား တန်ဖိုးထားကြောင်း ပေါ်လွင်ထင်ရှားလှ**

တိုးချဲ့ဆောက်လုပ်ထားသည့် ခမ်းနားသစ်လွင်သော အဆောက်အအုံကြီးကို တွေ့ရှိလိုက်ရသည်မှာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား ယခုနှစ်တွင် နိုင်ငံတော်က မည်မျှအလေးထား တန်ဖိုးထားကြောင်း ပေါ်လွင်ထင်ရှားလှပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးသဘင်ဆောင်၌ ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည့်အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းပါစာသားများကို မှတ်မိနေပါသေးသည်။ "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အထိ အသက်ခန္ဓာနှင့် သွေးချွေးတို့ကို ပေးဆပ်ပြီး ထူးကဲစွာ ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ဗိုလ်တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ယခုလို မင်္ဂလာရှိပြီး ထူးခြားလေးနက်သည့် အခါသမယတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ဂုဏ်ပြုချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။

"နိုင်ငံတော်၏ အရေးအရာများနှင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် ခေတ်အဆက်ဆက်တွင်လည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများ ရှိခဲ့ပါကြောင်း၊ လက်ရှိအချိန်မှာလည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများ ရှိနေပါသေးကြောင်း၊ ယခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းသည် တိုင်းပြည်လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ရေးတို့အတွက် အသက်ခန္ဓာ ပေးဆပ်ခဲ့ကြသူများနှင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူများအားလုံးကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်းဖြစ်ပါကြောင်း။

အချပ်ပိုစာမျက်နှာ (ဂ) သို့ »»



**ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ရာ၌ ယခုနှစ်တွင် ဘွဲ့မျိုးစုံရရှိသူ အများဆုံးဟု ဆိုရပေမည်။ နိုင်ငံတော်အကျိုးကို ခေတ်အဆက်ဆက် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်အတွက် အသက်ခန္ဓာစွန့်လွှတ်ခဲ့ကြသူများ၊ အမျိုးသားရေးတာဝန် ကျေပွန်ခဲ့သူများကို ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်အသိအမှတ်ပြုခဲ့သည့်အပြင် ဖဆပလ (ပါလီမန်ဒီမိုကရေစီခေတ်)၊ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ် (ဆိုရှယ်လစ်ဒီမိုကရေစီခေတ်)၊ နဝတနှင့် နယကအစိုးရလက်ထက်မှစ၍ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ထွန်းလာသော ပါတီစုံဒီမိုကရေစီခေတ်တို့မှ နိုင်ငံ့အကျိုးကို ထူးထူးကဲကဲ သယ်ပိုးခဲ့သူများကိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ ထိုက်ထိုက်တန်တန် ပေးအပ်ခဲ့**

»» အချပ်ပိုစာမျက်နှာ (ခ) မှ

"နိုင်ငံတော်အတွက် မိမိအသက်ခန္ဓာကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့်စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသူများကို အဆင့်ဆင့်စိစစ်ပြီး ထောက်ခံတင်ပြချက်များအရ ချီးမြှင့်ခြင်းဖြစ်ပါကြောင်း။

**သားစဉ်မြေးဆက် ဂုဏ်ယူစရာ**

"ယခုရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များသည် မိမိတို့ ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသောဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံခဲ့ရသည့် သင်္ကေတ အမှတ်အသားတစ်ခု ဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင် တက်ရောက်ခြင်း မပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား လေးစားဂုဏ်ယူပါကြောင်း၊ မိဘဘိုးဘွားများ၏ နိုင်ငံတော်အတွက် ဆောင်ရွက်ခဲ့သည့် ကြီးမြတ်သောဂုဏ်ကို ဆက်လက်စောင့်ထိန်းပေးရန်" ပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးက တစ်ဦးချင်းစီအား ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ကိုယ်တိုင် တက်ရောက်လာမယူနိုင်သူများအတွက် ကာယကံရှင်၏ မိသားစုဝင် သား၊ သမီး၊ မြေး၊ မြစ်တို့က ကိုယ်စား တက်ရောက် ယူကြသည်။ မူလက ကိုယ်စား လာယူသူများအားလုံး ဘွဲ့တံဆိပ်တက်ယူမနေဘဲ ဆုအမျိုးအစားအလိုက်၊ ဆုရသူများ ကိုယ်စား တစ်ယောက်၊ နှစ်ယောက်က တက်ယူရန် သက်ဆိုင်ရာကော်မတီက စီစဉ်ခဲ့သည်ဟု သိရသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်ပန်းလွန်းမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ဗိုလ်ချုပ်မှူးကြီးက ကိုယ်စားယူသူအားလုံးကိုလည်း ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့သည်။



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကြီးကို နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပခဲ့ရာ ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့ခဲ့ကြပြီး လွတ်လပ်ရေး၏ အငွေ့အသက်များကို ခံစားနားလည်စေခဲ့သည်။

ဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးနေဝင်း၊ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးစန်းယု၊ ဦးအေးကို၊ ဦးစိန်လွင်တို့ ကိုယ်စား သား၊ သမီး၊ မြေးတို့က ဘွဲ့တံဆိပ်ကို လက်ခံကြသည်။ တိုင်းရင်းသားမျိုးစုံ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ ဗုဒ္ဓဘာသာဆရာတော် သံဃာတော်များ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ ဆုတက်ယူကြသောအခါ ပရိသတ်၏ လက်ခုပ်သြဘာသံက ပို၍ကျယ်လောင်သည်ကို သတိပြုမိသည်။ ကျွန်တော်တို့ကဲ့သို့ အသက် ၈၀ ကျော်၊ ၉၀ ကျော်များကို တာဝန်ကျဝန်ထမ်းများက ဖေးမတွဲကူပေးသဖြင့် စင်မြင့်ပေါ်တက်ရောက် ဘွဲ့ယူနိုင်ခဲ့ကြပေသည်။

**ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရ**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းပွဲသို့ တက်ရောက်ခဲ့သူအားလုံး၏ သွားရေးလာရေး၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ လုံခြုံရေးမှအစ လိုလေသေးမရှိ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပေသည်။ ယခုရက်များအတွင်း သတင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခြင်းမရှိဘဲ အဝေးရောက် လက်ခံရယူသည့် ကာယကံရှင်နှင့် မိသားစုများထံသို့ ဘွဲ့ထူးဂုဏ်ထူးများ၊ ဆုတံဆိပ်၊ ဆုလက်မှတ်များကို တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက လက်ရောက်ချီးမြှင့်အပ်နှင်းနေသည်ကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပေသည်။ ဂုဏ်ထူးဆောင်ဘွဲ့များကို ၂၀၂၂ ခုနှစ် တပ်မတော်နေ့မှ စတင်ပြီး အကြိမ်ကြိမ် စိစစ်ထုတ်ပြန်ခဲ့သည်ကို တွေ့ရပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးသင့်ပေးထိုက်သူအချို့ ကျန်ကောင်းကျန်နိုင်သည့်အတွက် ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိခဲ့ရပါသည်။

၄-၁-၂၀၂၃ ရက်နေ့ နံနက် ၇ နာရီတွင် ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူအားလုံး တက်ရောက်ခဲ့ကြပေသည်။ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ကြည်း၊ ရေ၊ လေ တပ်မတော်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များသည် အခမ်းအနား၏ အံ့သြဖွယ်ရာခင်းကျင်းပြသမှုများကို တစ်ဝကြီး ကြည့်ရှုနိုင်ခဲ့ကြပေသည်။

မြန်မာတို့၏ လွတ်လပ်ရေး(ဝါ) မြန်မာပိုင် အချုပ်အခြာအာဏာရပ်ကြီးကို မြန်မာတို့ ပြန်လည်စိုးပိုင်ခဲ့သည်မှာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၅)နှစ် တိတိကျကျ ပြည့်ခဲ့လေပြီ။ စိန်ရတုလွတ်လပ်ရေးနေ့ကို အစည်ကားဆုံး၊ အသိုက်မြိုက်ဆုံး၊ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး ကျင်းပနိုင်ခဲ့ပေပြီ။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားများကို မြန်မာတို့ ဂုဏ်ယူဝမ်းမြောက်စွာ ကျင်းပကြလေသည်။

အချပ်ပိုစာမျက်နှာ (ဃ) သို့ »»



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ရာ ကျောင်းသားကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များဖြင့် အထူးစည်ကားခဲ့သည်။

**စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားမကျင်းပမီ ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်သည့် တူယှဉ်နွဲပျော် ဂီတပွဲတော်၊ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ၊ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပြပွဲတို့ကိုလည်း တခမ်းတနား စီစဉ်ကျင်းပခဲ့သည်**



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2 သီချင်းဆိုပြိုင်ပွဲကို နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်များက ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ သောကြာနေ့တိုင်း ရက်သတ္တ ၁၈ ပတ်ကြာ ယှဉ်ပြိုင်ကြရာ ပြည်သူများ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။



၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပစဉ်။

»» အချပ်ပိုစာမျက်နှာ (ဂ) မှ

ကျွန်တော့်အနေဖြင့် နေပြည်တော်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ကျင်းပရန် နိုင်ငံတော်က ကြိုတင်ပြင်ဆင်နေသည့် သတင်းများကို နေ့စဉ်ကြားသိနေခဲ့ရသည်။ ယခုနှစ် လွတ်လပ်ရေးနေ့ အခမ်းအနားသည် ယခင့်ယခင်နှစ်များထက် ထူးထူးကဲကဲ ခမ်းနားကြီးကျယ်စည်ကားလိမ့်မည်ဟု ကြိုတင်ခန့်မှန်းနိုင်ခဲ့ပါသည်။ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားမကျင်းပမီ ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်သည့် တူယှဉ်တွဲပျော် ဂီတပွဲတော်၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ၊ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပြပွဲတို့ကိုလည်း တခမ်းတနား စီစဉ်ကျင်းပခဲ့သည်ကို သတင်းများတွင် တွေ့ခဲ့ရပါသည်။

**အဆောင်နှစ်ဆောင် တိုးချဲ့**

ဗဟိုမဏ္ဍပ်၏ ဘေးတစ်ဖက်တစ်ချက်တွင် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုဆင်နွှဲနိုင်ရန် မဏ္ဍပ်များ ခင်းကျင်းထားသည်။ ယခင်က အဆောင်သုံးဆောင်သာရှိခဲ့သော ဗိုလ်ရှုခံမဏ္ဍပ်မှာ ကျယ်ဝန်းခမ်းနားနေသည်ကို တွေ့ရ၍ မေးမြန်းကြည့်ရာ ယခုနှစ်တွင် ယခင်ရှိပြီး ဗိုလ်ရှုခံမဏ္ဍပ်ကို မွမ်းမံပြင်ဆင်ခဲ့ရုံသာမက အဆောင်နှစ်ဆောင် ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

ထိုနေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဦးညွန့်ထွန်းနှင့် ဇနီး၊ ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၏ မိသားစုဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ တပ်မတော်မှ အငြိမ်းစားဗိုလ်ချုပ်ကြီးနှင့် ဒုတိယဗိုလ်ချုပ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်နှင့်

အချပ်ပိုစာမျက်နှာ (င) သို့ »»



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။



**ဗဟိုမဏ္ဍပ်၏ ဘေးတစ်ဖက်တစ်ချက်တွင် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုဆင်နွှဲနိုင်ရန် မဏ္ဍပ်များ ခင်းကျင်းထားသည်။ ယခင်က အဆောင်သုံးဆောင်သာရှိခဲ့သော ဗိုလ်ရှုခံမဏ္ဍပ်မှာ ကျယ်ဝန်းခမ်းနားနေသည်ကိုတွေ့ရ၍ မေးမြန်းကြည့်ရာ ယခုနှစ်တွင် ယခင်ရှိပြီး ဗိုလ်ရှုခံမဏ္ဍပ်ကို မွမ်းမံပြင်ဆင်ခဲ့ရုံသာမက အဆောင်နှစ်ဆောင် ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်ဟု သိရ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ချီတက်အလေးပြုသည့် ဝန်ကြီးဌာနကိုယ်စားပြု တပ်ခွဲများကို ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်စဉ်။

»» အချပ်ပိုစာမျက်နှာ (ဃ) မှ

တပ်နယ်မှ အရာရှိကြီးများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သောအသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကိုပါ ဗဟိုမဏ္ဍပ်နှင့် ဝဲဘက်/ယာဘက်မှ ဧည့်မဏ္ဍပ်များ၌ တက်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို ချီတက်အလေးပြုကြသည့် စစ်ရေးပြမှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်ဦးဆောင်သော နိုင်ငံတော်အလံအဖွဲ့နှင့် စစ်ရေးပြတပ်ရင်းများက စုရပ်ကွင်းမှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်ကို တွေ့မြင်ရသည်။

မျက်နှာချင်းဆိုင် စင်မြင့်များ၏ အလယ်စင်မြင့်တွင် နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ရောင်စုံကတ်ပြားများ ကိုင်ဆောင်ကာ "(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ၄-၁-၂၀၂၃" စာသား၊ "75th Anniversary of Diamond Jubilee Independence Day (4-1-2023)" စာသား၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံပုံရိပ်၊ "စည်းလုံးခြင်းသည် အင်အား" စာသား၊ ထင်းစည်းချီးရပ်တုအား တိုင်းရင်းသားလူမျိုး ရှစ်မျိုးခြံရံထားသည့် ပုံရိပ်၊ "လွတ်လပ်ရေးကို ကာကွယ်ပါ"ဆိုသော စာသား၊ ချိုးဖြူငှက်က သံလွင်ခက်ကို ကိုက်ချီပျံသန်းနေပုံ၊ "ရှေ့သို့ ချီမည် ပန်းတိုင်ဆီ"စာသား၊ "Keep Moving Forward to Achieve Our Goal" စာသား၊ "ပြန်လည်ဆုံတွေ့ကြပါစို့"စာသားတို့ကို ပီပြင်လှပစွာ သရုပ်ဖော်တင်ဆက်နေကြပုံကို တွေ့မြင်ရသည်မှာ နှစ်ခြိုက်ကျေနပ်ဖွယ် ကောင်းနေပေသည်။

ကျွန်ုပ်တို့သည်... အစချီသည့် သစ္စာအဓိဋ္ဌာန်ပြည်သံများ ကွင်းလုံးပြည့်ကျယ်လောင် ဟိန်းထွက်လာသည်။ သစ္စာအဓိဋ္ဌာန် ပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စစ်ရေးပြတပ်ရင်း၊ ဂုဏ်ပြုယာဉ်များ၊ တပ်မတော်နှင့် ပြည်ထဲရေးမှ ယန္တရားတပ်ခွဲများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား မိန့်ခွန်းမြွက်ကြားရာတွင် **"တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမများသွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ကြသော အမိမြန်မာနိုင်ငံတော်သည် အနော်ရထာမင်းတရားကြီး လက်ထက်၊ ဘုရင့်နောင်မင်းတရားကြီး လက်ထက်၊ အလောင်းမင်းတရားကြီး လက်ထက်တို့တွင် ဘုရင့်နိုင်ငံတော်အဖြစ် စည်းလုံးညီညွတ်မှုရှိခဲ့ကြသည့်အတွက် နိုင်ငံတော်၏ ဂုဏ်ရှိန်ရောင်ဝါ ထွန်းတောက်ခဲ့ကြောင်း၊ နိုင်ငံ၏ စည်းလုံးညီညွတ်မှု အားနည်းနေချိန်၌ ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲခဲ့ပြီးနောက် ထီးကျိုးစည်ပေါက်ထီးနန်းပျောက်ပြီး တစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ရောက်ခဲ့ရကြောင်း၊ နယ်ချဲ့များက မြန်မာနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီးတွင် နည်းအမျိုးမျိုးဖြင့် ဖိနှိပ်သွေးစုပ် အမြတ်ထုတ်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံကို ကိုလိုနီသက်ဆိုးရှည်စေရန် နယ်ချဲ့များက တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးကွဲအောင်**

အချပ်ပိုစာမျက်နှာ (စ) သို့ »»









၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ဝန်ကြီးဌာနကိုယ်စားပြုတပ်ခွဲများ၏ ချီတက်အလေးပြုမှုများမှာ အားမာန်ပါပြီး တက်ကြွမှုအပြည့်ဖြင့် ညီညာလှသည်ကို တွေ့ရစဉ်။





တပ်မတော်(လေ) မှ ဂျက်တိုက်လေယာဉ်များ အုပ်စုဖွဲ့ ပျံသန်း၍ ချီတက်အလေးပြုကြစဉ်။

တပ်မတော်(လေ) မှ စမ်းသပ်ထုတ်လုပ်သည့် MTX – 1 A အပါအဝင် PC – 6 လေယာဉ် ၁၅ စင်းဖြင့် အင်္ဂလိပ်အက္ခရာ 75 ပုံစံ အုပ်ဖွဲ့ပျံသန်း၍ အလေးပြုစဉ်။

»» အချပ်ပိုစာမျက်နှာ (င) မှ

**စနစ်တကျ သွေးခွဲသပ်လျှိုမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှုနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း"** သမိုင်းကြောင်း နောက်ခံဖြင့် စတင်မြွက်ကြားခဲ့ပေသည်။

"တိုင်းရင်းသား ပြည်သူများ၏ အသက်၊ သွေး၊ ချွေးများကို စတေးပြီး ရယူခဲ့ရသော လွတ်လပ်ရေးသည် အလွန်အရင်းအနှီးကြီးမားလှကြောင်း၊ ထင်ရှားသော သာဓကပင်ဖြစ်ကြောင်း" လွတ်လပ်ရေးဆုံးရှုံးရမှု အကြောင်းရင်းခံနှင့် ညီညွတ်ချစ်ကြည်မှုတို့ဖြင့် လွတ်လပ်ရေးရပြီဟု သမိုင်းကြောင်းတို့ကို ရှင်းရှင်းပြတ်ပြတ်၊ ကွင်းကွင်းကွက်ကွက် ဖြစ်လာကြစေရန် ဗိုလ်ချုပ်မှူးကြီးက ရှင်းလင်းပြဆိုသွားခဲ့သည်။

ဆက်လက်၍ "တိုင်းပြည်ဖွံ့ဖြိုးရေးကို ပြည်တွင်းအားနှင့်သာ အဓိကထား တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ မြေပေါ်မြေအောက်၊ ရေသယံဇာတ ကြွယ်ဝပြီး လူသားအရင်းအမြစ်ရှိသော မိမိတို့နိုင်ငံသည် မဖွံ့ဖြိုးမတိုးတက်စရာ မရှိကြောင်း၊ မိမိတို့ညီညွတ်လျှင်၊ ကြိုးစားလျှင် မြန်မာနိုင်ငံသည် ဒေသ အလက်များစွာကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင်လည်း တွေ့ရသည့်အတွက် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် လွတ်လပ်ရေးကို အလေးထားတန်ဖိုးထားရန် လိုအပ်သည်ကို ပြည်သူများ သိစေချင်သည့် ဆန္ဒရှိကြောင်း ပေါ်လွင်ထင်ရှားပါသည်။

အညာဒေသလည်းဖြစ်၊ ရိုးမအလယ်တွင် တည်ထားသည့်မြို့လည်းဖြစ်သော နေပြည်တော်၏ ဆောင်းရာသီနံနက်ခင်းသည် ချမ်းအေးလှပေသည်။ လွတ်လပ်ရေးအခမ်းအနားမိန့်ခွန်းကို နားထောင်မိသောအခါ ယနေ့မျက်မှောက်ကာလ ကြည်း၊ ရေ၊ လေ အလံများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအလံများ၊ ဝန်ကြီးဌာနကိုယ်စားပြုအလံများ၊ ကာကွယ်ရေးအလံနှင့် ရောင်စုံအလံများ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုကြသည်။

အခမ်းအနား ကြေညာသူများ၏ ကြေညာချက်အရ တပ်မတော်သားအရာရှိ၊ စစ်သည်၊ အရာရှိ စစ်သမီးများသည် လေထီးခုန်လေ့ကျင့်မှု အကြိမ်ရေ (၇၅)ကြိမ်မှ (၁၁၂၅)ကြိမ်ထိ လေ့ကျင့်ထားကြပြီး လေ့ကျင့်သားပြည့်ဝသူများဖြစ်သည်ဟု ကြားသိရ၍ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားအတွက် ကျွန်တော့်အနေဖြင့် ပီတိများစွာဖြစ်မိပါသည်။

ထို့နောက် ဂုဏ်ပြုယာဉ်များဖြင့် ချီတက်အလေးပြုကြရာ ဦးဆောင်ဂုဏ်ပြုယာဉ်က စတင်ဝင်ရောက်လာသည်။ အဓိပ္ပာယ်ပြည့်ဝ၊ ခမ်းနားစွာ ပြင်ဆင်ထားသော ဂုဏ်ပြုယာဉ်နှင့်အတူ ရှေးမြန်မာ့အစဉ်အလာ ဝင်းခင်းချီတက်လာပုံကိုပါ တွေ့ရ၍ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ် ဖြစ်ရသည်။ ဆက်လက်၍ တပ်မတော် ကြည်း၊ ရေ၊ လေ ဂုဏ်ပြုယာဉ်များနှင့် ခေတ်အဆက်ဆက် စစ်ရေးပြတပ်ခွဲများ၊ မြန်မာ့သိုင်းသရုပ်ပြ စစ်သမီးနှင့် စစ်သည်များ၊ အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး၊ ရေတပ်အထူးတပ်ဖွဲ့)၊

**အချပ်ပိုစာမျက်နှာ (ဆ) သို့ »»**





**အလွတ်ခုန် လေထီးအဖွဲ့မှ လေထီးအရာရှိ စစ်သည်၊ စစ်သမီးနှင့် အခြားအဆင့် လေထီးစစ်သည်၊ စစ်သမီး စုစုပေါင်း ၇၅ ဦးတို့က ဝေဟင်အမြင့်ပေ ၇၅၀၀ မှ အလွတ်ခုန်၍ အလံများ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုကြစဉ်။**



လွတ်လပ်ရေးရခဲ့ပြီး နောက်ပိုင်းတွင်လည်း နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု အကျိုးဆက်က ယနေ့ထက်တိုင် တင်ကျန်နေဆဲဖြစ်ပြီး နိုင်ငံတော်တွင် ပြည်တွင်းလက်နက်ကိုင် အဖွဲ့အစည်းများစွာ ပေါ်ပေါက်လာခဲ့ကြောင်း၊ သို့သော် လွတ်လပ်ရေးကပေးလိုက်သည့် ကြီးမြတ်သည့် လက်ဆောင်သည်ကား မြန်မာနိုင်ငံသား အားလုံး၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် စည်းလုံးညီညွတ်မှုတို့ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအားလုံး အတူတကွ စည်းလုံးညီညွတ်ကြသောအခါ အောင်မြင်မှုကို မလွဲမသွေရရှိနိုင်သည်ဆိုသည်ကို လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာ အတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံအထိ မလွဲကေန် ရောက်ရှိမည်ဖြစ်ကြောင်း၊ (၇၅)နှစ်တာအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ (၇၅)နှစ်မှသည် နှစ်ရာထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီး ဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ မိမိတို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နှင့် ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါကြောင်း၊ "ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိရပါမယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

မိန့်ခွန်းပါအကြောင်းအရာ၊ အချက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အကြောင်းအရာ ပြည့်ဝစုံလင်ခြင်း၊ သမိုင်းအချက်အလက်ပါ သတင်းအချက်အလက်များ ပါရှိခြင်းတို့ကြောင့် ကျွန်တော်သည် ချမ်းအေးရမှန်းမသိတော့ချေ။ မိန့်ခွန်းပြောပြီးသည်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီးဌာနကိုယ်စားပြု တပ်ရင်းများ၊ ရဟတ်ယာဉ်များ၊ လေယာဉ်များက မြေပြင်နှင့် ဝေဟင်ထက်မှ ချီတက်အလေးပြုကြသည်။

ထို့ပြင် အလွတ်ခုန် လေထီးအဖွဲ့မှ လေထီးအရာရှိ စစ်သည်၊ စစ်သမီးနှင့် အခြားအဆင့် လေထီးစစ်သည်၊ စစ်သမီး စုစုပေါင်း ၇၅ ဦးတို့က ဝေဟင်အမြင့်ပေ ၇၅၀၀ မှ အလွတ်ခုန်၍ တပ်မတော်အလံ၊



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဘုရင်၊ အိမ်ရှေ့စံ၊ မိဖုရားများ၊ သားတော်သမီးတော်များ၊ ရံရွေတော်များ၊ ဝန်ကြီးများ၊ ပညာရှိအမတ်များ၊ စစ်သူကြီးများ၊ သူရဲသူကြွယ်များ၊ ဆွေတော်မျိုးတော်များ၊ ဆင်၊ မြင်း၊ ဗိုလ်ပါ မှူးမတ်များနှင့် ရဲမက်တော်များပါဝင်သည့် ရာဇဝင်းခင်း၍ ဤသို့ ချီတက်အလေးပြုကြစဉ်။

»» အချုပ်ပိုစာမျက်နှာ (၈) မှ

ပြည်ထဲရေး သိုင်းသရုပ်ပြအဖွဲ့များ ချီတက်လာကြသည်။ မြန်မာ့ရိုးရာ ကိုယ်ခံပညာရပ်များကို လှပစွာ ပြသသွားကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုဂုဏ်ပြုယာဉ် ၁၅ စီးက ဒေသအလိုက် သရုပ်ဖော်၊ သရုပ်ပြမှုများဖြင့် တန်ဆာဆင် ချီတက်လာကြသည်။ ထို့နောက် ဝန်ကြီးဌာန ကိုယ်စားပြုယာဉ် ၂၆ စီးက စီတန်းဝင်လာကြသည်။ ထိုယာဉ်များတွင် ဒေသအလိုက်၊ ဌာနအလိုက် ထင်ရှားသောနေရာ၊ အဆောက်အအုံ၊ ဓလေ့ထုံးတမ်း လုပ်ငန်းများကို သရုပ်ဖော်ဆင်ယင်ထားကြသည်။ ထိုယာဉ်တိုင်းလိုလိုပင် ယာဉ်၏အောက် မြေပြင်တွင် ချီတက်လာသော ယိမ်းအဖွဲ့၊ အကအပြအဖွဲ့၊ သရုပ်ပြအဖွဲ့များက ပါလာမြဲဖြစ်သည်။

ယင်းနောက် တပ်မတော် ယန္တရား တပ်ခွဲ ရှစ်ခွဲနှင့် ပြည်ထဲရေးတပ်ခွဲ တစ်ခွဲတို့က ချီတက်အလေးပြုကြသည်။ ဝေဟင်ယံတွင်လည်း တပ်မတော်(လေ) မှ လေယာဉ်အချို့က လေကြောင်း စွမ်းရည်ပြသရင်း ကောင်းကင်ယံမှ ပျံသန်းအလေးပြုကြသည်။ လေယာဉ် မျိုးစုံ စင်းရေ ၇၅ စင်းကို ဝေဟင် မော့ကြည့်ရင်း၊ မြေပြင်ငုံ့ကြည့်ရင်း၊ လွတ်လပ်ရေးနေ့အခမ်းအနား ဂုဏ်ပြုယာဉ်များ၊ ယန္တရားစစ်ကြောင်းတို့ကို ငေးကြည့်ရင်းဖြင့် မွန်းလွဲ ၁၂ နာရီခွဲခန့်မှ အခမ်းအနားပြီးသည်။ အခမ်းအနားက ခြောက်နာရီမျှကြာမြင့်သည်။ ပြသမှုအစီအစဉ်များက အံ့မခန်းရှိလှသည်။ ပြည်သူများသည်လည်း ရုပ်မြင်သံကြားမှ တိုက်ရိုက်လွှင့်ထုတ်ချက်များကို ကြည့်လိုက်ကြရလေသည်။ ယခုနှစ်ကတော့ “ကြီးကျယ်ခမ်းနားပါ့။ အံ့လောက်ပါပေ့” ဟူသောမှတ်ချက်စကားသံများကိုလည်း ကြားခဲ့ရသည်။

ဝန်ကြီးဌာနကိုယ်စားပြုတပ်ခွဲများ၊ စစ်ရေးပြစစ်ကြောင်းများ၊ ယန္တရားစစ်ကြောင်းများ၏ ချီတက်အလေးပြုမှုများမှာ အားမာန်ပါပြီး တက်ကြွမှုအပြည့်ဖြင့် ညီညာလှသည်ကို တွေ့ရ၍ အနီးရှိ တာဝန်ရှိသူ တစ်ဦးကို မေးကြည့်ရာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်မှ စတင်၍ အကြိမ်ကြိမ် စုဖွဲ့လေ့ကျင့်ခဲ့ပြီး ၃၁-၁၂-၂၀၂၂ ရက်နေ့အထိ လေ့ကျင့်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အကြီးအကဲ၏ ဂုဏ်ပြုညစာစားပွဲကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝင်းအတွင်း ကျင်းပရာ ကျွန်တော့်အထင် ၁၀ ယောက်ထိုင် စားပွဲဝိုင်းတစ်ရာကျော် ရှိလောက်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းသော ဂုဏ်ပြုညစာစားပွဲဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝင်းအတွင်းရှိ ကွက်လပ်ကျယ်တွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တေးသံရှင်များ၊ အနုပညာရှင်များ၊ နိုင်ငံကျော်တေးသံရှင်များ၊ အနုပညာရှင်များက အဆို၊ အကများဖြင့် ဧည့်ခံ၏။ မီးရှူးမီးပန်းများ၏ ကောင်းကင်မြင်ကွင်းအလှ၊ မီးလျှံလေးများကို ဒရုန်းအသုံးပြု၍ ဝေဟင်သို့ လွှတ်တင်ကာ စာတန်းများ ပေါ်လာလိုက်၊ ရုပ်ပုံများပေါ်လာလိုက်ဖြင့် တင်ဆက်မှုကိုလည်း စိတ်ဝင်တစားရှိကြသည်။ လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ချီတက်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တပ်မတော်နှင့် ဝန်ကြီးဌာန ဂုဏ်ပြုယာဉ်များကို အကဲဖြတ်စိစစ်ကာ ဆုချီးမြှင့်ခြင်းကိုလည်း ညစာတည်ခင်းစဉ်မှာပင် ကျင်းပခဲ့သည်။ အချုပ်ပိုစာမျက်နှာ (၉) သို့ »»



အကြမ်းဖက်နှိမ်နင်းရေးတပ်နှင့် လုံခြုံရေးတပ်ရင်းမှ စစ်သည်များ စွမ်းရည်ပြကွက်များကို ဤသို့ ပြသခဲ့စဉ်။

## စိန်ရတု မြန်မာ့လွတ်လပ်ရေးနေ့

(တျာချင်း)

☆ ကိုယ့်ထီးကိုယ့်နန်း၊ ကြငှန်းစိုက်ထူ၊
ထီးဖြူစိုးမိုး၊ တန်ခိုးတေဇာလူ။
ပြည်သားပြည်သူ၊ ဂုဏ်ယူကြွားဝင့်၊
အချုပ်အခြာ၊ ပြည့်အာဏာ၊
တို့မြန်မာတံခွန် လွှင့်သည်နှင့်လေး။

☆ ရွှေနှင့် ပတ္တမြား၊ စပါးကောက်နှံ။
သတ္တုကြွယ်ပေ့၊ ဓာတ်ငွေ့ပြည့်ဖြိုးလျှံ။
ကျွန်းသစ်ရေနံ၊ နိုင်ငံအနှံ့။
ယဉ်ကျေးမှုအမွေ၊ ပုဂံမြေ၊
မြန်မာတွေ ဂုဏ်ရောင်ပျံ့သည်နှင့်လေး။

☆ ခံ့ခံ့ညားညား၊ မားမားစွင့်ကာ
သယံဇာတ၊ ပေါကြွယ်ဝ ပြည်မြန်မာ။
သွားရည်ယိုကာ၊ ကျူးလာနယ်ချဲ့။
တို့အချုပ်အခြာ၊ တို့အာဏာ၊
ကောက်ကျစ်စွာ လုယက်ခဲ့သည်နှင့်လေး။

☆ နယ်ချဲ့တိုက်ထုတ်ရေး၊ အသက်သွေးရင်းကာ၊
ညီနောင်သားချင်း၊ ရိုင်းပင်းစည်းလုံးစွာ။
တိုက်ယူခဲ့တာ၊ တို့ မြန်မာလွတ်လပ်ရေး။
ပြည်သူ့အားမာန်၊ ကြွေ့ကြွေ့လျှံ၊
မြန်မာ့အောင်သံ၊ တို့ဟစ်ကြွေးသည်နှင့်လေး။

☆ လွတ်လပ်ရေးအောင်ပန်း၊ သက်တမ်းစိန်ရတုတိုင်။
(၇၅)နှစ်ပြည့်၊ ကျင်းပသည့်အောင်ပွဲလှိုင်။
ကောင်းခြင်းဖြိုင်ဖြိုင်၊ နိုင်ငံ့ဂုဏ်တက်၊
အေးချမ်းသာယာ၊ ခေတ်မီစွာ၊
ပြည်မြန်မာ ရွှေရောင်လက်သည်နှင့်လေး။

☆ ရောင်ဝါပြိုးပြက်၊ ထွန်းလက်လင်းဖြာ၊
ထေရဝါဒ – မြတ်ဗုဒ္ဓသာသနာ။
တရားဓမ္မကြားနာ၊ ကျင့်ကြံကာ နိဗ္ဗာန်ဆိုက်၊
ရှစ်ပါးမဂ္ဂင်၊ စိတ်ကြံအစဉ်၊
အမိဋ္ဌာန်ဝင် – လုံ့လစိုက်ကြသည်နှင့်လေး။

- ဗုဒ္ဓသာသနာ အထွတ်အမြတ်တွေး
  စိရံတိဋ္ဌတု။
- မုချ မြန်မာ့လွတ်လပ်ရေး
  ပကတိအမှန် စိန်ရတု။

တက္ကသိုလ်မြတ်သူ



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ယန္တရားတပ်ခွဲများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးစဉ်။





»» အချပ်ပိုစာမျက်နှာ (ဆ) မှ

ကျွန်တော့် အသက် ၉၂ နှစ်။ ကိုဗစ်ရောဂါဖြင့် ဆေးရုံတက်ရင်း နှလုံးသွေးကြောကျဉ်းသည်ကို ကုသနေရပြီး ဇရာထောင်းရုံမျှမက အနာရောဂါအမျိုးမျိုးဖိစီးခံရ၍ ယခင်ကလို သွက်လက်ကြံ့ခိုင်ခြင်းမရှိသည့်တိုင် နေပြည်တော်၌ ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ကျန်းမာပျော်ရွှင်စွာ လန်းလန်းရွှင်ရွှင် ဆင်နွှဲနိုင်ခဲ့ပါသည်။

ကျွန်တော်သည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတက်ရောက်ပြီး ပီတိဖြစ်ရသဖြင့် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်းအတွင်း စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များအား ၄-၁-၂၀၂၃ ရက်နေ့မှ ၈-၁-၂၀၂၃ ရက်နေ့အထိ ခင်းကျင်းပြသထားသည့် ပြပွဲသို့ သွားရောက်နိုင်ခြင်းမရှိခဲ့ပါ။ သို့သော် သတင်းများအရ ထိုပြခန်းများသို့ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ပြည်သူများ စိတ်ဝင်တစားဖြင့် နေ့စဉ်ပျားပန်းခပ်မျှ လာရောက်ကြည့်ရှုလေ့လာကြသည်ကို သိရသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ယခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့၏ ခမ်းနားကြီးကျယ်မှုကို ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်မိပါသည်။

ပထမအကြိမ် ၄-၁-၁၉၄၈ ရက်နေ့ လွတ်လပ်ရေးပွဲမှသည် ယခု ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိ အခမ်းအနား စုစုပေါင်း (၇၅)ခု၊ (၇၅)ကြိမ် ဆင်နွှဲခဲ့ရသည်ကို မှတ်မှတ်ရရရှိနေပါသည်။ ၁၉၄၈ ခုနှစ်က ဝမ်းသာဂုဏ်ယူစွာ ဆင်နွှဲခဲ့သည့်နည်းတူ (၇၅)နှစ်မြောက် စိန်ရတုပွဲတော်ကိုလည်း ဝမ်းမြောက်ဂုဏ်ယူစွာ ဆင်နွှဲရကြောင်းပါခင်ဗျာ။ ။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ဂုဏ်ပြုယာဉ်များကို တွေ့ရစဉ်။



